# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၂) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ပျော်ဘွယ်မြို့နယ်၊ အမှတ်(၈) အထည်စက်ရုံရှိ ဝန်ထမ်းများအတွက် ဆရာဝန်တစ်ဦးခန့်ထား ပေးရန်နှင့် လစဉ်လိုအပ်သော ဆေးဝါးများထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ပန်းတောင်းမြို့နယ်၊ ရွှေသာသယာအုပ်စုရှိ ဖိုးဦးတောင်စေတီတော်၏ သာသနာမြေသည် ကျဉ်းမြောင်း နေပါသဖြင့် မူလဧရိယာ သတ်မှတ်ချက်အတိုင်းဖြစ်အောင် ပြန်လည်စိစစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၇ | ပြည်ပရောက်အလုပ်သမားများမှ ပြည်ပတွင်မွေးဖွားခဲ့သော ကလေးသူငယ်များကို အိမ်ထောင်စု လူဦးရေစာရင်းပုံစံ(၆၆/၆)ထဲသို့ ဖြည့်သွင်းနိုင်ရန် မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၈ | ဝိုင်းမော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်အတွင်းရှိ သင်္ချိုင်းဟောင်းမြေနေရာကို နိုင်ငံတော်အစိုးရပိုင် မြေအဖြစ် ပြန်လည်သိမ်းယူရန် အစီအစဉ်ရှိ/မရှိနှင့် | ၂၅ |

| | | |
|---|---|---|
| | စပ်လျဉ်းသည့်မေးခွန်း | |
| ၉ | ရပ်ကွက်/ကျေးရွာအုပ်စုနေ ပြည်သူလူထုများက အုပ်ချုပ်ရေးမှူးကို တိုက်ရိုက်ရွေးချယ်နိုင်ရေး အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၃ |
| ၁၀ | နန်းယွန်းမြို့နယ်အတွင်းရှိ လက်ရှိပြည်ထဲရေးအမည်ပေါက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ အပါအဝင် ကျေးရွာ ၁၆ ရွာရှိ ဒေသခံပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ဒေသအသုံးအနှုန်းအတိုင်း ကျေးရွာအမည်မှန် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄၀ |
| ၁၁ | စစ်တွေမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် လိုအပ်နေသောမျက်စိအထူးကု၊ နှလုံးအထူးကု၊ ကင်ဆာအထူးကုဆရာဝန်များနှင့် ကုသရေးဆိုင်ရာကိရိယာများကို အမြန်ဆုံး ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄၄ |
| ၁၂ | ခန္တီးမြို့နယ်၊ တိုက်တီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာ များကို ဆက်လက်ဆောက်လုပ်ခြင်းမရှိသည့် ကုမ္ပဏီနှင့် လုပ်ငန်းတည်ဆောက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီးခြင်းမရှိဘဲ ထောက်ခံပေးသည့် မြို့နယ်အဖွဲ့အစည်းအသီးသီးကို မည်သို့အရေးယူဆောင်ရွက် မည်နှင့် ယင်းအဆောက်အဦများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီး အောင်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၅၀ |

၁၃ ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မော်ဇာကျေးလက်ကျန်းမာရေးဌာနအား မော်ဇာနှင့် အင်ကြင်းမြောင်ကျေးလက် ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၅၇

၁၄ လူ၊ တိရစ္ဆာန်တို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ပူးပေါင်းဆက်နွယ် နေသည့် တစ်ခုတည်းသောကျန်းမာရေး(One Health)ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာ (National Strategic Plan) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၆၁

၁၅ ခေါင်လန်ဖူးမြို့နယ်အတွင်း အရေးကြီးပြီး မရှိမဖြစ်လိုအပ်သည့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန်မေးခွန်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ ကျေးရွာအမည်များ လွဲမှားစွာဖြေကြားလာမှုကို သိလိုခြင်းနှင့် ထလားလော်ကျေးရွာ၊ ဇီးထန်ကျေးရွာ၊ ရှီးထန်ကျေးရွာ၊ ရှီးလန်ဒမ်းကျေးရွာနှင့် အဘွန်ထန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၆၉

၁၆ ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ဖြစ်သည့် COVID–19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့် စီးပွားရေးဂယက် ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း Micro Finance လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည် ပေးသွင်းနေရသော ချေးငွေများအား ကိုဗစ်ကိုရင်ဆိုင်တွန်းလှန်နေသည့်ကာလ(Response Period) ၇၆

တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည် ထူထောင်ရေး ကာလ(Recovery Period)အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး ပေါင်းစပ် ညှိနှိုင်းပေးနိုင်ရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

၁၇ ဒေါက်တာမောင်းသင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၉၄

၁၈ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခြင်း ၁၀၈

၁၉ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာခြင်း ၁၁၀

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(၁၂) ရက်မြောက်နေ့ အစီအစဉ်**

**(၂၇-၈-၂၀၂၀) (ကြာသပတေးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ်၊ အမှတ် (၈) အထည်စက်ရုံရှိ ဝန်ထမ်းများအတွက် ဆရာဝန် (၁) ဦးခန့်ထားပေးရန်နှင့် လစဉ်လိုအပ်သော ဆေးဝါးများထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စုရှိ ဖိုးဦးတောင်စေတီတော်၏ သာသနာမြေသည်**

**ကျဉ်းမြောင်းနေပါသဖြင့် မူလဇေရိယာသတ်မှတ်ချက်အတိုင်းဖြစ်အောင် ပြန်လည်စိစစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **ပြည်ပရောက်အလုပ်သမားများမှ ပြည်ပတွင်မွေးဖွားခဲ့သော ကလေးသူငယ်များကို အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) ထဲသို့ ဖြည့်သွင်းနိုင်ရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက် အတွင်းရှိ သချိုင်းဟောင်းမြေနေရာကို နိုင်ငံတော်အစိုးရပိုင် မြေအဖြစ် ပြန်လည်သိမ်းယူရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၏ **ရပ်ကွက်/ ကျေးရွာအုပ်စုနေ ပြည်သူ လူထုများက အုပ်ချုပ်ရေးမှူးကို တိုက်ရိုက်ရွေးချယ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်အတွင်းရှိ လက်ရှိ ပြည်ထဲရေးအမည်ပေါက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအပါအဝင် ကျေးရွာ (၁၆) ရွာရှိ ဒေသခံပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ဒေသ အသုံးအနှုန်းအတိုင်း ကျေးရွာအမည်မှန် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **စစ်တွေမြို့၊ အထွေထွေ ရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀) တွင် လိုအပ်နေသော မျက်စိအထူးကု၊ နှလုံးအထူးကု၊ ကင်ဆာအထူးကုဆရာဝန်များနှင့် ကုသရေးဆိုင်ရာ**

**ကိရိယာများကို အမြန်ဆုံး ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးအောင်သန်းစိန်၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးမြို့နယ်၊ တိုက်တီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများကို ဆက်လက်ဆောက်လုပ်ခြင်းမရှိသည့် ကုမ္ပဏီနှင့် လုပ်ငန်းတည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီးခြင်းမရှိဘဲ ထောက်ခံပေးသည့် မြို့နယ်အဖွဲ့အစည်း အသီးသီးကို မည်သို့အရေးယူ ဆောင်ရွက်မည်နှင့် ယင်းအဆောက်အဦ များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **ပြည်မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ မှော်ဇာ ကျေးလက်ကျန်းမာရေး ဌာနအား မှော်ဇာနှင့် အင်ကြင်းမြောင် ကျေးလက်ကျန်းမာရေးဌာန အဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **လူ၊ တိရစ္ဆာန်တို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ပူးပေါင်း ဆက်နွှယ်နေသည့် တစ်ခုတည်းသောကျန်းမာရေး “One Health” ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်မဟာဗျူဟာ (National Strategic Plan) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဋ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်အတွင်း အရေးကြီးပြီး မရှိမဖြစ်လိုအပ်သည့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန်မေးခွန်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ ကျေးရွာအမည်များ**

**လွှဲမှားစွာဖြေကြားလာမှုကို သိလိုခြင်းနှင့် ထလားလော်ကျေးရွာ၊ ဇီးထန်ကျေးရွာ၊ ရှီးထန်ကျေးရွာ၊ ရှီးလန်ဒမ်းကျေးရွာနှင့် အဘွန်ထန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က တင်သွင်းသည့် **“ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် COVID - 19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း Micro Finance လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည်ပေးသွင်းနေရသော ချေးငွေများအား ကိုဗစ်ကို ရင်ဆိုင်တွန်းလှန်နေသည့်ကာလ (Response Period) တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည် ထူထောင်ရေးကာလ (Recovery Period)အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ % အထိ လျှော့ချပေးနိုင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန်”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဂ) ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ဃ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၊

(င) ဒုတိယဗိုလ်မှူးကြီးရဲထွန်းနိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(စ) ဗိုလ်မှူးသိန်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

၇။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(၁၂)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၄၀၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၄.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၂၇ ရက်နေ့

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၆ ဦး ရှိကာ ယနေ့ခွင့်ပန်ကြားသူ ခြောက်ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် တစ်ရက်၊

(၂) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် တစ်ရက်၊

(၃) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် တစ်ရက်၊

(၄) အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ခွင့် တစ်ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးညီညီလွင် ခွင့်တစ်ရက်နှင့်

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ပြည့်ဖြိုး ခွင့်တစ်ရက်တို့ဖြစ်ကြပါ တယ်။ ယခင်ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူခြောက်ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ခွင့်ပြုထားသူခြောက်ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပျော်ဘွယ်မြို့နယ်၊ အမှတ်(၈) အထည်စက်ရုံရှိ ဝန်ထမ်းများအတွက် ဆရာဝန်တစ်ဦးခန့်ထား ပေးရန်နှင့် လစဉ်လိုအပ်သော ဆေးဝါးများထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးနှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးပါ။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်မှာရှိတဲ့ အမှတ်(၈)အထည်ချုပ်စက်ရုံဝန်ထမ်းတွေအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်အတွင်းမှာ အမှတ်(၈)အထည်ချုပ် စက်ရုံနဲ့ ရမည်းသင်းမြို့နယ်မှ ၎င်းရဲ့စက်ရုံခွဲတစ်ခုတည်ရှိပါတယ်။ စက်ရုံများနဲ့ဆက်စပ်ပြီးတော့ ဝါစိုက်ကွင်းနဲ့ဝါကြိတ်စက်ရုံများလည်းရှိပါတယ်။ စက်ရုံများမှာ ၂၀၁၅ ခုနှစ်ကုန်ထိ ဝန်ထမ်း စုစုပေါင်း ၉၆၇ ဦးရှိပါတယ်။ ဒါကတော့ ဖွဲ့စည်းပုံအရ ပျော်ဘွယ်ရဲ့ အင်အားဖြစ်ပါတယ်။ ယခင်က ဝန်ထမ်းနေ့စားအလုပ်သမားတွေအပါအဝင် ဝန်ထမ်းအင်အားခြောက်ရာကျော်ရှိပြီးတော့ ပျော်ဘွယ် စက်ရုံမှာတော့ လက်ရှိဝန်ထမ်း ၃၄၀ ဦးရှိပါတယ်။ စက်ရုံဝန်ထမ်းတွေအနေနဲ့ မိမိတို့လစာရဲ့ နှစ် ရာခိုင်နှုန်းနဲ့ စက်ရုံကနေ သုံးရာခိုင်နှုန်းစုဆောင်းပြီးတော့ လူမှုဖူလုံရေးအတွက် ရန်ပုံငွေထည့်ဝင် လျက်ရှိပါတယ်။ ပျော်ဘွယ်စက်ရုံအနေနဲ့ လစဉ်ပျမ်းမျှငွေကျပ် ၂.၈၅၃ သန်း ထည့်ဝင်လျက် ရှိကြောင်း သိရပါတယ်။ စက်ရုံဝန်ထမ်းများအတွက် ဖွင့်လှစ်ထားတဲ့ လူမှုဖူလုံရေးဆေးခန်းနှင့်ရုံးဟာ စက်ရုံနဲ့ ၂၈ မိုင်ခန့်ဝေးတဲ့ မိတ္ထီလာမြို့နယ်မှာတည်ရှိပြီးတော့ ဝန်ထမ်းတွေ နာဖျားမကျန်းမာ ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းစတဲ့ အခြေအနေဖြစ်ပေါ်တဲ့အခါမှာ ကျန်းမာရေးစောင့်ရှောက်မှု

ပြလျှင် လူမှုဖူလုံရေးဆေးခန်းရှိတဲ့ မိတ္ထီလာမြို့ကိုသာ သွားရောက်ဆောင်ရွက်ရကြောင်း သိရပါ တယ်။ ဒါအပြင် ဆေးခွင့်ကိစ္စ၊ လူမှုဖူလုံရေးရုံးကိစ္စ ဒါတွေကိုလည်း မိတ္ထီလာမြို့ကိုသာ သွားရောက်ဆောင်ရွက်ရကြောင်း သိပါတယ်။ အရေးပေါ်အခြေအနေနဲ့ ရောဂါဝေဒနာတွေပြင်းထန်လာရင်တော့ မိတ္ထီလာလူမှုဖူလုံရေး ဆေးခန်းမှတစ်ဆင့် မန္တလေးအလုပ်သမားဆေးရုံကြီးကို သွားရောက်ကုသရတယ်လို့ သိရပါတယ်။ ဒီလိုစက်ရုံနဲ့အလှမ်းဝေးတဲ့ လူမှုဖူလုံရေးဆေးခန်းကို သွားရောက်တဲ့အခါမှာ တစ်ကြိမ်တစ်ခါနဲ့ ပြီးဆုံးတာတွေရှိသလို တစ်ကြိမ်တစ်ခါနဲ့မပြီးဆုံးဘဲ ဆေးခန်းမှာဆရာဝန်မရှိလို့၊ ရောဂါသက်သာမှုမရှိလို့ ဒီအခြေအနေတွေအပေါ်မူတည်ပြီးတော့ အလုပ်သမားများဟာ အကြိမ်ကြိမ်အခါခါသွားရတာ တွေ့ရှိရပါတယ်။ ဒီလိုအခြေအနေကြုံတွေ့လာတဲ့အခါမှာ ဝန်ထမ်းအလုပ်သမားတွေအနေနဲ့ ငွေကြေးကုန်ကျမှုတွေ၊ အချိန်ကုန်လူပင်ပန်းဖြစ်မှုတွေ၊ အခက်အခဲတွေများစွာရင်ဆိုင်တွေ့ကြုံရကြောင်း သိရပါတယ်။

ပျော်ဘွယ်အမှတ်(၈)အထည်ချုပ်စက်ရုံရဲ့ ဖွဲ့စည်းပုံဟာ တင်ပြပါအတိုင်း ဌာနငါးခုရှိပါတယ်။ အုပ်ချုပ်ရေးဌာနအောက်မှာရှိတဲ့ ကျန်းမာရေးဌာနခွဲမှာတော့ ဝန်ထမ်းတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးဖို့အတွက် ဆရာဝန်တစ်ဦး၊ သူနာပြုအဆင့်(၂)တစ်ဦးနဲ့ အဆင့်(၃)တစ်ဦးတို့ ဖွဲ့စည်းပါရှိပါတယ်။ ယခင်ကာလက ဒီဖွဲ့စည်းပုံအရ စက်ရုံမှာ လက်ထောက်ဆရာဝန်တစ်ဦးနဲ့ သူနာပြုနှစ်ဦးခန့်ထားပြီးတော့ စက်ရုံမှာရှိတဲ့ ဝန်ထမ်းများ၊ အလုပ်သမားများရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိပါတယ်။ သို့ပါသော်လည်းပဲ အဲဒီလက်ထောက်ဆရာဝန်နဲ့က ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့လောက်မှာ ပြောင်းရွှေ့သွားပြီးတော့ လက်ရှိစက်ရုံမှာ သူနာပြုအဆင့်–၃ တစ်ဦးသာ ကျန်ရှိကြောင်းသိရပါတယ်။ ဒီစက်ရုံ၊ ဆေးခန်းမှာရှိတဲ့ သူနာပြုအဆင့်–၃ ဆရာမတစ်ဦး အနေနဲ့ သာမန်ထိခိုက်မှုနဲ့ဖျားနာရောဂါတွေကို နေ့စဉ်ကြည့်ရှုကုသပေးလျက်ရှိပါတယ်။ သို့ပါသော်လည်းပဲ ဝန်ထမ်းများအတွက် လိုအပ်တဲ့ဆေးဝါးကိုတော့ နိုင်ငံတော်က ချီးမြှင့်

ထောက်ပံ့ခြင်းမရှိပါဘူး။ ဒီအတွက် စက်ရုံကရန်ပုံငွေနဲ့ စက်ရုံမှာရှိတဲ့ စေတနာရှင်ဝန်ထမ်းတွေက လှူဒါန်းတဲ့ငွေနဲ့သာ လိုအပ်တဲ့ဆေးဝါးတွေကို ဝယ်ယူပြီးတော့ အသုံးပြုကုသလျက်ရှိကြောင်းသိရ ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းတင်ပြ လိုတာကတော့ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ် အမှတ်(၈)အထည်ချုပ်စက်ရုံမှာ အလုပ်သမား ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးဝါးကုသမှုကို ထိရောက်စွာရရှိခံစားနိုင်စေရန်အတွက် စက်ရုံရဲ့ကျန်းမာရေးဌာနခွဲမှာ လစ်လပ်လျက်ရှိနေတဲ့ ဆရာဝန်တစ်ဦးကို ခန့်ထားပေးဖို့နဲ့ လစဉ် ဒီဆေးခန်းအတွက် လိုအပ်တဲ့ဆေးဝါးများကိုလည်း နိုင်ငံတော်က ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမင်းရဲပိုင်ဟိန်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး၏ ပျော်ဘွယ်မြို့နယ်ရှိ အမှတ်(၈) အထည်စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ အတွက် ကျန်းမာရေးအနီးကပ်စောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုဆောင်ရွက်နိုင်ရန်အတွက် ဆရာဝန် တစ်ဦးခန့်ထားပေးနိုင်ရန်နှင့် လစဉ်လိုအပ်သည့်ဆေးဝါးများထောက်ပံ့ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဦးစွာအနေဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ စက်ရုံများမှာ ဖွဲ့စည်းပုံအရ ဆရာဝန်ခန့်ထားမှုအခြေအနေကို တင်ပြလိုပါတယ်။ ရှေးယခင်ကတည်းကပင် စက်ရုံဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် စက်ရုံ၏ဖွဲ့စည်းပုံတွင် ကျန်းမာရေးဌာနခွဲတစ်ခုကို ဖွဲ့စည်းထားရှိပါတယ်။ ယင်းသို့ ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် ဌာနကြီးဆေးခန်းအဖြစ် သတ်မှတ်ပြီးမှသာ ဆေးဝါးထောက်ပံ့မှုကိုရရှိခြင်းဖြစ်ပါတယ်။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းရှိ စက်ရုံ(၁၆)ရုံမှာ ဖွဲ့စည်းပုံအရ လက်ထောက်ဆရာဝန်ခွင့်ပြုချက်အင်အားမှာ ၁၉ နေရာဖြစ်သော်လည်း ခန့်အပ်ထားရှိမှုအခြေအနေဖြင့် သုံးဦးသာရှိကြောင်း တွေ့ရှိရပါတယ်။ ၁၆ နေရာ လစ်လပ်မှုဖြစ်ပေါ်လျက်ရှိပါတယ်ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)မှာဆိုရင်တော့ ဖွဲ့စည်းပုံအရ လက်ထောက်ဆရာဝန်တစ်နေရာ၊ သူနာပြု-၂ တစ်နေရာနဲ့ သူနာပြု-၃ တစ်နေရာဖြင့် ခွင့်ပြုထားသော်လည်း လက်ရှိခန့်ထားမှုအရ သူနာပြု-၃ တစ်ဦးတည်းသာ ဆောင်ရွက်နေရပါတယ်ခင်ဗျား။

ဤဝန်ကြီးဌာနမှာရှိတဲ့ စက်ရုံများမှာလိုအပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်များအား ဆောလျင်စွာ ဖြည့်တင်းခန့်ထားပေးရေးကိစ္စကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ၂၀၁၇ ခုနှစ်ကတည်းကစပြီးညှိနှိုင်းခဲ့ပါတယ်ခင်ဗျား။ ၂၄-၃-၂၀၂၀ ရက်နေ့မှာလည်း အမှတ်(၈)အထည်စက်ရုံအတွက် လိုအပ်တဲ့လက်ထောက်ဆရာဝန်တစ်ဦး ဖြည့်ဆည်းပေးနိုင်ရေးအတွက် ထပ်မံညှိနှိုင်းခဲ့ပါတယ်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီး၊ ဆေးရုံ၊ တိုက်နယ်ဆေးရုံများ၏ဖွဲ့စည်းပုံ ဆရာဝန်လိုအပ်ချက်ကိုပင် ပြည့်မီအောင် ခန့်ထားနိုင်ခြင်းမရှိသေးပါကြောင်း၊ ဆရာဝန်တစ်ဦးမျှခန့်ထားနိုင်ခြင်းမရှိသည့်

တိုက်နယ်ဆေးရုံပေါင်း ၂၁၂ ရုံရှိနေပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် နည်းပါးနေသောကြောင့် အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)အတွက် လိုအပ်နေသည့်လက်ထောက်ဆရာဝန်တစ်ဦးကို လတ်တလောတွင် ခန့်ထားပေးနိုင်ခြင်းမရှိပါကြောင်း ပေါင်းစပ်ဖြေကြားလာပါတယ်။ အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)အနေဖြင့် လူမှုဖူလုံရေးအဖွဲ့မှ ထောက်ပံ့သည့်ဆေးဝါးများ ရရှိနိုင်ရန် အတွက် လူမှုဖူလုံရေး၏ထောက်ခံချက်ဖြင့် ဌာနကြီးဆေးခန်းအဖြစ် သတ်မှတ်ဖွင့်လှစ်၍ စာချုပ်ချုပ်ဆိုပြီးမှသာ ရရှိနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ ဌာနကြီးဆေးခန်းအဖြစ် သတ်မှတ်နိုင်ရန် အတွက် လူမှုဖူလုံရေး၏ ညွှန်ကြားချက်အမှတ်(၅/၂၀၁၈)အရ ယင်းဆေးခန်းတွင် ကျန်းမာရေး ဝန်ထမ်း ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦးခန့်ထားရန်ဖြစ်ပြီး ဖြစ်ရန်လိုအပ်ခြင်း၊ ဆေးစံ သတ်မှတ်ချက်ပြည့်မီရန်လိုအပ်ခြင်း၊ သတ်မှတ်ထားသည့် ဝန်ထမ်းအင်အားရှိရမည်ဖြစ်ခြင်း၊ နှစ်စဉ် ထည့်ဝင်ကြေးအနည်းဆုံးတစ်နှစ် ထည့်ဝင်ပြီးရန်လိုအပ်ခြင်းစသည့် အချက်အလက်များ ကိုက်ညီရန်လိုအပ်ပါတယ်ခင်ဗျား။ လက်ထောက်ဆရာဝန်နှင့် သူနာပြုလိုအပ်ချက်များအပါအဝင် အထက်ပါအချက်အလက်များပြည့်စုံမှသာ အဆိုပါစက်ရုံရှိဆေးခန်းကို ဌာနကြီးဆေးခန်းအဖြစ် သတ်မှတ်ခွင့်ရရှိရေးကို လူမှုဖူလုံရေးနှင့် ညှိနှိုင်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာတော့ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)မှာရှိတဲ့ စက်ရုံဝန်ထမ်း များ၏ ကျန်းမာရေးအတွက် သူနာပြု-၃ တစ်ဦးဖြင့်သာ စောင့်ရှောက်မှုပေးလျက်ရှိပြီး၊ သာမန် ဖျားနာမှုထက်ပိုသောကုသမှုများအတွက် အနီးဆုံးပြည်နယ်ပြည်သူ့ဆေးရုံ သို့မဟုတ် လူမှုဖူလုံရေး အဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများသို့ ညွှန်းပို့၍ ကျန်းမာရေးစောင့်ရှောက်မှု ရယူနိုင်ပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ ထိုသို့စောင့်ရှောက်မှုရယူရာမှာ စက်ရုံဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဆေးရုံမှ ဆရာဝန်ထောက်ခံချက်ဖြင့် လိုအပ်သောဆေးဝါးများကို ဝယ်ယူနိုင်ပြီး ကုန်ကျစရိတ်ကို အနီးဆုံးမြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးများမှာ ပြန်လည်တင်ပြတောင်းခံနိုင်ပါတယ်

ခင်ဗျား။ ယခုအခါ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအသွင်ကူးပြောင်းရေးဗဟိုအဖွဲ့အနေဖြင့် အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာစိစစ်မှု၊ လုပ်ငန်းဆိုင်ရာစိစစ်မှုများ ဆောင်ရွက်ပြီးစီး၍ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အမြန်ဆုံးပြန်လည်လည်ပတ်ရန် လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါတယ်။ စက်ရုံကို အသွင်ကူးပြောင်းဆောင်ရွက်ရာတွင်လည်း စက်ရုံဝန်ထမ်းများအတွက် လူမှုရေး၊ ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များကို ဦးစားပေးထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)မှာရှိတဲ့ စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လက်ရှိအခြေအနေတွေမှာ သူနာပြု-၃ တစ်ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောတွင် ဆရာဝန်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် စက်ရုံဆေးခန်းတွင် လစဉ်လိုအပ်လျက်ရှိတဲ့ဆေးဝါးများ ထောက်ပံ့ပေးနိုင်ရေးအတွက် ဘတ်ဂျက်လျာထားနိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးတဲ့မေးခွန်းရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အတွက် တကယ်အလုပ်အကျွေးပြုနေကြတဲ့ ကျွန်တော့်ပျော်ဘွယ်မဲဆန္ဒနယ်က အမှတ်(၈)အထည်ချုပ်စက်ရုံက လုပ်သားတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ဖို့ တင်ပြတောင်းခံခြင်း၊ မေးမြန်းခြင်းပဲဖြစ်ပါတယ်။ ဒုတိယဝန်ကြီးခုနကအမိန့်ရှိ သလို ဒီစက်ရုံရဲ့လစ်လပ်သွားတဲ့ ဆရာဝန်၊ ဆရာမတွေကိစ္စဟာ ၂၀၁၅-၂၀၁၆ ခုနှစ်ကတည်းက စက်ရုံက အကြိမ်ကြိမ် အဆင့်ဆင့်တင်ပြတောင်းခံခဲ့တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီပြန်ကြားချက်တစ်ခုမှာဆိုရင်

ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပြန်ကြားချက်ကို ရည်ညွှန်းပြီးတော့ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ဆရာဝန်ပေါင်း တစ်ထောင်ခန့် ခန့်ထားရန်လျာထားပါကြောင်းဆိုပြီးတော့ ဒီဆရာဝန်တွေထဲက စက်ရုံတည်ရှိရာဒေသမှာရှိရင် ဒါတွေကိုနေရာချထားပေးမယ်လို့လည်း ဖြေကြားခဲ့တာရှိပါတယ်။ နိုင်ငံတော်ရဲ့ လူစွမ်းအား အရင်းအမြစ်အခြေအနေတွေကို ဝန်ကြီးလည်းမကြာခဏ စက်ရုံရှိ ကျန်းမာရေးဌာနရဲ့ ဆရာဝန်၊ ဆရာမတွေအခြေအနေတွေ အမြဲတမ်းတင်ပြနေတာတွေ့ရပါတယ်။ အဲဒီတော့ ကျန်းမာရေး စောင့်ရှောက်မှု၊ ကျန်းမာရေးကိုဦးစားပေးဆောင်ရွက်ဖို့ အစိုးရတစ်ရပ်ဟာ အမြဲတမ်း စဉ်းစားလေ့ ရှိပါတယ်။ အဲဒီတော့ ဒီစက်ရုံမှာရှိနေတဲ့ ဝန်ထမ်းများအနေနဲ့ ဘယ်လိုပဲဖြစ်နေနေ နည်းမျိုးစုံနဲ့တော့ ကုသမှုခံယူနိုင်အောင်ကြိုးစားကြပါတယ်။ မြို့နယ်မှာရှိတဲ့ဆရာဝန်၊ ဆရာမတွေနဲ့၊ အရပ်ဆေးခန်း တွေနဲ့ အလျဉ်းသင့်သလိုတင်ပြပြီးတော့ လိုအပ်တဲ့ထောက်ခံချက်တွေကို တောင်းတဲ့အခါမှာလည်း သူ့ရဲ့လုပ်ထုံးလုပ်နည်း၊ အလုပ်သမား၊ လူမှုဖူလုံရေးရဲ့ဥပဒေတွေအရ သိပ်အဆင်မပြေတဲ့ အနေအထားမျိုးရှိပါတယ်။ ဒါကြောင့်မို့လို့ မှန်မှန်ကန်ကန်နဲ့ လူမှုဖူလုံရေးစောင့်ရှောက်မှုကို ခံယူခြင်းသာလျှင် အကောင်းဆုံးဖြစ်ပါမယ်။ ဒါကြောင့် စီးပွားရေးကိစ္စကလည်းပဲ အလားတူပါပဲ။ ဖွဲ့စည်းပုံမှာက ကျန်းမာရေးဌာနခွဲရှိနေပြီးတော့ သက်ဆိုင်ရာရဲ့ ဒီပြန်ကြားချက်အရ ဌာနကြီး ဆေးခန်းအဖြစ်ဖွဲ့စည်းမှုပေးမယ်ဆိုတာ ဒါဟာ ဝန်ကြီးဌာနတွေအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု အားနည်းတယ်လို့ပဲ ကျွန်တော်ရှုမြင်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ Cabinet လိုအစည်းအဝေးမှာ ဒါမျိုးကိစ္စတွေဟာ ညှိနှိုင်းဆောင်ရွက်ဖို့လိုတယ်လို့ ကျွန်တော်ထောက်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းအနေနဲ့မေးလိုတာကတော့ အဓိက ဒီစက်ရုံမှာရှိတဲ့ဝန်ထမ်းတွေရဲ့ ကျန်းမာရေးကိုစောင့်ရှောက်ဖို့ဖြစ်တဲ့အတွက် လောလောဆယ်ဆရာဝန်၊ ဆေးမရရှိသေးဘူးဆိုရင် လည်းပဲ ဒီစက်ရုံကနေပြီးတော့ ၂၈ မိုင်လောက်ဝေးတဲ့ မိတ္ထီလာလူမှုဖူလုံရေးဆေးခန်းနဲ့ မန္တလေးကိုသွားပြီး ဆေးကုသနိုင်ဖို့ ဒီစက်ရုံမှာ Ambulance လိုဆေးရုံကားတစ်စီးလောက်

တွဲဖက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဒါလေးကို ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာမင်းရဲပိုင်ဟိန်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးအခုလိုမျိုးမေးမြန်း၊ ဆွေးနွေးတဲ့အတွက်ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့အခုလက်ရှိနားလည်တာကတော့ ဒီပျော်ဘွယ်ဆေးရုံကိုလည်း သွားရောက်ပြသနိုင်ပြီးတော့ ပျော်ဘွယ်ဆေးရုံမှာ ဆရာဝန်ထောက်ခံချက်နဲ့ လိုအပ်တဲ့ဆေးဝါးတွေကို ပြင်ပမှာဝယ်ယူနိုင်တယ်။ ကုန်ကျစရိတ်ကိုတော့ အနီးဆုံး မိတ္ထီလာလူမှုဖူလုံရေးအဖွဲ့မှာ ပြန်လည်တင်ပြပြီးတော့ တောင်းခံနိုင်တယ်ဆိုတဲ့သဘောလေးတော့ ကျွန်တော်တွေ့ရှိရပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ဒီ Ambulance ဝယ်ယူရေးကိစ္စကိုတော့ ကျွန်တော် ဝန်ကြီးဌာနကို ပြန်လည်တင်ပြပြီးတော့ ကျွန်တော်ဖြေကြားပါ့မယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စုရှိ ဖိုးဦးတောင်စေတီတော်၏ သာသနာမြေသည် ကျဉ်းမြောင်းနေပါသဖြင့် မူလဧရိယာသတ်မှတ်ချက်အတိုင်းဖြစ်အောင် ပြန်လည်စိစစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စုရှိ ဖိုးဦးတောင်စေတီတော်၏ သာသနာမြေသည်ကျဉ်းမြောင်းနေပါသဖြင့် မူလဧရိယာသတ်မှတ်ချက်အတိုင်းဖြစ်အောင် ပြန်လည်စိစစ်ပေး

ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရခြင်းရဲ့ ကျိုးကြောင်း ဖော်ပြချက်များကိုတင်ပြလို၍ Power Point အသုံးပြုခွင့်ပေးပါရှင်။ မေးခွန်းပါ စေတီတော်မြတ်ကြီး ဖြစ်ပါတယ်ရှင်။ ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိစဉ်က နှစ်ကြိမ်တိုင်ကြွရောက်ပြီး ဗျာဒိတ်ပေးတော် မူခဲ့တဲ့ တောင်တော်ပေါ်မှာတည်ရှိပြီး သက္ကရာဇ် ၁၁၃၆ ခုနှစ်တွင် ဆင်ဖြူရှင် မင်းတရားကြီးမှ မွမ်းမံပြင်ဆင်ခဲ့ကြောင်း စေတီတော်ကြီး၏သမိုင်းအရသိရှိရပါတယ်။ သမိုင်းအမွေအနှစ်အဖြစ် ကျန်ခဲ့ပြီး လုပ်ယူလို့မရတဲ့ တန်ဖိုးကြီးမားလှသော ရှေးဟောင်းသမိုင်းဝင်စေတီတော်ကြီးပဲ ဖြစ်ပါ တယ်။ ၂၀၁၅ ခုနှစ်မှာ တစ်ဆက်တည်းဒေသမှာတည်ရှိနေတဲ့ နိုင်ငံကျော်ရွှေပုံတောင်မုနိဘုရားနဲ့ အတူ နိုင်ငံတော်ဘုရားလည်းဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ ဘက်စုံဖွံ့ဖြိုးမှုအဘက်ဘက်ကလိုအပ်နေ ခဲ့ခြင်းကြောင့် သာသနာပွင့်လင်းမှုနည်းခဲ့ရပါတယ်ရှင်။

ယခုအခါမှာတော့ ဖိုးဦးတောင်သာသနာပွင့်လင်းရန် ကျွန်မအပါအဝင်တာဝန်ရှိသူများ အားလုံးက ဘက်စုံဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များကိုကြိုးစားဆောင်ရွက်ခဲ့ရာ လျှပ်စစ်မီးလည်း ရရှိပြီဖြစ်သလို လမ်းပိုင်းတချို့လည်းကောင်းမွန်လာပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ ဖိုးဦးတောင်စေတီတော် ၏ သာသနာမြေကတော့ Power Point တွင်ဖော်ပြထားသည့်အတိုင်း ဒေသသတ်မှတ်ချက်အရ လွန်စွာကျယ်ဝန်းလှသော်လည်း တရားဝင်သာသနာမြေမှာတော့ ဘုရားရင်ပြင်ပေါ်မှာရှိတဲ့ အလွန် ကျဉ်းမြောင်းလှတဲ့ ဝ.၁ဝ ဧကသာ ရှိပါတယ်။ ဂေါပကအဖွဲ့မှ ဖိုးဦးတောင်သာသနာမြေအတွက် လျှောက်ထားသည့်မြေပုံကြမ်းတွင်တော့ ဧက ၁ဝဝ ကျော်ရှိပြီး ဧက ၂ဝ ကျော်မှာ တောင်သူများရဲ့ တရားဝင်လုပ်ကိုင်စားတဲ့ မြေတွေဖြစ်နေကြောင်း သိရှိရပါတယ်။ ဒါကြောင့် တရားဝင်သာသနာမြေ သတ်မှတ်ချက်မရှိဘူးဆိုရင် တရားဝင်ယာမြေများ၊ မြေလွတ်၊ မြေရိုင်းများလျှောက်ထားပြီး လုပ်ကိုင် စားနိုင်ခြင်းကြောင့် သာသနာပွင့်လင်းမှုအတွက် အနှောင့်အယှက်၊ အဟန့်အတားဖြစ်စေနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အထက်ပါမေးခွန်းကို ကျွန်မမေးမြန်းပြီးတဲ့နောက်ပိုင်းမှာတော့ မြို့နယ်မှတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ ဒေသခံများမှ သာသနာမြေရရှိရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်တိုင်းတာခြင်းများ၊ အမှုတွဲများတည်ဆောက်ပြီး တရားဝင်သာသနာမြေဖြစ်အောင် ဆောင်ရွက်ခြင်းများရှိခဲ့ပါတယ်။ ကျွန်မအနေနဲ့ကတော့ မိမိတာဝန်ရှိနေတဲ့အချိန်မှာ ဖိုးဦးတောင်သာသနာပွင့်လင်းနိုင်ရန်အတွက် လိုအပ်နေသည့် တရားဝင်သာသနာမြေရရှိရေးအတွက် အထက်ပါမေးခွန်းကိုမေးမြန်းရခြင်းပဲ ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးကြည်မင်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာကျေးရွာအုပ်စုအတွင်းရှိ ရေးဟောင်းသမိုင်းဝင် ဖိုးဦးတောင်စေတီတော်ဟာ မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိခဲ့စဉ်က နှစ်ကြိမ်တိုင်တိုင် ဒေသစာရီကြွချီတော်မူခဲ့တဲ့ သမိုင်းအစဉ်အလာရှိခဲ့တဲ့ တောင်ကုန်းပေါ်မှာတည်ထားခဲ့တဲ့ စေတီတော်ဖြစ်ကြောင်း သိရှိရပါတယ်။ ၁၈၉၀–၁၈၉၁ ခုနှစ်တွင် တိုင်းတာသောမြေစာရင်းမြေပုံမှတ်တမ်းအရ ၀.၁ ဧကသည် ဖိုးဦးတောင်သာသနာမြေအဖြစ် သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဖိုးဦးတောင်သာသနာမြေ ၀.၁ ဧကသည် တောင်ထိပ်ပေါ်ရှိ ဆင်ခြေလျှောတောင်စောင်းမျက်နှာပြင်တွင်တည်ရှိပြီး မူလသာသနာမြေအတိုင်း ယနေ့ထက်တိုင် တည်ရှိလျက်ရှိပါတယ်။ ဖိုးဦးတောင်စေတီတော်ရဲ့အရှေ့မြောက်ဘက် ပေ ၁၈၀၀၀

ခန့်အကွာမှာတော့ မဟာဗောဓိသာသနာမြေ ၂.၃၄ ဧကမှာ ၁၈၉၀–၁၈၉၁ ခုနှစ် မြေစာရင်းမြေပုံ တိုင်းတာခဲ့တဲ့မှတ်တမ်းအရ သာသနာမြေအဖြစ်သီးခြားသတ်မှတ်ထားကြောင်း သိရှိရပါတယ်။ ဖိုးဦးတောင်စေတီတော်မြတ်ကြီးသည် တောင်ထိပ်ပေါ်တွင်တည်ရှိခြင်းကြောင့် ဘုရားဖူးများ လာရောက်ဖူးမြော်နိုင်ရန် စောင်းတန်းတစ်ခုတည်ဆောက်ထားပြီး ဖိုးဦးတောင်သာသနာမြေသည် ဖိုးဦးတောင်ခြေလျှောပင်ချိုရှောင်က နတ်ရေကန်၊ ဥဿဖတောင်မှရွာသာယာတောင်ဘက် ဖိုးဦးတောင်ခြေရေကြည်ကုန်းမှပတ်ပြီးတော့ ရောဝတီမြစ်ကမ်းခြေအထိဖြစ်ပြီး စောင်းတန်းရဲ့ ဝဲဘက်၊ ယာဘက်များမှာတော့ ဖိုးဦးတောင်ကျောင်း၊ ဆုတောင်းပြည့်ကျောင်း၊ ယုန်ဖြူတောင် ကျောင်း၊ ကန်လယ်ကျောင်း၊ ရုံးပင်ကျောင်း၊ လက်ဆောင်ကန်ကျောင်းတို့က မူလတောရကျောင်းတို့ အဖြစ် တည်ရှိခဲ့တာကိုသိရှိရပါတယ်။ ယခုအခါမှာ အဆိုပါကျောင်းများမှာ ရဟန်းသံဃာတော်များ သီတင်းသုံးရာကျောင်းတိုက်များအဖြစ် တည်ရှိလာခဲ့ကြောင်းလည်း သိရှိရပါတယ်။ ခေတ် အဆက်ဆက်ဂေါပကများရဲ့ ပြောပြချက်အရဒါဟာလည်းပဲ ကျောင်းတိုက်များဟာ အခုလို သံဃာတော်များ သီတင်းသုံးလာခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။

ဒါကြောင့် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ကစပြီးတော့မှ ဘုရား၊ စေတီ၊ ဇရပ်၊ တန်ဆောင်းစတဲ့ သာသနိကအဆောက်အဦများအဖြစ် ဆုတောင်းပြည့်ကျောင်းရှိ တင်ပြင်ခွေ ရုပ်ပွားတော်၊ လက်ဆောင်ကန်ကျောင်းတိုက်ရှိစေတီတစ်ဆူ၊ ယုန်ဖြူတောင်ကျောင်းရှိစေတီတစ်ဆူ၊ ရောဝတီမြစ်ကမ်းရှိဇရပ်ကြီးတစ်ဆောင်၊ နတ်လမ်းတန်ဆောင်း၊ နတ်ရေကန်ဥဿဖတောင်ဘုရား စသည်တို့ဟာ အထင်အရှားရှိလျက်ရှိပါတယ်။ ဖိုးဦးတောင်ရင်ပြင်တော်အသွားလမ်း စောင်းတန်းမှာ အလျားပေ ၁၅၀၀ ရှိပြီးတော့ ဧရိယာအားဖြင့် ၀.၃၅ ဧက၊ ရဟန်းသံဃာတော်များ သီတင်းသုံးရာ တိုက်ကျောင်းခြောက်ကျောင်း၊ ဧရိယာအားဖြင့် ၁.၅ ဧကဖြစ်တဲ့အတွက်ကြောင့်မို့လို့ စုစုပေါင်း နှစ်ဧကမှာကုန်းမြင့်တောင်စောင်းရှိ မူလမြေလွတ်၊ မြေလပ်၊ မြေရိုင်းများပေါ်တွင်

တည်ဆောက်ထား ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ဖိုးဦးတောင်တော်ရဲ့ မြောက်ဘက်နဲ့တောင်ဘက်တို့တွင် မြေမျက်နှာပြင်ညီညာမှုမရှိသဖြင့် စိုက်ပျိုးခြင်းမရှိဘဲ မြေလွတ်နှင့်မြေရိုင်းဧရိယာစုစုပေါင်း ၁၁၂ ဧက ခန့်ရှိကြောင်း သိရှိရပါတယ်။ ဖိုးဦးတောင်တော်ပတ်ဝန်းကျင်ရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဖြစ်သောကြောင့် အရပ်ဒေသရဲ့သတ်မှတ်ချက်အရ ဖိုးဦးတောင်စေတီတော် ပရိဝုဏ်မြေလို့ သတ်မှတ်ထားကြောင်း စိစစ်လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ဖိုးဦးတောင်စေတီတော်တည်ရှိရာတောင်တော်နှင့် ဘုန်းတော်ကြီးကျောင်းများတည်ရှိရာ မြေနေရာများ၊ စောင်းတန်းဧရိယာနှင့် တောင်စောင်းမြေနေရာများဖြစ်သည့် မြေလွတ်၊ မြေရိုင်း ၁၁၂ ဧကကျော်ကို သာသနာမြေအဖြစ်သတ်မှတ်လိုပါက ပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်းများရဲ့ သဘောထားထောက်ခံချက်များ၊ သံဃအဖွဲ့အစည်းအဆင့်ဆင့်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့် သက်ဆိုင်ရာဌာနများ၏ထောက်ခံချက်၊ ဖိုးဦးတောင်တော် ဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော်ကြီးများရဲ့ သဘောထားထောက်ခံချက်များဖြင့် ဖိုးဦးတောင်စေတီတော်ဂေါပကအဖွဲ့က မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသို့ လျှောက်ထားသွားရန်လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ ထပ်ဆင့်မေးခွန်းမေးပါရစေရှင်။ ဥက္ကဋ္ဌကြီးရှင်။ အခုကျွန်မတို့ဒီ ဩဂုတ်လ ၂၄ ရက်နေ့ကပဲ ပန်းတောင်းမြို့နယ်က ဖိုးဦးတောင်စေတီတော်ရဲ့ ဂေါပကအဖွဲ့တွေ နေပြည်တော်အထိလာပြီးတော့ သာသနာမြေရရှိဖို့အတွက် လိုအပ်တဲ့အမှုတွဲ တွေနဲ့ လာရောက်ပြီးလျှောက်ထားပြီးဖြစ်ပါတယ်ရှင်။

ဒါကြောင့်မို့လို့ ဒီလိုလျှောက်ထားပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ တရားဝင်သာသနာမြေဖြစ်အောင် သက်ဆိုင်ရာဝန်ကြီးဌာနမှ အမြန်ဆုံးကူညီ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးခွန်းအနေဖြင့် ထပ်မံမေးမြန်းလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးမှ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကြည်မင်း(ဒုတိယဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့အတိုင်းပဲ အခုလိုကျွန်တော်တို့ သာသနာမြေအဖြစ် ရရှိဖို့အတွက်ကို လျှောက်ထားတယ်ဆိုတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းဌာနများက နေပြီးတော့မှ သဘောထားတောင်းခံလာလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့စိစစ်တွေ့ရှိချက်အပေါ်မှာ မူတည်ပြီးတော့မှ သာသနာမြေအဖြစ်ရရှိနိုင်ရေးကို ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ပြည်ပရောက်အလုပ်သမားများမှ ပြည်ပတွင်မွေးဖွားခဲ့သော ကလေးသူငယ်များကို အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)ထဲသို့ ဖြည့်သွင်းနိုင်ရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့ အစည်းအဝေးခန်းမအတွင်းရောက်ရှိနေသူများအားလုံးပဲ မင်္ဂလာပါရှင်။

ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ မြန်မာနိုင်ငံ၏ ပြည်ပရောက်အလုပ်သမားများမှ ပြည်ပတွင်မွေးဖွားခဲ့သော ကလေးသူငယ်များကို အိမ်ထောင်စုလူဦးရေစာရင်းထဲသို့ လွယ်ကူစွာ ဖြည့်သွင်းနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိလိုပါသဖြင့် မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းဟာ ကျွန်မရဲ့မြို့နယ်မှာ လူထုတွေ့ဆုံပွဲ သွားတိုင်း ရွာအတော်များများက တင်ပြခဲ့ကြတဲ့ အခက်အခဲတစ်ခုဖြစ်ပါတယ်။ ယခုကိုဗစ်ကာလ အတွင်း နိုင်ငံရပ်ခြားမှပြန်ရောက်လာကြတဲ့ မြန်မာလုပ်သားအများစုမှာလည်း နိုင်ငံရပ်ခြားမှာမွေးခဲ့ တဲ့ ကလေးများပါလာနိုင်မှာဖြစ်ပြီး ဒီလိုအခက်အခဲများစွာနဲ့ ကြုံတွေ့ကြရလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနမှသတ်မှတ်ထားတဲ့ အချက်အလက်များကိုလည်း ဖြေလျှော့နိုင်သလောက် ဖြေလျှော့ပေးနိုင်ဖို့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်မ မေးခွန်းမေးမြန်းရတဲ့အကြောင်းရင်းကတော့ မြန်မာနိုင်ငံမှ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ် လုပ်ကိုင်နေသူများမှာ အများအားဖြင့် အရွယ်ကောင်းလူငယ်များ ဖြစ်ကြပါတယ်။ အချို့မှာ လူလွတ် များဖြစ်ကြသော်လည်း အချို့မှာ အိမ်ထောင်သည်များဖြစ်ကြပြီး ဇနီးမောင်နှံနှစ်ဦးလုံး သွားရောက် အလုပ်လုပ်ကိုင်ကြရပါတယ်။ ထိုသို့ မြန်မာနိုင်ငံသားဇနီးမောင်နှံနှစ်ဦးမှ ပြည်ပတွင်မွေးဖွားလာ သော ကလေးများကို ၎င်းတို့ရဲ့မိဘများရှိရာမြန်မာနိုင်ငံသို့ နိုင်ငံခြားမွေးကလေးများအား ပို့ဆောင်၍ သော်လည်းကောင်း၊ ကလေးမွေးဖွားပြီး မိခင်နှင့်အတူသော်လည်းကောင်း ပြန်ရောက်လာခဲ့ကြပါ တယ်။ ထိုသို့ပြန်လည်ရောက်ရှိလာသောကလေးများအား မွေးရက်၊ မွေးလ အတိအကျနဲ့ မွေးစာရင်း ပြုလုပ်ရာမှာ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် မွေးဖွားသည့်အတွက် အိမ်ထောင်စုလူဦးရေစာရင်းထဲထည့်သွင်းဖို့ရာ အခက်အခဲများစွာနဲ့ ကြုံတွေ့နေရပါတယ်။ ကြုံတွေ့ နေရတဲ့အခက်အခဲများကတော့ သက်ဆိုင်ရာအုပ်စု ကျန်းမာရေးဝန်ထမ်းထံမှ နံပါတ်(၁)အနေနဲ့ မွေးစာရင်းရဖို့ အခက်အခဲဖြစ်နေပါတယ်။ နံပါတ်(၂)အနေနဲ့ကတော့ မွေးစာရင်းမရှိတဲ့အတွက်

အိမ်ထောင်စုဇယားထဲထည့်သွင်းဖို့ အခက်အခဲဖြစ်နေပါတယ်။ ကျွန်မကိုတင်ပြလာကြတာကတော့ မွေးစာရင်းနဲ့ပတ်သက်ပြီး နိုင်ငံရပ်ခြားမှာမွေးလာတဲ့ ကလေးချင်းအတူတူ အချို့က မွေးစာရင်း လွယ်ကူစွာရရှိပြီး အိမ်ထောင်စုဇယားထဲ အလွယ်တကူထည့်လို့ရနိုင်ပေမဲ့ အချို့က မွေးစာရင်း လွယ်ကူစွာမရရှိဘဲ အခက်တွေ့နေကြပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့ အချက်အလက်တွေ စုံလင်စွာတင်ပြတောင်းခံထားသော် လည်း နှောင့်နှေးကြန့်ကြာခြင်းများရှိနေကြပြီး မူလတန်းကျောင်းတက်ရန်အရွယ်အထိ အခက်အခဲ နဲ့ ကြုံတွေ့နေရကြောင်း သိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံရပ်ခြား၌မွေးဖွားသည့် ကလေးများအား အိမ်ထောင်စု လူဦးရေစာရင်းထည့်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံရပ်ခြားတွင် အလုပ်သွားရောက်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားမိဘနှစ်ဦးမှ မွေးဖွားလာသောကလေးများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်ကြိုင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုက မြန်မာနိုင်ငံပြည်ပရောက် အလုပ်သမားများမှ ပြည်ပမှာမွေးဖွားခဲ့တဲ့ ကလေးသူငယ်များကို အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ဖြည့်သွင်းနိုင်ရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား

ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော်ဦးမြင့်ကြိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ပြင်ပမှာမွေးဖွားတဲ့ကလေးတွေအတွက် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၀ နှင့် ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါတယ်။ ပုဒ်မ ၁၀ မှာတော့ နိုင်ငံတော်ပြင်ပမှာမွေးဖွားတဲ့ နိုင်ငံသားတစ်ဦး အတွက် ထိုသို့မွေးဖွားကြောင်းကို မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်းမှာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ သတ်မှတ်ထားတဲ့အဖွဲ့အစည်းများမှာ သတ်မှတ်တဲ့နည်းလမ်းနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူ က မှတ်ပုံတင်ရမှာဖြစ်ပါတယ်။ ခြွင်းချက်အနေနဲ့ မွေးဖွားတဲ့နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံမတင် နိုင်ခဲ့ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူဟာ ခိုင်လုံတဲ့အကြောင်းပြချက်နဲ့ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ သတ်မှတ်တဲ့ အဖွဲ့အစည်းများမှတစ်ဆင့် ဗဟိုအဖွဲ့သို့လျှောက်ထားနိုင်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ မြန်မာနိုင်ငံသားနှစ်ဦးမှ နိုင်ငံတော်ပြင်ပ တွင်မွေးဖွားတဲ့ သားသမီးများအတွက် ကလေးမွေးဖွားကြောင်းမွေးစာရင်းနှင့်အတူ မွေးဖွားသည့် နေ့မှစ၍ တစ်နှစ်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူဟာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံကို အကြောင်းကြားရမှာဖြစ်ပြီးတော့ သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးက နိုင်ငံတော်ပြင်ပမှာ ကလေးမွေးဖွားခြင်းမှတ်တမ်းပုံစံ နိုင်-၈ ကို ထုတ်ပေးထား ဖို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံသားဥပဒေနှင့်လုပ်ထုံးလုပ်နည်းများအရ နိုင်ငံတော်ပြင်ပ မှာမွေးဖွားသော ကလေးများမွေးဖွားကြောင်းမှတ်ပုံတင်ခြင်းကို မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် ပြည်ပရောက်မိဘများ လျှောက်ထားလာပါက ၎င်းတို့ရဲ့နိုင်ငံသား မှတ်တမ်းများမှာ သားသမီးအမည်စာရင်းကို မှတ်တမ်းတင်ပေးပြီးတော့ အိမ်ထောင်စုလူဦးရေ စာရင်းအတွင်း အမည်စာရင်းထည့်သွင်းခြင်းကိုမူ ကလေးကိုယ်တိုင်နှင့် မိဘနှစ်ပါး သို့မဟုတ် မိဘ

တစ်ပါးပါးနှင့် မြန်မာပြည်တွင်းကို တရားဝင်ပြန်လည်ဝင်ရောက်ချိန်မှသာ ဆောင်ရွက်ပေးရမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော်ပြင်ပမှာရောက်ရှိနေထိုင်ကြတဲ့ မြန်မာနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာတဲ့ သားသမီးများကိုလည်းကောင်း၊ မြန်မာနိုင်ငံသားမိဘတစ်ပါးနှင့် နိုင်ငံခြားသားမိဘ တစ်ပါးတို့ကနေပြီး မွေးဖွားလာတဲ့သားသမီးများကိုလည်းကောင်း၊ မြန်မာနိုင်ငံအတွင်းကို ပြန်လည် ရောက်ရှိနေထိုင်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူမှ အိမ်ထောင်စုလူဦးရေစာရင်းအတွင်းကို အမည် စာရင်းဖြည့်သွင်းခွင့်ပြုဖို့ အိမ်ထောင်စုစာရင်းရှိရာ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးများကို လျှောက်ထားလာပါက သက်ဆိုင်ရာအထောက်အထားများကို စိစစ်ပြီးတော့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒီအထောက်အထားတွေကတော့ အိမ်ထောင်ဦးစီးရဲ့လျှောက်လွှာ၊ မွေးဖွားကြောင်း အထောက်အထားလက်မှတ်(Birth Certificate)၊ နိုင်ငံသားမိဘနှစ်ပါးရဲ့ နိုင်ငံကူးလက်မှတ်မိတ္တူ သို့မဟုတ် ကိုင်ဆောင်လက်မှတ်မိတ္တူ သို့မဟုတ် ဒုက္ခသည်စခန်းများမှ ဝင်ရောက်လာသူဖြစ်ပါက မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(C of I)မူရင်းနှင့်မိတ္တူ၊ ကလေးက မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ်(C of I)သို့မဟုတ် နိုင်ငံကူးလက်မှတ်မိတ္တူ၊ နိုင်ငံတော်ပြင်ပတွင် ကလေးမွေးဖွားခြင်းမှတ်တမ်းပုံစံ(နိုင်-၈) သို့မဟုတ် သက်ဆိုင်ရာမြန်မာသံရုံးရဲ့ထောက်ခံချက် သို့မဟုတ် ဒုက္ခသည်စခန်းများမှထုတ်ပေးတဲ့ အထောက်အထားလက်မှတ်၊ ကလေးက အခြား နိုင်ငံသားအဖြစ်ခံယူထားခြင်းမရှိကြောင်း မိဘများရဲ့ ကျမ်းကျိန်ချက် သို့မဟုတ် ထွက်ဆိုချက်၊ အသိသက်သေနှစ်ဦးရဲ့ထွက်ဆိုချက်၊ ကလေးအမည်ထည့်သွင်းမယ့် မိဘ/အုပ်ထိန်းသူရဲ့ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ မိဘနှစ်ပါးရဲ့လက်ထပ်စာချုပ်မိတ္တူ သို့မဟုတ် ကျမ်းကျိန်ချက်၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက်တို့နဲ့ တင်ပြလာ

မယ်ဆိုလို့ရှိရင် အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အထက်ပါအချက်များဖြင့် ဆောင်ရွက်ပြုစုထားတဲ့အမှုတွဲတစ်ခုချင်းအလိုက် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများမှတစ်ဆင့် ဦးစီးဌာန(ရုံးချုပ်)ကိုတင်ပြပြီးတော့ အိမ်ထောင်စုလူဦးရေစာရင်းအတွင်းကို အမည်ဖြည့်သွင်းခွင့် ခွင့်ပြုမိန့် စိစစ်ပြီးတော့ လျင်မြန်စွာ ချမှတ်ပေးလျက်ရှိကြောင်း ဖြေကြားလိုပါတယ်။ ပြည်ပနိုင်ငံများမှာ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိတဲ့ မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာတဲ့ ကလေးများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတော်အစိုးရမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြု ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံပြည်ပရောက် မြန်မာအလုပ်သမားများမှ မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ ပြည်ပမှာမွေးဖွားခဲ့တဲ့ကလေးများကို အိမ်ထောင်စုလူဦးရေစာရင်းမှာဖြည့်သွင်းရေးအတွက် မြန်မာနိုင်ငံသားဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်မေးခွန်းမေးခွင့်ပြုပါရှင်။ အခုဒုတိယဝန်ကြီးဖြေကြားချက်အရဆိုလို့ရှိရင် အမြန်ဆုံးဆောင်ရွက်ပေးမယ်ဆိုတာကို သိရပါတယ်။ ကျွန်မမေးတဲ့မေးခွန်းထဲမှာလည်း ပါပြီးပါပြီ။ အခု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ချမှတ်ထားတဲ့ အချက်အလက်တွေကို စုံလင်စွာဖြည့်ဆည်းပေးထားသော်လည်း လေးလ၊ ငါးလ၊ ခြောက်လလောက်ကစရောက်လာတဲ့ ကလေးဟာ ကျောင်းနေရမယ့်အရွယ်ရောက်သည်အထိ(၆၆/၆)ထဲကို ထည့်လို့မရသေးတဲ့အချက်တွေကို တွေ့ရပါတယ်။ ကျွန်မတို့ နိုင်ငံတော်အစိုးရဟာ အစိုးရရဲ့မူဝါဒတွေ ဘယ်လောက်ပဲ

ကောင်းကောင်း အစိုးရကိုထိန်းကျောင်းမယ့်ဝန်ကြီးဌာနတွေ ကောင်းမှဖြစ်မှာပါ။ တစ်ခါ ဝန်ကြီးဌာနတွေကို အထောက်အကူပြုမယ့် ဦးစီးဌာနတွေကောင်းမှဖြစ်မှာပါ။ ဦးစီးဌာနထဲက ဝန်ထမ်းတွေအားလုံးကောင်းမှသာလျှင် ပြည်သူကရှိလို့ရှိမှန်းတောင်မသိရတဲ့ အစိုးရဆိုတာမျိုးကိုရမှာဖြစ်ပါတယ်။ အခုဖြစ်နေတဲ့အခက်အခဲက အစိုးရရဲ့မူဝါဒတွေ ကောင်းပင်ကောင်းသော်ငြားလည်း အောက်ကဝန်ထမ်းအားလုံးရဲ့ လုပ်ဆောင်ချက်တွေမကောင်းတဲ့အတွက် ပြည်သူတွေရဲ့အခက်အခဲတွေနဲ့ ကြုံနေတာဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေကြုံတဲ့အတွက်ကြောင့် ကျွန်မတို့က ဒီမေးခွန်းတွေ မေးရခြင်းဖြစ်ပါတယ်။ ခုနက ဒုတိယဝန်ကြီးပြောတဲ့အထဲမှာ မြန်မာနိုင်ငံသံရုံးမှာ သတ်မှတ်တဲ့အတိုင်း မှတ်ပုံတင်ရမယ်ဆိုတဲ့အကြောင်းပြောပါတယ်။ အခုကျွန်မတွေ့တဲ့ တော်တော်များများတွေဟာ နိုင်ငံခြားမှာမွေးစာရင်းလုပ်လာခဲ့တဲ့သူတွေ တော်တော်များပါတယ်။ ကျွန်မကိုပြပါတယ်။ အဲဒီမွေးစာရင်းလုပ်လာတဲ့လူတွေက ဒီမွေးစာရင်းထဲမှာထည့်ဖို့ ကျမ်းကျိန်ရမယ်ဆိုလည်း တရားရုံးကို ကျမ်းသွားကျိန်ကြတယ်။ အဲဒီမွေးစာရင်းထဲမှာထည့်ဖို့ ပိုပြီးတော့ခက်ခဲပါတယ်။ နိုင်ငံခြားမှာမွေးဆိုရင် ပိုခက်ခဲပါတယ်။ ဘာမှမလုပ်လာခဲ့တဲ့လူတွေက လွယ်ပါတယ်။ အခုကျွန်မမေးတဲ့မေးခွန်းထဲမှာပါပါတယ်။ အချို့က လွယ်လွယ်ကူကူရပြီး အချို့ကမရဘူးဆိုတာ ပါပါတယ်။ အဲဒီလိုဘာမှမပါတဲ့လူတွေကရပြီး ပါတဲ့သူတွေမရတဲ့အတွက် မေးခွန်းမေးရခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်ဘယ်လိုများ ဆက်လက်ပြီးဆောင်ရွက်နိုင်မလဲ။ ဒီဟာတွေကို ထပ်ပြီးဖြေလျှော့ဖို့ရှိသလားဆိုတာလေးကိုသိချင်လို့ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးမြင့်ကြိုင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ ဒီမေးခွန်းက ကျွန်တော်တို့ မြန်မာနိုင်ငံသား ပြည်သူလူထု အဓိကအားဖြင့်တော့ ပြည်ပမှာအလုပ်လုပ်သွားနေတဲ့ အလုပ်သမားမိသားစုတွေ သိသင့်တဲ့မေးခွန်းကိုမေးတဲ့အတွက်

လွှတ်တော်ကိုယ်စားလှယ်ကြီးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ အဓိကဘာဖြစ်လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်းပဲ တင်ပြတဲ့အခါမှာ နိုင်ငံခြားမှာမွေးဖွားတဲ့ Birth Certificate ပါလာတယ်။ ဘာဖြစ်လို့မရလဲဆိုရင် ကျွန်တော်ပြောတဲ့အချက်ကိုးချက်မှာ မပြည့်မစုံဖြစ်တဲ့ဟာလေးတွေကို ကျွန်တော်တို့ဆီမှာ အထောက်အထားလေးတွေရှိပါတယ်။ အဓိက သူတို့က Birth Certificate ယူလာတယ်။ သံရုံးကိုသတင်းမပို့ထားဘူး။ သံရုံးကိုသတင်းပို့မှသာ သံရုံးက နိုင်-၈ ပုံစံထုတ်ပေးမှာဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံခြားဆေးရုံတွေ ကမွေးလာတဲ့ Birth Certificate တစ်ခုနဲ့ ကျွန်တော်တို့ဆီမှာ အိမ်ထောင်စုစာရင်းထည့်လို့ မရပါဘူး။ အဓိက နိုင်-၈ ပုံစံလိုပါတယ်။ တကယ်လို့ နိုင်-၈ ပုံစံမပါရင်တောင် သံရုံးရဲ့ထောက်ခံချက်ပါရင်ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ကျွန်တော်တို့ အခုလောလောဆယ်ကိုးချက်ရှိတယ်။ အဲဒီတော့ ကိုးချက်ရှိတဲ့ဟာကို အထောက်အထားပြည့်ပြည့်စုံစုံနဲ့လုပ်မယ်ဆိုရင် အလွန်ဆုံးကြာမြင့်ရင် ငါးလအတွင်းမှာရပါမယ်။ ဘာဖြစ်လို့ငါးလအတွင်းမှာရမလဲလို့ပြောလို့ရှိရင် တချို့က တစ်နှစ်အတွင်းမှာ သံရုံးကိုသတင်းမပို့ပါဘူး။ တစ်နှစ်ကျော်သွားလို့ရှိရင် သံရုံးကိုသတင်းမပို့တဲ့အတွက် တစ်နှစ်ကျော်မှ သတင်းပို့လာတဲ့အခါ သက်ဆိုင်ရာသံရုံးကနေပြီးတော့ ဝန်ကြီးဌာနကတစ်ဆင့် ဗဟိုအဖွဲ့ကို လျှောက်ထားခွင့်ပြုချက်ယူရပါတယ်။ ဗဟိုအဖွဲ့ဆိုသည်မှာ ကျွန်တော် ဒီမှာ အားလုံးသိအောင် တင်ပြလိုပါတယ်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ ဗဟိုအဖွဲ့ဆိုသည်မှာ ဥက္ကဋ္ဌက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ဥက္ကဋ္ဌဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်ဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကတာဝန်ပေးအပ်ထားတဲ့လူက အတွင်းရေးမှူး၊ အခုအချိန်မှာတော့ အမြဲတမ်းအတွင်းဝန်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။ တစ်နှစ်ကျော်ပြီးမှ သံရုံးကို သတင်းပို့တယ်ဆိုလို့ရှိရင်တော့ သံရုံးက ချွင်းချက်အနေနဲ့ ဗဟိုအဖွဲ့ကိုဆက်လက်တင်ပြီးတော့မှ

ဒီကလေးကို သက်ဆိုင်ရာသံရုံးက နိုင်-၈ ပုံစံထုတ်ပေးလို့ရပါတယ်။ ဒီသံရုံးက နိုင်-၈ ပုံစံထုတ်ပေးပြီးတော့ ခုနတင်ပြပါအချက် အထောက်အထားကိုးချက်နဲ့ တင်လာမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးကနေပြီးတော့ ခရိုင်ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူးရုံးကနေပြီးတော့ တိုင်းဦးစီးမှူးရုံး၊ တိုင်းဦးစီးမှူးရုံးကနေပြီးတော့ ဝန်ကြီးဌာနရုံးချုပ်ကို တင်ပါတယ်။ ဒါကြောင့် ဒီလိုအဆင့်ဆင့် စိစစ်ပြီးတော့ စစ်ဆေးရတာဖြစ်တဲ့အတွက် နိုင်ငံသားဖြစ်မှုဆိုတာ နိုင်ငံတော်ရဲ့လုံခြုံရေးနဲ့ အချုပ်အခြာအာဏာနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့အတွက် စနစ်တကျစစ်ဆေးပြီးတော့မှ စိစစ်ထုတ်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို အချိန်ဆွဲနေတယ်။ အထောက်အထားမပါလို့ရှိရင် ပိုပြီးတော့မြန်တယ်။ အထောက်အထားပါတဲ့လူက ကြာတယ်ဆိုရင် ဒီကိစ္စတစ်ခုချင်းအလိုက် ကျွန်တော်တို့ဆီကို ပေးပို့မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဝိုင်းမော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်အတွင်းရှိ သံချိုင်းဟောင်းမြေနေရာကို နိုင်ငံတော်အစိုးရပိုင်မြေအဖြစ် ပြန်လည်သိမ်းယူရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းကို Power Point သုံးခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒီနေ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်

အရ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်အမှတ်(၄)ရပ်ကွက်အတွင်းရှိ တစ်ဦးတစ်ယောက်ပိုင်မြေအဖြစ် မတရားသိမ်းယူခဲ့သော သင်္ချိုင်းဟောင်းမြေနေရာသို့ နိုင်ငံတော်အစိုးရပိုင်မြေအဖြစ် ပြန်လည်သိမ်းယူပြီး မြို့နယ်ရှိ အများပြည်သူများအကျိုးရှိသော လုပ်ငန်းများဆောင်ရွက်ခွင့်ပြုနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။ ၎င်းမြေကွက်နှင့်ပတ်သက်ပြီး ပြည်သူများက မကြာခဏ တိုင်ကြားတင်ပြလျက်ရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါမြေကွက်သည် ဝိုင်းမော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်ကို ဖြတ်သန်းသွားသော မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်သို့သွားသည့် ကားလမ်းမကြီး၏အရှေ့ဘက်တွင် တည်ရှိပါသည်။ ၎င်းမြေကွက်အကျယ်မှာ လက်ရှိတွင် ခုနစ်ဧကကျော်ခန့်ရှိကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ ယခင်က ၎င်းမြေကွက်ကို နီးစပ်ရာ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများက သင်္ချိုင်းသုသာန်မြေအဖြစ် အသုံးပြုခဲ့သော မြေကွက်ဖြစ်ပါတယ်။ ၎င်းသုသာန်သင်္ချိုင်းမြေကို နိုင်ငံတော်မှ အများပြည်သူအတွက် အကျိုးရှိစေသော လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါကြောင်းဟုဆိုကာ ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမှ ၉-၁၁-၂၀၀၉ ရက်နေ့ထုတ် စာအမှတ်၊ ၄/၁-၈/ဦး-၁(၇၆၉)ပါ အမိန့်အမှတ်(၂/၂၀၀၉)ကို ထုတ်ပြန်၍ အဆိုပါသင်္ချိုင်းမြေကို သိမ်းယူခဲ့ပါကြောင်းသိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ အမိန့်ထုတ်ပြန်၍ သိမ်းခဲ့သော မြေပေါ်တွင် ပုဂ္ဂလိကပိုင်မြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်းကို ဟန်ပြအဖြစ် လအနည်းငယ် လုပ်ကိုင်ကာ ရက်နားသွားကြပြီးနောက် ယနေ့အထိ အများပြည်သူများအတွက် လုပ်ဆောင်နေသောစီမံကိန်းများ၊ လုပ်ဆောင်ထားသောလုပ်ငန်းများ တစ်ခုမှမရှိသည့်အပြင် အဆိုပါမြေကွက်ကို ထိုအချိန်၌ လုပ်ပိုင်ခွင့်ရှိသူက မိမိတစ်ဦးတစ်ယောက်ပိုင်မြေအဖြစ် ဧရိယာ အကျယ် ၄.၉၅ ဧကကို ဂရန်အမည်ပေါက်ယူပြီးနောက် အခြားသူတစ်ဦးကို လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရပါတယ်။

၎င်းမြေကိုသိမ်းခဲ့စဥ်က မြေအစားအဖြစ် ခါရိုးကျေးရွာရှိ နောင်စီပေါအနောက်ကွင်း ကွင်းအမှတ် (၄၉/၁)တွင်ရှိသော မြေ ၃.၁ ကေကို သင်္ချိုင်းမြေအဖြစ် အသုံးပြုကြရန်အစားထိုးပေးခဲ့သော်လည်း လက်တွေ့တွင်ပြည်သူများ အကြောင်းအမျိုးမျိုးကြောင့် အသုံးပြုခွင့်မရရှိခဲ့ပါ။ ၎င်းမြေကို အခြား တစ်ဦးတစ်ယောက်က ပိုင်ဆိုင်ထားကြောင်း သိရှိရပါတယ်။ သိမ်းဆည်းစဥ်ကကတိပြုခဲ့သော စကားများဘာတစ်ခုမှ လုပ်ဆောင်ပေးခြင်းမရှိတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ဒေသခံ ပြည်သူများက သင်္ချိုင်းမြေအဖြစ် အခြားနေရာကို မိမိတို့အစီအစဥ်ဖြင့် ပြန်လည်ဝယ်ယူအသုံးပြုနေ ကြရပါပြီ။ ၎င်းမြေကွက်ပဲဖြစ်ပါတယ်ခင်ဗျား။ ဒီ Slide တွင်ဖော်ပြထားတဲ့ မြေကွက်ပဲဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ဘာမှလုပ်ဆောင်ထားခြင်းမရှိဘဲနဲ့ လွှဲပြောင်းယူတဲ့ပုဂ္ဂိုလ်အနေနဲ့ ဒီမြေကို ပြုပြင်မွမ်းမံထားတဲ့ပုံပဲ ဖြစ်ပါတယ်။ အခု Slide တွေ့မြင်ရတဲ့ပုံကတော့ အစားထိုးပြီးပေးတဲ့ မြေကွက်ဖြစ်ပါတယ်။ Slide မှာတွေ့မြင်ရတဲ့အတိုင်း ပိုင်ရှင်ဖြစ်ပြီး ခြံစည်းရိုးတိုင်များ စိုက်ထူထား တဲ့ပုံပဲဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူတွေအနေနဲ့ ဘာမှသုံးစွဲခြင်း၊ အသုံးပြုခွင့်မရှိတဲ့ မြေတွေဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ပြည်သူများ အသုံးပြုနေ သော သင်္ချိုင်းသုသာန်မြေကို မိမိတစ်ဦးအတွက် လုပ်ပိုင်ခွင့်အာဏာကို တလွဲသုံးပြီး ဥပဒေနှင့်မညီ အပြင်သင်္ချိုင်းကိုပြောင်းရွှေ့စေပြီး ကိုယ်ကျိုးအတွက် တစ်ဦးတစ်ယောက်ပိုင်မြေအဖြစ် ပြောင်းလဲ ပြုလုပ်ယူကာ အခြားသူထံ လွှဲပြောင်းရောင်းချလိုက်ခြင်းမှာ မြေသိမ်းစဥ်ကဆိုခဲ့သော နိုင်ငံတော်မှ အများပြည်သူအတွက် အကျိုးရှိစေသော လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါကြောင်း ဟူသော စကားနဲ့ လုံးဝကွဲလွဲနေပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများအနေဖြင့် အမှန်တကယ်မြို့နယ် အတွက်လိုအပ်သော၊ အများအတွက်အကျိုးရှိသော လုပ်ငန်းများဆောင်ရွက်လုပ်ကိုင်စေလိုသော

ကြောင့် အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မဲဆန္ဒရှင် ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့် ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးမှမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကချင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အား ကိုယ်စား ကျွန်တော်ကနေ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ဝိုင်းမော်မြို့၊ ယခင် မုတ်လွဲကျေးရွာ၊ ကွင်းအမှတ်(၃၈)၊ သာဂရကွင်းအတွင်းရှိ သုသာန်ဟောင်းမြေနေရာဟာ ယခင် မြေလွတ်၊ မြေရိုင်းဖြစ်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၈၇-၂၀၀၁ ရက်စွဲပါစာဖြင့် မြို့ရပ်ကွက်တိုးချဲ့မှုအရ အမှတ်(၄)ရပ်ကွက် ဧရိယာအတွင်းပါဝင်ခဲ့ကြောင်း သိရှိရပါတယ်ခင်ဗျား။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့(၁-က)စာရင်းမှာ ယခင်က ဦးကြက်အင်မှ မူလပိုင်ဆိုင်ခဲ့ပြီး အဆင့်ဆင့် ရောင်းချရာ မုတ်လွဲကျေးရွာနေ ဦးဘင်းဗဟာဒူးက ဝယ်ယူ၍ ၁၉၆၈ ခုနှစ်မှာ မုတ်လွဲကျေးရွာရှိ ရှမ်း၊ ဗမာလူမျိုးများနှင့် ဂေါ်ရခါးလူမျိုးတို့ရဲ့ သုသာန်မြေအဖြစ် အသုံးပြုရန်အတွက် လှူဒါန်းခဲ့သဖြင့် သုသာန်မြေအဖြစ် စတင်အသုံးပြုခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ သုသာန်မြေနေရာဟောင်းဟာ မြို့ဝင်/မြို့ထွက်နေရာဖြစ်နေခြင်း၊ ဗန်းမော်-မြစ်ကြီးနားကားလမ်းမကြီးနှင့် ကပ်လျက်တည်ရှိနေ

ခြင်း၊ မြို့အင်္ဂါရပ်နှင့်လည်း မညီညွတ်ခြင်းတို့ကြောင့် အဆိုပါသုသာန်အား ၉-၁-၂၀၀၉ ရက်နေ့မှာ ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကွင်းအမှတ်(၄၉/၁)၊ နောင်စီပေါအနောက်ကွင်းသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရပါတယ်။ အဆိုပါ သုသာန်မြေနေရာဟောင်းအား နောက်ပိုင်းတွင် ရွှေရတနာစိုးကုမ္ပဏီလီမိတက်မှ သဘာဝမြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းအတွက် အကောင်အထည်ဖော်ခဲ့ပြီး ၃-၁-၂၀၁၀ ရက်နေ့မှာ ဦးအောင်မင်းဆိုသူက မြေပေးမိန့်ရယူကာ မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရရှိခဲ့ပြီး မြေငှားဂရန် လျှောက်ထားခဲ့ရာမှာ ဦးအောင်မင်းအမည်ဖြင့် မြေဧရိယာ ၄.၉၂ ဧကအား ၂၈-၃-၂၀၁၁ ရက်နေ့မှ ၂၇-၃-၂၀၄၁ ရက်နေ့အထိ နှစ် ၃၀ ဂရန်ထုတ်ပေးထားကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနရဲ့ ဦးပိုင်မှတ်ပုံတင် စာရင်း-၁(က)မှာ မှတ်သားထားကြောင်း စိစစ်တွေ့ရှိ ရပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အဆိုပါ မြေနေရာနှင့်ပတ်သက်ပြီး တစ်ဦးတစ်ယောက်ပိုင်စနစ်ဖြင့် ရောင်းချခြင်းအပေါ် အမှတ်(၄)ရပ်ကွက် နေ ပြည်သူများနှင့်မုတ်လွဲကျေးရွာအုပ်စု၊ ဆာဒေကျေးရွာနေပြည်သူများက ကန့်ကွက်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ လိပ်မူ၍ တင်ပြခဲ့တဲ့အတွက် ကွင်းဆင်းစိစစ်ရေးအဖွဲ့ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်ခဲ့ရာမှာ ကွင်းဆင်းစိစစ်ရေးအဖွဲ့မှ တင်ပြပါအတိုင်း အကြံပြုတင်ပြခဲ့ပါတယ်။ (၁) အဆိုပါတင်ပြစာနှင့်ပတ်သက်၍ လက်ရှိပိုင်ဆိုင်ရရှိထားသော ဦးအောင်ကျော်ထွန်းမှ အများပြည်သူ အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် မုတ်လွဲကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ပံ့ပိုးထားတဲ့ ငွေကျပ်သိန်း ၄၅၀ အား ထိန်းသိမ်းထားသူများအနေဖြင့် အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအမံများကို ပွင့်လင်းမြင်သာစွာချပြရှင်းလင်းစေရန်၊ (၂) ကန့်ကွက်တင်ပြသူများ မှာ အဆိုပါမြေနှင့် သက်ဆိုင်ခြင်းမရှိသူ လူနည်းစုသာဖြစ်ပြီး သက်ဆိုင်သူမုတ်လွဲကျေးရွာသူ

ကျေးရွာသားအများစုမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံတင်ပြထားခြင်း၊ လက်ရှိဝယ်ယူနေထိုင်လျက်ရှိသူ ဦးအောင်ကျော်ထွန်းမှလည်း ၎င်းအနေဖြင့် အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် မုတ်လွဲကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ငွေကျပ်သိန်း ၄၅၀ ကူညီပံ့ပိုးပေးထားပြီးဖြစ်တဲ့အတွက် နှစ်ဦးသဘောတူအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားမှုအား မြေနေရာပိုင်ဆိုင်မှုအတွက် သက်ဆိုင်ရာဌာနများသို့ ဥပဒေနှင့်အညီဆက်လက်၍ လျှောက်ထားဆောင်ရွက်စေရန် အကြံပြုတင်ပြခဲ့ကြောင်း သိရပါတယ်။

အဆိုပါ ကွင်းဆင်းစိစစ်ချက်အစီရင်ခံစာအား ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြခဲ့ရာမှာ ပြည်နယ်ဝန်ကြီးချုပ်ကြီးက အကြံပြုချက်အတိုင်းဆက်လက်ဆောင်ရွက်ရန်ဆိုပြီးတော့ မှတ်ချက်ပြုညွှန်ကြားခဲ့သဖြင့် ညွှန်ကြားချက်အတိုင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ လက်ရှိဝယ်ယူနေထိုင်လျက်ရှိသူ ဦးအောင်ကျော်ထွန်းမှ ကူညီပံ့ပိုးပေးခဲ့တဲ့ ငွေကျပ်သိန်း ၄၅၀ ကို မုတ်လွဲသုသာန်ဖြစ်မြောက်ရေးကော်မတီမှ ကွန်ကရစ်လမ်းခင်းရာမှာအသုံးပြုခဲ့ပြီး သုသာန်အသစ်သုံးဧကကိုလည်း ဖော်ထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ သုသာန်မြေနေရာဟောင်းအား ကွင်းဆင်းစိစစ်ရေးအဖွဲ့၏ ကွင်းဆင်းတိုင်းတာချက်အရ လက်ရှိမြေပြင်တွင်ခြံဝင်းခတ်ထားတဲ့ စုစုပေါင်းဧရိယာမှာ ၇.၁၇ ဧကဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့သည့် မြေဧရိယာမှာ ၄.၉၂ ဧကသာဖြစ်တဲ့အတွက် ပိုမိုရယူအသုံးပြုထားတဲ့ မြေဧရိယာ ၂.၂၅ ဧကကို လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့အတိုင်း ကျွန်တော်တို့ အများပြည်သူအသုံးပြုနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးလဂန်ဇယ်ဂျူး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးမြန်းခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ယခုလို ဒုတိယ ဝန်ကြီး လာရောက်ဖြေကြားတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဖြေကြားပေးတဲ့ အကြောင်းအရာ အချို့အတွက်တော့ စိတ်မကောင်းပါဘူး။ ဒီမှာ ဒုတိယဝန်ကြီးရှင်းတဲ့နေရာမှာ အစောပိုင်းရှင်းတဲ့ ဟာတွေတော့ မှန်ကန်ပါတယ်။ ဒီဘက် စစချင်းသိမ်းတဲ့အခါမှာ ဘာလုပ်ဖို့သိမ်းတာလဲ။ အဲဒါပြီးတော့ သိမ်းပြီးတဲ့နောက်မှာ နောက်တစ်ဦးကိုရောင်းလိုက်တယ်။ ဒီသိမ်းတဲ့အခါမှာ ဒုတိယ ဝန်ကြီးရှင်းတဲ့နေရာမှာပါတဲ့အတိုင်း ဝိုင်းမော်မြို့နယ်က ပြည်သူတို့နီးစပ်ရာ လူမျိုးဘာသာပေါင်းစုံ အားလုံးက ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါတယ်။ ကန့်ကွက်တဲ့အချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်မှုမရှိတဲ့အတွက်ကြောင့် ပြည်သူတွေ လိုအပ်သလိုမဖြစ်ခဲ့ရတာ ဖြစ်ပါတယ်။ ပြီးမှ အဲဒီလူကပြန်ရောင်းပြီးမှ ဝယ်တဲ့လူအနေနဲ့မှ သိပ်ကန့်ကွက်တာကြားတဲ့အခါကျတော့ ငွေကျပ်သိန်း ၄၅၀ ဆိုတာ လူနည်းစုကိုပေးတာပါ။ ဒုတိယဝန်ကြီးဖြေတာ ပြောင်းပြန်ပါ။ လူအများစုက သဘောမတူပါဘူး။ လူနည်းစုကသာလျှင် လက်ခံတာပါ။ အဲဒီလိုဆိုတော့ သူ့အနေနဲ့ သိပ်ကန့်ကွက် တာရှိလို့ အဆင်ပြေအောင်ဆိုပြီးတော့မှ ဒီ ငွေကျပ်သိန်း ၄၅၀ ပဲပေးတာပါ။ တစ်မျိုးပြော ရမယ်ဆိုရင်တော့ ဒီ ငွေကျပ်သိန်း ၄၅၀ ဝိုင်းမော်ကိုပြန်ပေးမယ်။ ဒါအားလုံးပြန်ယူလို့ရမလား။ တစ်ချက်က အဲဒါပြီးတော့ နောက်တစ်ချက်က ဒုတိယဝန်ကြီးခုနရှင်းတဲ့နေရာမှာ မြေကွက်တွေကို မေးခွန်းပါတဲ့အတိုင်း ပြန်ပြီးစွန့်လွှတ်ပေးမယ်ဆိုတဲ့အခါကျတော့ ဒါကို ဝိုင်းမော်အတွက် အကောင်အထည်ဖော်နိုင်အောင် တိတိကျကျ ဘယ်အချိန်စွန့်လွှတ်ပေးနိုင်မလဲဆိုတဲ့အချက် နှစ်ချက်လေးကို ပြန်လည်စဉ်းစားတင်ပြခြင်း၊ မေးမြန်းခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်ရန်ဖြစ်ပါတယ်။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ကိစ္စအပေါ်မှာလည်း ကျွန်တော်တို့ များစွာကိုယ်ချင်းစာပါတယ်။ ဒီလိုအများ ပြည်သူအသုံးပြုတဲ့သုသာန်မြေကို ဒီလိုပဲသုံးပစ်တဲ့အတွက် စိတ်မကောင်းပါ။ အဲဒီတော့ ကျွန်တော့်အနေနဲ့လည်း ယခင်ကာလကဖြစ်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ယခင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကဟာကို ယခုအစိုးရကနေပြီးတော့မှ ပြန်လည်ပြီးတော့မှ စိစစ်ပြီးတော့ ဖြစ်ပါတယ်။ ခုနပြောတဲ့ သုသာန်မြေဆိုတာကတော့ အများပြည်သူအကျိုးငှာဖြစ်ပြီးတော့ ဘာကြောင့်သိမ်းတာလဲဆိုတဲ့ဟာတော့ ဒီမှာ တင်ပြပါအတိုင်း ကျွန်တော်တို့ သုသာန်မြေဟာ ယခင်တုန်းကတော့ မြို့ရဲ့အပြင်မှာရှိပြီးတော့ နောက်ဖွံ့ဖြိုးတိုးတက်လာတဲ့အခါနဲ့ ကျွန်တော်တို့ ဗန်းမော်-မြစ်ကြီးနားကားလမ်းမကြီးနဲ့ ကပ်လျက်တည်ရှိနေတဲ့အတွက်ကြောင့် မြို့ဝင်/မြို့ထွက်နေရာဖြစ်တဲ့အတွက်ကြောင့်ရယ်၊ နောက်ပြီးတော့ မြို့အင်္ဂါရပ်ဖြစ်ဖို့ရယ်။ ဒါကြောင့် သိမ်းဆည်းခဲ့တယ်ဆိုပြီးတော့ တင်ပြထားတာဖြစ်ပါတယ်။ ခုနပြောသလိုပဲ တစ်ဦးတစ်ယောက်အတွက် သိမ်းဆည်းခြင်း နောက်တစ်ခါ ပြန်ပြီးတော့မှ သိန်း ၄၅၀ ပေးအပ်ထားခြင်းဆိုတာတွေကတော့ သက်ဆိုင်ရာကော်မတီအလိုက်ဖွဲ့ပြီးတော့မှ ပွင့်လင်းမြင်သာစွာနဲ့ ဆောင်ရွက်စေပါမယ်။ နံပါတ်(၂)မေးခွန်းဖြစ်တဲ့ ဘယ်အချိန်စွန့်လွှတ်ပေးနိုင်မယ်ဆိုတာ ခုန တင်ပြပါအတိုင်း ပိုမိုရယူထားတဲ့မြေဧရိယာ၂.၂၅ ဧကကိုလည်း ကျွန်တော်တို့ စွန့်လွှတ်ခိုင်းထားပြီးဖြစ်ပါတယ်။ အဲဒီတော့ အမြန်ဆုံးအကောင်အထည် ဖော်ပေးနိုင်ဖို့အတွက်ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ကိုယ်စားပြုရတဲ့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေနဲ့ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့အတွက် ညွှန်ကြားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရပ်ကွက်/ကျေးရွာအုပ်စုနေ ပြည်သူလူထုများက အုပ်ချုပ်ရေးမှူးကို တိုက်ရိုက်ရွေးချယ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းတန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပြင်ဆင်သည့်ဥပဒေများအရ အုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများကိုမရွေးချယ်မီ ဆန္ဒမဲပေးခွင့်ရှိသူ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနေပြည်သူလူထုများက အုပ်ချုပ်ရေးမှူးကို တိုက်ရိုက်ရွေးချယ်နိုင်သည့်ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိမေးမြန်းလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေ ပုဒ်မ ၆ အရ ရပ်မိရပ်ဖငါးဦးကို ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း၊ ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ ကြီးကြပ်ရေးအဖွဲ့က ရပ်ကွက်/ကျေးရွာအတွင်းရှိ ဆယ်အိမ်အစုအဖွဲ့၊ ရာအိမ်အစုအဖွဲ့များကိုဖွဲ့စည်းခြင်း၊ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)အရ ဆယ်အိမ်စုအတွင်းနေထိုင်သူများက ပုဒ်မ ၅ ပါအရည်အချင်းများနှင့်ပြည့်စုံသူကို ဆယ်အိမ်မှူးအဖြစ်ရွေးချယ်ခြင်း၊ ပုဒ်မ ၇ ပုဒ်မခွဲ(ဂ)အရ ရာအိမ်စုအတွင်းမှာ ရာအိမ်မှူးရွေးချယ်ခြင်း၊ ပုဒ်မ ၇ ပုဒ်မခွဲ( င) ပုဒ်မခွဲငယ်(၁)အရ ရွေးချယ်ခံရသည့် ရာအိမ်မှူးတစ်ဦးထက်ပိုပါက ယင်းပုဂ္ဂိုလ်များအား အုပ်ချုပ်ရေးမှူးလောင်းအဖြစ် အမည်စာရင်း

ပြုစုခြင်း၊ ပုဒ်မ ၇ ပုဒ်မခွဲ(စ)အရ အုပ်ချုပ်ရေးမှူးလောင်းများထဲမှ အုပ်ချုပ်ရေးမှူးတစ်ဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက လျှို့ဝှက်မဲပေးခြင်း ဟူ၍ လုပ်ငန်းစဉ်အဆင့်အဆင့်ပြဋ္ဌာန်းထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိတည်ဆဲဥပဒေအရ အုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတို့ကိုအခြေခံပြီး စတင်ရွေးချယ်တဲ့အတွက် ကိုယ့်လူပါရေး၊ သူ့လူမပါရေးတို့ကို ဦးတည်ပြီး အကွက်ချဆောင်ရွက်မှုများ ရှိနေပါတယ်။ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စဉ်ကတည်းက အုပ်စုအလိုက်ပြိုင်ဆိုင်မှုတွေရှိတဲ့အတွက် အငြင်းပွားမှုတွေ၊ ခိုက်ရန်ဖြစ်မှုတွေ စတဲ့ပြဿနာတွေဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီအပြင် ဆယ်အိမ်အစုအဖွဲ့နဲ့ ရာအိမ်အစုအဖွဲ့ ဖွဲ့စည်းရာမှာလည်း ပညာပြမှု၊ မရိုးဖြောင့်မှုများရှိခဲ့ ပါတယ်။ ဒီလိုနည်းအမျိုးမျိုးသောမသမာမှုများရှိနေတဲ့အတွက် အရည်အချင်းရှိတဲ့အုပ်ချုပ်ရေးမှူးဖြစ်ထိုက်သူတွေကို ဘေးဖယ်ဖြုတ်ချထားခြင်းခံခဲ့ရပါတယ်။ နောက်ဆုံး ကိုယ်ဖြစ်လိုတဲ့အုပ်ချုပ်ရေးမှူးဖြစ်မလာတဲ့အခါမှာလည်း အချို့သောဆယ်အိမ်မှူး၊ ရာအိမ်မှူးများကိုဆက်သွယ်လို့ မရဖြစ်ပြီး အုပ်ချုပ်ရေးမှူးနဲ့ပူးပေါင်းဆောင်ရွက်ခြင်းမရှိတာကို တွေ့မြင်ရပါတယ်။ တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ(က)နှင့်(ခ)အရ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများသည် အုပ်ချုပ်ရေးမှူးအား လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာကိစ္စများအတွက် အကြံပေးခြင်း၊ အထောက် အကူပြုခြင်းတို့ကိုဆောင်ရွက်ရန် တာဝန်ရှိသည်ဆိုတဲ့ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၈ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ပြန်လည် ရွေးချယ်ခဲ့ရာမှာလည်း ဒီလိုမရိုးဖြောင့်မှုတွေကြောင့် ခြောက်လကျော်ကြာတဲ့အထိ အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲ မအောင်မြင်ဖြစ်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ရပ်ကွက်/ကျေးရွာအကျိုး သယ်ပိုးဆောင်ရွက်ရာမှာ ပြည်သူကိုမျက်နှာမူပြီး ဂုဏ်သိက္ခာနဲ့အရည်အချင်းပြည့်စုံတဲ့ အုပ်ချုပ်ရေးမှူးကောင်းပေါ်ထွက်လာရေးအတွက်လည်းကောင်း၊ မလိုလားအပ်သောပဋိပက္ခများ လျော့နည်းပပျောက်စေရန်အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးယန္တရားကို အုပ်ချုပ်ရေးမှူးနှင့်အတူ စေတနာထားအထောက်အကူပြုဆောင်ရွက်ပေးမယ့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများပေါ်ထွက်လာစေရေးအတွက်လည်းကောင်း အုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများကို အခြေခံထားရွေးချယ်ခြင်းကြောင့် အထက်တင်ပြပါ မရိုးဖြောင့်မှုများ၊ မသမာမှုများမဖြစ်ပေါ်စေရန်အတွက်လည်းကောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်ရန်လိုအပ်နေပါသည်။ သို့ပါ၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေပုဒ်မ ၅ နှင့်ညီညွတ်သောသူကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ဒီမိုကရေစီစံချိန်စံညွှန်းနှင့်အညီ လွတ်လပ်စွာလျှို့ဝှက်မဲပေးရွေးချယ်ခြင်းလုပ်ငန်းစဉ်အား ရှေ့တန်းတင်ဆောင်ရွက်ပေးနိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ စတုတ္ထအကြိမ်ပြင်ဆင်သည့်အခါ ထည့်သွင်းစဉ်းစားခြင်းအစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်မှ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်ကပဲ ဆက်လက်ပြီးတော့ ရှင်းလင်းတင်ပြခွင့်ပြုပါ။ Power Point အသုံးပြုခွင့်ပြုပါရန်လည်း လေးစားစွာဖြင့် တင်ပြအပ် ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ၂၄-၂-၂၀၁၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၈-၃-၂၀၁၂ ရက်နေ့မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်(၇)ဖြင့်လည်းကောင်း၊ ၂၀-၁-၂၀၁၆ ရက်နေ့မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၃)ဖြင့်လည်းကောင်း၊ ၂-၁၂-၂၀၁၆ ရက်နေ့မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄၁)ဖြင့်လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းနှင့်စပ်လျဉ်းပြီးတော့ ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)မှာ ဆယ်အိမ်စုအသီးသီးမှာနေထိုင်ကြတဲ့ အိမ်ထောင်စုကိုယ်စားလှယ်တို့အား စုစည်း၍ မိမိနေထိုင်ရာဆယ်အိမ်စုအတွင်း နေထိုင်သူများအနက်မှ ပုဒ်မ ၅ ပါအရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးကို အများဆန္ဒနှင့်အညီ ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၇ ပုဒ်မခွဲ(ဂ)မှာ ရာအိမ်စုအသီးသီးမှာရွေးချယ်ခံရသော ဆယ်အိမ်မှူးများအနက်မှ ရာအိမ်မှူး တစ်ဦးကို သက်ဆိုင်ရာရာအိမ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်ဟုလည်းကောင်း၊ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(င)တွင် ရွေးချယ်ခံရသော ရာအိမ်မှူးတစ်ဦး ထက်ပိုပါက ယင်းပုဂ္ဂိုလ်အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးလောင်းများအဖြစ် အမည်စာရင်းပြုစုရမည်ဟုလည်းကောင်း၊ ဥပဒေပုဒ်မ ၇

ပုဒ်မခွဲ(စ)တွင် ပြုစုထားသော အမည်စာရင်းပါပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက သတ်မှတ်ထားသောနေ့ရက်တွင် လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ်စေရမည်ဟုလည်းကောင်း အသီးသီးပြဋ္ဌာန်းထားရှိပါတယ်။ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါပြဋ္ဌာန်းချက်များအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းသည် ဆယ်အိမ်မှူးများကိုရွေးချယ်ပြီး ၎င်းတို့အနက်မှ တစ်ဦးကို ရာအိမ်မှူးအဖြစ်လည်းကောင်း၊ ၎င်းရာအိမ်မှူးများအနက်မှတစ်ဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနေ ပြည်သူများ၏သဘောဆန္ဒဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး များကို ရွေးချယ်ရခြင်းဖြစ်သည့်အပြင် သက်ဆိုင်ရာဆယ်အိမ်စုအလိုက် အိမ်ထောင်ဦးစီး၊ အသက် ၁၈ နှစ်ပြည့်ပြီးသော အိမ်ထောင်စုကိုယ်စားလှယ်တိုင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးထားပြီး ဖြစ်၍ ယခင်ရွေးချယ်မှုစနစ်သည် ထိရောက်သောစီမံခန့်ခွဲမှုပုံစံဖြင့် ဆောင်ရွက်တဲ့စနစ်ဖြစ်ပြီး ဒေသခံပြည်သူများ၏ဆန္ဒနှင့်အညီ လွတ်လပ်စွာရွေးချယ်ခွင့်ရရှိပြီးဖြစ်၍ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှုရှိကြောင်း သုံးသပ်ရရှိတင်ပြအပ်ပါတယ်ခင်ဗျား။ ထို့အပြင် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံနှင့် အုပ်ချုပ်ရေးမှူးတို့အား ဥပဒေနှင့်အညီရွေးချယ်ခန့်အပ်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ဥပဒေ ပုဒ်မ ၃၄ ပုဒ်မခွဲ(က)ပါ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ကျေးရွာတာဝန်ခံများက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများအား လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးခြင်း၊ အထောက်အကူပြုခြင်း၊ ဥပဒေအခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များနှင့် ဥပဒေ

အခန်း(၆)ပါ လုပ်ငန်းအခြေခံမူများကို လိုက်နာဆောင်ရွက်ရန်အားနည်းကြောင်း၊ ပျက်ကွက်ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက စိစစ်တွေ့ရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးနည်းဥပဒေများကို ပြင်ဆင်တဲ့နည်းဥပဒေများ အပိုဒ် ၄၂ နှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြ၍ အဆိုပါဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံများအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှရပ်စဲခြင်းများဆောင်ရွက်ပြီး လစ်လပ်သည့်နေရာအတွက် ကြီးကြပ်ရေးအဖွဲ့မှ ဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်ခန့်ထားခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး အဆိုပြုဆွေးနွေးတဲ့ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများကိုမရွေးချယ်မီ ပြည်သူလူထုမှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို တိုက်ရိုက်ရွေးချယ်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးမည်ဆိုပါက Power Point မှာတင်ပြတဲ့အချက်များ ကြုံတွေ့လာနိုင်ကြောင်း တွေ့ရှိရပါတယ်။ (က) အဆိုပြုရွေးချယ်မှုစနစ်အရ အုပ်ချုပ်ရေးမှူးလောင်းအမည်စာရင်း တင်သွင်းသူများစွာ ရှိလာနိုင်သဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ကိုက်ညီမှုရှိ/မရှိစိစစ်ရမည့်ကာလ ရှည်ကြာလာနိုင်ခြင်း၊ ကိုယ်စားလှယ်လောင်းများ များပြားလာခြင်းနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများပြားလာခြင်း၊ မဲလက်မှတ်များ၊ မဲရုံများ၊ မဲရုံမှူးများ၊ မဲလက်မှတ်ထုတ်ပေးသူများနှင့် မဲလက်မှတ်စစ်ဆေးသူများကို သတ်မှတ်ရွေးချယ်ရမည်ဖြစ်ခြင်းတို့ကြောင့် လုပ်ငန်းစဉ်များပြားခြင်း၊ အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲကို တာဝန်ယူဆောင်ရွက်ရမည့် လူအင်အားနှင့် ရွေးချယ်ရမည့်လုပ်ငန်းစဉ်ပမာဏမျှတမှုမရှိ၍ လုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းချက်များဖြစ်ပေါ်လာနိုင်ခြင်း၊ (ခ) အဆိုပြုရွေးချယ်မှုစနစ်အရ ရွေးချယ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပီပြင်စွာအကောင်အထည်ဖော်ရာတွင် ရွေးကောက်ပွဲကြီး

ကျင်းပသကဲ့သို့ ဆောင်ရွက်ရမည်ဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် မလိုလားအပ်သည့် ကုန်ကျစရိတ်များလည်း တိုးမြင့်လာနိုင်ကြောင်း တင်ပြအပ်ပါတယ်။ (ဂ) အဆိုပြုရွေးချယ်မှု စနစ်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်သည့် လုပ်ငန်းစဉ်ပြီးစီးမှ ဆယ်အိမ်မှူး၊ ရာအိမ်မှူးရွေးချယ်မည်ဆိုလျှင် ပြည်သူလူထုစိတ်ဝင်စားမှု အားနည်းပြီးတော့ ရွေးချယ်ရေးလုပ်ငန်းစဉ်များ ပြီးပြတ်မှုမရှိဘဲ အခက်အခဲများလည်းဖြစ်ပေါ်လာနိုင်ခြင်း၊ (ဃ) အဆိုပြုရွေးချယ်မှုစနစ်အရ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများရွေးချယ်ရာတွင် ရွေးချယ်ပြီးသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ ဝင်ရောက်စွက်ဖက်မှု၊ မလျော်သြဇာသုံးမှု စသော အဂတိမကင်းတဲ့လုပ်ဆောင်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း။ သို့ဖြစ်ပါ၍ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများကိုမရွေးချယ်မီ ပြည်သူလူထုမှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး များကို တိုက်ရိုက်ရွေးချယ်တဲ့စနစ်ကို ပြောင်းလဲကျင့်သုံးမည်ဆိုပါက တင်ပြပါအချက်များ ကြုံတွေ့နိုင်သည့်အပြင် အခြားသောအခက်အခဲများလည်း ကြုံတွေ့နိုင်ပါသဖြင့် မူလဥပဒေ အတိုင်းသာ ဆက်လက်ကျင့်သုံးဆောင်ရွက်သင့်ပါကြောင်းနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းရှင်က ဥပဒေပြုမဏ္ဍိုင်မှ ကိုယ်စားလှယ်တစ်ဦးဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဥပဒေများပြင်ဆင်ခြင်းတို့ကို ဆောင်ရွက် နိုင်တဲ့အခွင့်အရေးလည်းရှိပါတယ်။ မိမိရဲ့လုပ်ပိုင်ခွင့်ကို အသုံးပြုစေလိုပါကြောင်း ပြောကြားလို ပါတယ်။

**နန်းယွန်းမြို့နယ်အတွင်းရှိ လက်ရှိပြည်ထဲရေးအမည်ပေါက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ အပါအဝင် ကျေးရွာ ၁၆ ရွာရှိ ဒေသခံပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ဒေသအသုံးအနှုန်းအတိုင်း ကျေးရွာအမည်မှန် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိပြည်ထောင်စုအမည်ပေါက်စာရင်းထဲမှာ မြို့ပေါ် ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအပါအဝင် ကျေးရွာ ၁၆ ရွာအား ဒေသခံပြည်သူများရဲ့ သဘောဆန္ဒနှင့် အညီ ဒေသအခေါ်အဝေါ် အသုံးအနှုန်းအတိုင်း ကျေးရွာအမည်မှန် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်နှင့်စပ်လျဉ်းပြီး သိရှိလိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နာဂလူမျိုးများဟာ မိမိတို့ရဲ့နယ်မြေ၊ ရေမြေ၊ တောတောင်နဲ့ ကျေးရွာအမည်များကို ဘိုးစဉ်ဘောင်ဆက် မိမိတို့ရဲ့မျိုးနွယ်စုများရဲ့ အမည်နာမကိုအစွဲပြုပြီး ခေါ်ဝေါ်သုံးစွဲခဲ့ကြတာ ယနေ့ အချိန်အထိဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ အမြတ်တနိုးတန်ဖိုးထားရတဲ့ တိုင်းရင်းသားလူမျိုး များအတွက် ထင်ရှားတဲ့ကိုယ်ပိုင်လက္ခဏာ အမှတ်အသားတစ်ခုဖြစ်သလို လေးနက်တဲ့အဓိပ္ပာယ် တွေလည်း ပါရှိပါတယ်။ ကမ္ဘာတည်နေသရွေ့ မိမိတို့မျိုးနွယ်စုများတန်ဖိုးထားရတဲ့ အမည်နာမ၊ အခေါ်အဝေါ်၊ အသုံးအစွဲဟာ မိမိတို့လူမျိုးတွေအထဲမှာ တည်ရှိတည်မြဲနေမှာဖြစ်ပါတယ်။ ဒါပေမဲ့ ယခင်အာဏာရှင်အစိုးရလက်ထက်မှာ နန်းယွန်းမြို့နယ်မှာရှိတဲ့ ကျေးရွာအချို့က ဒေသခံမျိုးနွယ်စု

များရဲ့ သဘောထားဆန္ဒမပါဘဲ ယခင်ပြည်ထဲရေးအမည်ပေါက်စာရင်းထဲမှာ ကျေးရွာအမည်များကို မှားယွင်းစွာ ထည့်သွင်းသတ်မှတ်ခဲ့ပြီး လက်ရှိအချိန်အထိ အသုံးပြုလျက်ရှိနေတာကို တွေ့ရှိရပါတယ်။ ပြင်ဆင်ပေးနိုင်ရေး တင်ပြပြောဆိုဖို့ အခွင့်မသာခဲ့လို့ ယနေ့အထိ အမည်မှန်ကို အသုံးပြုခွင့်မရခဲ့တာလည်း ဖြစ်ပါတယ်။ ယနေ့ ပြည်သူ့အစိုးရလက်ထက် လွှတ်တော်ကြီးမှာ ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဒေသခံပြည်သူများရဲ့အသံကို လွှတ်တော်ကြီးကကြားသိပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ပြည်သူလူထုရဲ့ကိုယ်စား တင်ပြရခြင်းပဲဖြစ်ပါတယ်။ ယနေ့ကျွန်တော်တင်ပြတဲ့မေးခွန်းထဲမှာ ဆက်သွယ်သွားလာရေးအခက်အခဲကြောင့် ကျေးရွာအချို့ရဲ့ အမည်စာရင်းပါမလာတာလည်းရှိပါတယ်။ ယခုမေးမြန်းတဲ့ကျေးရွာများနဲ့ပတ်သက်ပြီး မြို့နယ်အဆင့်အနေနဲ့လည်း ဒေသခံပြည်သူများနဲ့တွေ့ဆုံပြီး ဒေသခံများရဲ့ သဘောထားဆန္ဒတွေကိုခံယူခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်သတ်မှတ်ပေးစေလိုတဲ့ ကျေးရွာအမည်များကို မေးခွန်းနှင့်အတူ ပူးတွဲဇယားပေးပို့ထားပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် မေးမြန်းလိုတာကတော့ လက်ရှိအမည်ပေါက် ပန်ဆောင်မြို့အောက်ရပ်ကွက်အား မူလအမည်ဖြစ်တဲ့ နီဟိရပ်ကွက်အဖြစ်လည်းကောင်း၊ ဟရိုတ်မျိုးနွယ်စုများဖြစ်တဲ့ လက်ရှိပြည်ထောင်စုအမည်ပေါက်စာရင်း မှာ ဟရိုတ်နုတ်ညို၊ လုံခတ်၊ ဟရိုတ်ဖော်စွန်၊ ဟရိုတ်လုံးခေါ်၊ ဟရိုတ်လုံကူး၊ ဟရိုတ်လုံဘိုး၊ ရှားမီးကျေးရွာများကို မူလအမည်မှန်ဖြစ်တဲ့ အောလော်ဟကျိပ်နုတ်ညိုကျေးရွာ၊ အောလော် လုံကဲကျေးရွာ၊ အောလော်ဖောင်ရှောမ်ကျေးရွာ၊ အောလော်လုံခေါ်ကျေးရွာ၊ အောလော်လုံကူ ကျေးရွာ၊ အောလော်လုံဗူကျေးရွာ၊ အောလော်တူညိုကျေးရွာများအဖြစ်လည်းကောင်း၊ ကဲဆန် မျိုးနွယ်စုများရဲ့ကျေးရွာများဖြစ်တဲ့ လက်ရှိအမည်ပေါက် ကဲဆန်ဘောက်လွှမ်း၊ ကဲဆန်ဆာလင်၊ ကဲဆန်နုတ်ညို၊ ကဲဆန်လုံကျန်း၊ ကဲဆန်ကားလံကျေးရွာများကို မူလအမည်မှန်ဖြစ်တဲ့ ကိုင်းဆန် ဘောက်လုမ်၊ ကိုင်းဆန်ကျန်းလန်း၊

ကိုင်းဆန်နုတ်နု၊ ကိုင်းဆန်လုန့်ကျန်၊ ကိုင်းဆန်လမ်းကျန်း ကျေးရွာများအဖြစ်လည်းကောင်း၊ ဂရဲ့မျိုးနွယ်စုများနေထိုင်တဲ့ ယခုလက်ရှိအမည်ပေါက် ကကြီးချမ်းမြူးကျေးရွာအား မူလအမည်မှန်ဖြစ်တဲ့ ဂရဲချမ်းဖူးကျေးရွာအဖြစ်လည်းကောင်း ဒေသခံ ပြည်သူများရဲ့ သဘောဆန္ဒအတိုင်း ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုတဲ့အတွက် ဒေသခံ ကျေးရွာမျိုးနွယ်စုများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်မြင့်မှပဲ ဆက်လက်ပြီးတော့ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်အတွင်းရှိ မူလ ကဲဆန်ဘောက်လွန်း၊ ကဲဆန်ဆာလင်၊ ကဲဆန်လောင်ကျန် ကျေးရွာအုပ်စုသုံးအုပ်စုနှင့် ကျေးရွာငါးရွာတို့ဟာ ကိုင်းဆန်မျိုးနွယ်စုများဖြစ်တဲ့ အဘိုး(ကိုင်း)နှင့် အဘွား(ဆန်)ကို အမည်ပြုပြီးတော့ ဆင်းသက်လာပုံအရ ယခင်ဒေသအတွင်း ကိုင်းဆန်ကျေးရွာလို့ ခေါ်ဝေါ်သုံးစွဲလျက်ရှိရာမှာ အခုကဲဆန်ကျေးရွာဟု မှားယွင်းသုံးစွဲခဲ့ခြင်းအား ပြင်ဆင်ပြောင်းလဲအတည်ပြုပေးရန်နှင့် ကိုင်းဆန်ယွမ်ကျိန့်ကျေးရွာအား တရားဝင်အမည်ပေါက်ဆောင်ရွက်ပေးရန် ၂၀-၇-၂၀၁၉ ရက်စွဲပါစာဖြင့်စော်ဘွားနှစ်ဦး၊ ရပ်မိရပ်ဖလေးဦး၊

ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ လက်မှတ်ရေးထိုး၍ Power Point မှာတင်ပြထားတဲ့အတိုင်း ကျေးရွာအမည်များ ပြင်ဆင်ပြောင်းလဲပေးဖို့ တင်ပြလာခဲ့ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အဆိုပါတင်ပြလာသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကိုခေါ်ယူ၍ ပေါင်းစပ်ညှိနှိုင်းပြီး အမှုတွဲ တည်ဆောက်တင်ပြနိုင်ရေးဆောင်ရွက်ရန် နာဂဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၉-၇-၂၀၁၉ ရက်စွဲပါစာဖြင့် အကြောင်းကြားထားရှိပြီးဖြစ်ပါတယ်။

ထို့အပြင် နန်းယွန်းမြို့နယ်၊ မူလ ဟရိုတ်နောက်ညူကျေးရွာအုပ်စုအတွင်း ကျေးရွာလေးရွာနှင့် ကော်လန်းကျေးရွာအုပ်စု၊ လောင်ခပ်ကျေးရွာ၊ ချမ္မကောက်ဆန်ရီကျေးရွာအုပ်စု၊ ရှာမီး(ဆွန်ရော) ကျေးရွာ၊ ဟဟောင်ကျေးရွာအုပ်စု၊ လောင်ပုကျေးရွာတို့အား အောလော်အမည်ဖြင့် အစားထိုး အမည်ပြင်ဆင်ခြင်း၊ မိမိတို့ဆင်းသက်ရာအမည်မှန်များကို အစားထိုးအမည်ပြင်ဆင်သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးပါရန် ရပ်မိရပ်ဖ ၂၀ ဦးမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလေးဦးတို့၏ ထောက်ခံ တင်ပြချက်များနှင့်အတူ Power Point မှာတင်ပြပါအတိုင်း ကျေးရွာအမည်များအတိုင်း ပြင်ဆင်ပေး ပါရန် တင်ပြလာသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို လာရောက်၍ ညှိနှိုင်းဆောင်ရွက်ပြီး အမှုတွဲ တည်ဆောက်ပြုစုတင်ပြနိုင်ရေးဆောင်ရွက်ရန် နာဂဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြောင်းကြားထားရှိခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နန်းယွန်းမြို့နယ်၊ ကကြီးချန်မြူကျေးရွာအုပ်စု၊ ကကြီးချန်မြူကျေးရွာအား “ဂ”ရဲ့မျိုးနွယ်စုများနေထိုင်သည့် ကျေးရွာဖြစ်သဖြင့် “ဂ”ရဲ့ကျေးရွာအုပ်စု၊ “ဂ”ရဲ့ကျေးရွာအဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ် အသုံးပြုခွင့်ပြုပါရန် တင်ပြလာမှုအပေါ် ကျေးရွာအမည်ပြောင်းလဲနိုင်ရေးအတွက် နာဂဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၇-၉-၂၀၁၉ ရက်စွဲပါစာဖြင့် လာရောက်တွေ့ဆုံညှိနှိုင်း၍

အမှုတွဲ တည်ဆောက်တင်ပြနိုင်ရေး ညွှန်ကြားထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ နန်းယွန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများရဲ့အမည်ကို ဒေသအသုံးအနှုန်းအတိုင်း အမည်မှန်ပြင်ဆင်သတ်မှတ်ပေးနိုင်ရေးတင်ပြလာတဲ့ ကျေးရွာအုပ်စုရှစ်အုပ်စု၊ ကျေးရွာ ၁၄ ရွာအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ပြောင်းလဲပြင်ဆင်နိုင်ရေးအတွက် အမှုတွဲပြုစုတင်ပြ နိုင်ရန် အသေးစိတ် အချက်အလက်များ သိရှိနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် အကြောင်းကြား ထားပြီးဖြစ်ပါကြောင်းနှင့် ကျန်ရပ်ကွက်၊ ကျေးရွာနှစ်ခုကိုလည်း အမှုတွဲတင်ပြဆောင်ရွက်ရေး အကြောင်းကြားဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ အဆိုပါရပ်ကွက်၊ ကျေးရွာများမှ စော်ဘွားများ၊ ရပ်မိရပ်ဖများ၊ ကိုယ်စားလှယ်များနှင့်ပေါင်းစပ်ညှိနှိုင်း၍ အသေးစိတ်အချက်အလက်များရရှိလာချိန် တွင် ရပ်ကွက်၊ ကျေးရွာများ အမည်ပြောင်းလဲပြင်ဆင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲပြုစု၍ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာ နိုင်ပါပြီ။

**စစ်တွေမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် လိုအပ်နေသောမျက်စိအထူးကု၊ နှလုံးအထူးကု၊ ကင်ဆာအထူးကုဆရာဝန်များနှင့် ကုသရေးဆိုင်ရာကိရိယာများကို အမြန်ဆုံး ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်။ ကျွန်မကို Power Point ဖြင့်တင်ပြခွင့်ပေးပါရန်တောင်းခံအပ်ပါတယ်ရှင်။ ကျွန်မမေးမယ့်မေးခွန်းကဆွေးနွေးပြီးဖြစ်တဲ့ စစ်တွေမြို့၊ အထွေထွေ ရောဂါကုဆေးရုံကြီး(ခုတင်-၅၀၀)တွင် မျက်စိအထူးကုဆရာဝန်၊ နှလုံးအထူးကုဆရာဝန်၊ ကင်ဆာအထူးကုဆရာဝန်များနှင့် လိုအပ်လျက်ရှိနေတဲ့ ကုသရေးဆိုင်ရာကိရိယာများကို အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ စစ်တွေမြို့ဟာ ရခိုင်ပြည်နယ်ရဲ့မြို့တော်ဖြစ်တာနဲ့ အညီပြည်နယ်သူပြည်နယ်သားတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်နိုင်ငံတော်အစိုးရကခုတင်(၅၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီးကို ခုနှစ် ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ ရာသီဥတုနဲ့ အစားအသောက်တို့ပြောင်းလဲမှုအတွက်ကြောင့် ရောဂါဘယများထူပြောလာကြပါတယ်။ ပြည်နယ်သူပြည်နယ်သားတို့သာမက မြို့နယ်အများစုမှာလည်း ဤဆေးရုံကြီးကို မျှော်လင့်ချက်များစွာဖြင့် အားကိုးလျက်ရှိနေကြပါတယ်ရှင်။ ကျွန်မမေးခွန်းမေးပြီးတဲ့နောက်ပိုင်းမှာပဲ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်နေ့မှာ မျက်စိအထူးကုဆရာဝန်တစ်ဦးကိုတော့ ခန့်ထားပြီးဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်လည်း ကျွန်မတို့က သက်ဆိုင်ရာကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ ကျွန်မတို့မှာ ခွဲစိတ်သုံးကိရိယာများအထူးလိုအပ်လျက်ရှိနေတာကိုလည်း သိရှိရပါတယ်ရှင်။ ရခိုင်ပြည်နယ်မှာဆိုရင် နှလုံးရောဂါဖြစ်ပေါ်နှုန်းအလွန်များပြားလျက်ရှိနေပါတယ်။ မွေးရာပါနှလုံးရောဂါသည်များ၊ နှလုံးသွေးကြောကျဉ်း၊ နှလုံးသွေးကြောကျယ်ရောဂါများဖြစ်ပေါ်နေတဲ့ ရောဂါဝေဒနာရှင်များ အထူးများပြားလျက်ရှိတာကိုလည်း တွေ့ရှိရပါတယ်။ နှလုံးရောဂါအထူးကုဆရာဝန်ကြီးများလည်း ခန့်ထားခြင်းမရှိသေးတဲ့အတွက် ကျွန်မတို့ရဲ့ပြည်နယ်သူပြည်နယ်သားများဟာ မည်သူ့ကိုအားကိုးရမှန်းမသိရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့်မို့လို့ စစ်တွေမြို့(ခုတင်-၅၀၀)ဆံ့ဆေးရုံကြီးမှာ နှလုံးရောဂါကုဆရာဝန်ကြီးများနှင့် အခုကုသတဲ့စက်ကိရိယာများ အထူးလိုအပ်လျက်ရှိနေတာကိုလည်း

တွေ့ရှိနေရပါတယ်ရှင်။ ကင်ဆာရောဂါများအထူးများပြားလာကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ကင်ဆာရောဂါသည်များမှာ သေမယ့်နေ့ကိုစောင့်မျှော်နေကြရသလိုပါပဲ။ မသေခင် သက်သာစွာနေထိုင်နိုင်မှုကိုလည်း လိုအပ်လျက်ရှိနေကြရပါတယ်။ အခြားမြို့ကြီးများမှာ အထူးကုဆရာဝန်ကြီးများ၊ ဓာတ်ရောင်ခြည်ကုသခြင်းများ ဆောင်ရွက်ကုသနိုင်ကြပါသော်လည်း စစ်တွေမြို့ ခုတင်(၅၀၀)မှာ ကုသနိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့ပြည်သူပြည်သားများအတွက် အထူးလိုအပ်နေတဲ့ ကင်ဆာအထူးကုဆရာဝန်ကြီးနဲ့ ကုသတဲ့ကိရိယာများအထူးလိုအပ်လျက်ရှိနေပါတယ်ရှင်။ ဒါကတော့ ရခိုင်ပြည်နယ်ခုတင်(၅၀၀)ဝန်ထမ်းဖွဲ့စည်းပုံဖြစ်ပါတယ်။ ဒီဘက်က လက်ရှိလိုအပ်လျက်ရှိတဲ့ အထူးကုဝန်ထမ်းတွေဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရဆိုလို့ရှိရင် ဝန်ထမ်းအင်အား ၈၈၂ ဦးဖြစ်ပါတယ်။ ယခုလက်ရှိလည်ပတ်နေတဲ့ဝန်ထမ်းအင်အားမှာတော့ ၄၀၃ ဦးဖြစ်နေတာကိုတွေ့ရပါတယ်။ အခုလောလောဆယ်လိုအပ်လျက်ရှိတဲ့ဝန်ထမ်းစာရင်းမှာဆိုရင် ဦးနှောက်အထူးကု၊ ဦးနှောက်အထူးကုကလည်း ကျွန်မတို့ရခိုင်ပြည်အတွက်အင်မတန်မှ အရေးကြီးပါတယ်။ ဦးနှောက်အထူးကုလည်း မရှိသေးပါဘူးရှင်။ ကျွန်မမေးခွန်းထဲမှာ ကင်ဆာအထူးကု၊ နှလုံးအထူးကုကိုတော့ မေးခွန်းမေးပြီးဖြစ်ပါတယ်။ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ သန့်ရှင်းရေးဝန်ထမ်းများကလည်း လိုအပ်လျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ်တစ်ရပ်လုံး၏ အားကိုးနိုင်လောက်တဲ့ ဆေးရုံကြီးဖြစ်လာဖို့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန် ဖြစ်ပါတယ်ရှင်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် မျက်စိအထူးကုဆရာဝန်ဖြည့်ဆည်း ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ အထူးကုဆရာဝန်ကြီး(မျက်စိ) ဒေါက်တာမိုးကျော်(ဆမ-၁၁၂၆၄)သည် ၂၃-၁၂-၂၀၁၃ မှစ၍ယနေ့ထိ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ထို့အပြင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ဆေးရုံကြီးသို့ ကုသရေးဦးစီးဌာန၏ ၄-၆-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၃မက(က)၂၀၂၀/၁-၁၉၃ ဖြင့် ဒေါက်တာမြတ်မဋ္ဌူအောင်(ဆမ-၂၅၇၁၃)၊ လက်ထောက်ဆရာဝန်(မျက်စိ)အား ခန့်အပ် ထားပြီး ၃-၇-၂၀၂၀ ရက်နေ့မှစ၍ လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ နှလုံးအထူးကုဆရာဝန်ခန့်ထားပေးရေးနှင့်ပတ်သက်၍ နှလုံးအထူးကုဆရာဝန် တစ်ဦးဖြစ်လာရန်အတွက် ဆေးပညာ(မဟာဘွဲ့)ရရှိပြီး လုပ်သက်အတွေ့အကြုံနှစ်နှစ်ရှိပြီးနောက် ဆေးလက်တွေ့ပါရဂူဘွဲ့ သုံးနှစ်ထပ်မံတက်ရောက်ပြီးအောင်မြင်မှသာလျှင် နှလုံးအထူးကု ဆရာဝန်တစ်ဦးအဖြစ်သတ်မှတ်ခြင်း ခံရပါတယ်။ ဆေးပညာဘွဲ့(MBBS)ရရှိပြီးအနည်းဆုံး ၁၀ နှစ်ကြာမှ နှလုံးအထူးကုဆရာဝန်တစ်ဦး ဖြစ်လာနိုင်ပါတယ်။ ကုသရေးဦးစီးဌာနအနေနဲ့ တစ်နိုင်ငံလုံးတွင်နှလုံးအထူးကုဆရာဝန် ၃၂ ဦးသာရှိပြီး နှလုံးအထူးကုဆရာဝန်ဖြစ်လာရန်အတွက် ဆေးလက်တွေ့ပါရဂူတက်ရောက်နေသူ ၁၇ ဦးရှိနေပါတယ်။ သို့ဖြစ်ပါ၍ လတ်တလောအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီး တို့၌သာ နှလုံးရောဂါအထူးကုများဖြင့် ကုသမှုပေးလျက်ရှိနေပါတယ်။ ကျန်တိုင်းဒေသကြီး၊ ပြည်နယ် ဆေးရုံကြီးများတွင် နှလုံးဆေးကုဌာန ဖွင့်လှစ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနအနေဖြင့် နှလုံးရောဂါကုသရေးအတွက် မဟာဗျူဟာစီမံချက် National Strategic Plan For

Cardiovascular Disease Services Cardiology in Myanmar (2019–2024)အား ငါးနှစ်စီမံကိန်းချမှတ်၍ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံကြီးများဖြစ်သော ပြည်သူ့ဆေးရုံကြီးများအတွက် နှလုံးရောဂါ အထူးကုများဖွင့်လှစ်နိုင်ရေးဌာနများဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ပြည်သူ့ဆေးရုံကြီးများ စစ်တွေမြို့အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခုတင်(၅၀၀)ဆံ့ဆေးရုံကြီးများ၌ ခွဲစိတ်မှုမပါဝင်သောနှလုံးဆေးကုဌာန (Non Invasive Cardiology Department) များဖွင့်လှစ်၍ နှလုံးအထူးကုဆရာဝန်များ အလှည့်ကျစနစ်ဖြင့် တာဝန်ပေးအပ်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ်နောက်ဆုံးထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီမံချက်ရေးဆွဲထားပြီးဖြစ်ပါတယ်။ လတ်တလောအနေဖြင့် ပြည်သူ့ဆေးရုံကြီး(စစ်တွေမြို့)တွင် အထူးကုဆရာဝန်ကြီး(ဆေးပညာ) တစ်ဦးနှင့် အထူးကုဆရာဝန်(ဆေးပညာ)နှစ်ဦး စုစုပေါင်း သုံးဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ၎င်းတို့နှစ်ဦးမှာ အရေးပေါ်ဖြစ်သော နှလုံးရောဂါများကုသနိုင်သည့် လေ့ကျင့်မှုများ ရရှိထားသူများဖြစ်ပြီး ထိုကဲ့သို့လေ့ကျင့်မှုရရှိထားသည့် လက်ထောက်ဆရာဝန်(ဆေးပညာ)နောက်ထပ်နှစ်ဦးအားလည်း ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ နောက်ဆုံးထား၍ ထပ်မံဖြည့်ဆည်းခန့်ထားပေးရန် လျာထားပြီးဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ကင်ဆာအထူးကု ဆရာဝန်များဖြည့်စွက်ခန့်ထားနိုင်ရန် အစီအစဉ်နဲ့ပတ်သက်၍ ကင်ဆာရောဂါဆေးပညာရှင်တစ်ဦးအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ နောက်ဆုံးထား၍ ပြည်သူ့ဆေးရုံကြီး(စစ်တွေမြို့)သို့ စေလွှတ်ခန့်အပ်ပေးသွားမှာဖြစ်ပါတယ်။ ကင်ဆာရောဂါဓာတ်ရောင်ခြည်ဘာသာရပ်နှင့်ပတ်သက်၍ ၎င်းဘာသာရပ်သည်အဏုမြူဓာတ်ရောင်ခြည်ထုတ်လွှတ်သောစက်၊ ဓာတ်ရောင်ခြည်ထုတ်လွှတ်သော စက်များအသုံးပြုရ၍ ကုသရသည့်အတွက် အဆိုပါစက်များတပ်ဆင်ရာတွင် အများပြည်သူအန္တရာယ်ကင်းရှင်းရေးအကျိုးငှာ နိုင်ငံတကာအဏုမြူအေဂျင်စီမှ ချမှတ်ထားသောစံချိန်စံညွှန်းများ၊ စစ်ဆေးမှုများဖြင့်လုပ်ကိုင်ရပြီး အဆိုပါအဖွဲ့၏ထောက်ခံချက်ရရှိမှသာ တပ်ဆင်အသုံးပြုရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ

စက်များအား ရန်ကုန်မြို့၊ မန္တလေးမြို့၊ နေပြည်တော်၊ တောင်ကြီးမြို့များ၌သာ ယခုအခါ တပ်ဆင်လည်ပတ်လျက်ရှိပြီး အဆိုပါစက်တည်ရှိရာမြို့များသို့သာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိလူနာများ လွှဲပြောင်းကုသနေရမှာဖြစ်ပါတယ်ရှင်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှာ စစ်တွေပြည်သူ့ဆေးရုံကြီးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရန် ရန်ပုံငွေကျပ် ၇၁၀ သန်းခွင့်ပြုပေးခဲ့ပါတယ်။ ၎င်းအနက် မျက်စိရောဂါကုသရန် ဆေးနှင့်ဆေးပစ္စည်း တန်ဖိုးဝယ်ရန် ၉.၂၇၃၃ ကျပ်သန်းအားလည်းကောင်း၊ နှလုံးရောဂါအထူးကုဆေးကုသရန် ဆေးနှင့်ဆေးပစ္စည်းတန်ဖိုး ကျပ်သန်း ၉.၁၆၆၈ သန်းအားလည်းကောင်း လူနာများအတွက် ဝယ်ယူထောက်ပံ့ပေးခဲ့ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်လျက်ရှိသော Ophthalmoscope မျက်စိနှင့်ပတ်သက်သော One Unit အား IV no.114/8/2020 အားဖြင့်လည်းကောင်း Autoclave One Number အား IV no. 115/8/2020 ဖြင့်လည်းကောင်း ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်မြို့)မှ ၁၄-၈-၂၀၂၀ ရက်နေ့တွင် ပေးပို့ထောက်ပံ့ထားပြီးဖြစ်ပါ၍ ထပ်မံလိုအပ်လာမည့်ဆေးနှင့်ဆေးပစ္စည်းများအား စစ်တွေပြည်သူ့ဆေးရုံကြီးမှ တောင်းခံလာပါက ဘဏ္ဍာငွေချထားပေးခြင်းအားဖြင့်လည်းကောင်း၊ ဝယ်ယူပေးခြင်း အားဖြင့်လည်းကောင်း ဆက်လက်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ခန္တီးမြို့နယ်၊ တိုက်တီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများကို ဆက်လက်ဆောက်လုပ်ခြင်းမရှိသည့် ကုမ္ပဏီနှင့် လုပ်ငန်းတည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီးခြင်းမရှိဘဲ ထောက်ခံပေးသည့် မြို့နယ်အဖွဲ့အစည်းအသီးသီးကို မည်သို့အရေးယူဆောင်ရွက်မည်နှင့် ယင်းအဆောက်အဦများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သန်းစိန်(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန် ဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့အစည်းအဝေးမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ခန္တီးမြို့နယ်၊ တိုက်တီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများကို ကုမ္ပဏီမှပြီးစီးအောင် ဆက်လက်ဆောက်လုပ်မှုမရှိခြင်းကိစ္စကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးခွန်းတင်ကတည်းက အပြည့်အစုံတင်ပြထားပြီးဖြစ်လို့ လိုရင်းကိုပဲ မေးမြန်းသွားမှာဖြစ်ပါတယ်။ တိုက်တီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကို တင်ဒါအောင် Naga Brother ကုမ္ပဏီက တည်ဆောက်ရေးလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီးခြင်းမရှိဘဲ မြို့နယ်အဖွဲ့အစည်းအသီးသီးတို့ရဲ့ ထောက်ခံချက်ရယူပြီး ခွင့်ပြုရန်ပုံငွေရဲ့ ၅၀ ရာခိုင်နှုန်း ၃၀.၁၂၅ သန်းကို ထုတ်ယူသုံးစွဲထားပြီးဖြစ်ပါတယ်။ ၎င်းတည်ဆောက်ရေးလုပ်ငန်းကိစ္စနှင့်ပတ်သက်ပြီး အဆောက်အဦဓာတ်ပုံမှတ်တမ်းနှင့်တကွ ၂၁-၅-၂၀၁၈ ရက်စွဲဖြင့် အဋ္ဌမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ကြယ်ပွင့်မပြမေးခွန်း မေးခဲ့ပါတယ်။ အဆိုပါ

မေးခွန်းနှင့်ပတ်သက်ပြီး ၂၆-၅-၂၀၁၈ ရက်နေ့ နေ့လယ် ၁:၀၀ နာရီအချိန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးရုံးခန်း၌ သက်ဆိုင်ရာကုမ္ပဏီအား ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း အပြီးဆောင်ရွက်ရန် လူမှုဝန်ထမ်းကြီးကြပ်ရေးဝန်ကြီးက လမ်းညွှန်မှာကြားပြီးဖြစ်ရာ စာချုပ်များချုပ်ဆိုလျက် ကုမ္ပဏီမှဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဆိုပြီး တိုင်းဒေသကြီး၊ လူမှုဝန်ထမ်းကြီးကြပ်ရေးဝန်ကြီးဖြေကြားခဲ့တာကို ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် ၁၇-၇-၂၀၁၈ ရက်စွဲဖြင့် ကြယ်ပွင့်မပြမေးခွန်းကို ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပေးပါခင်ဗျား။ ဒါကတော့ ကြယ်ပွင့်မပြမေးခွန်းကို ဖြေကြားပေးခဲ့တဲ့ အဖြေဖြစ်ပါတယ်။ ဒီပုံကတော့ ၂၉-၆-၂၀၂၀ ရက်နေ့အထိ အဆောက်အဦများကို ကုမ္ပဏီမှဆက်လက်ဆောက်လုပ်ခြင်းမရှိသေးတဲ့ပုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၆-၃-၂၀၂၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းတင်လိုက်မှ ကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှစတင်ပြီး အဆောက်အဦများကို ပြန်လည်ဆောက်လုပ်နေတယ်လို့ သိရှိရပါတယ်။ သို့ဖြစ်ပါ၍ တိုက်တီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများကို ပြီးစီးမှုမရှိပါက ကုမ္ပဏီကို မည်သို့အရေးယူဆောင်ရွက်ပေးမည်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်မည်သို့စီမံဆောင်ရွက်ပေးမည်တို့ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။ ။**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်မ ဒေါက်တာဒေါ်မြလေးစိန်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်ရှိ တိုက်တီးကျေးလက်ကျန်းမာရေးဌာနခွဲသည် ခန္တီးမြို့မှ မိုင် ၅၀ ကွာဝေးပြီး ရေလမ်းတစ်မျိုးတည်းဖြင့် သွားရသောနေရာတစ်ခု ဖြစ်ပါတယ်။ အနီးဆုံးကျေးလက်ကျန်းမာရေးဌာနခွဲအနေဖြင့် ပဒူးမုန်းကျေးလက်ကျန်းမာရေးဌာနခွဲမှ ၁၅ မိုင်နှင့် ဆင်သေကျေးလက်ကျန်းမာရေးဌာနခွဲမှ ၂၅ မိုင်ခန့်ကွာဝေးကြောင်း သိရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ တိုက်တီးကျေးရွာ ကေျးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ရေးလုပ်ငန်းအား စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဒေသန္တရစီမံကိန်းတင်ပြချက်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူလူထု၏တောင်းဆိုချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်တွင် စီမံကိန်းတန်ဖိုးဖြစ်သော ကျပ် ၆၃.၀၀ သန်းဖြင့် ဝန်ကြီးဌာနမှ အဆင့်ဆင့်တင်ပြခွင့်ပြုပေးခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့နှင့်လည်းကောင်း၊ အရည်အသွေးစစ်ဆေးရေးကော်မတီအဖွဲ့ဖြင့်လည်းကောင်း တင်ဒါရွေးချယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ တိုက်တီးကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်းလုပ်ငန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ Lock No-4 ဖြင့် ၃၀-၁၂-၂၀၁၆ ရက်နေ့တွင် Naga Brother ကုမ္ပဏီမှ ရန်ပုံငွေကျပ် ၆၀.၂၅၀ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့ပြီး Naga Brother ကုမ္ပဏီအား ၆-၁-၂၀၁၇ ရက်နေ့တွင် ကျပ် ၆၀.၂၅၀ သန်းဖြင့် လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်ချုပ်ဆို၍ တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်

စေခဲ့ပါတယ်။ Naga Brother ကုမ္ပဏီသည် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်း ၂၅ ရာခိုင်နှုန်းပြီးစီးကြောင်း ထောက်ခံချက်အရ ပထမအကြိမ် တန်ဖိုးငွေ ၁၅.၀၆၂၅ သန်းအား ပေးချေနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တင်ပြခဲ့ပြီး ငွေပေးချေခဲ့ပါတယ်။

တိုက်တီးကျေးလက်ကျန်းမာရေးဌာနခွဲ၏ တည်ဆောက်ရေးလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီးမှု ဒုတိယအရစ် ၂၅ ရာခိုင်နှုန်း ရန်ပုံငွေပေးချေနိုင်ရေးအတွက် မှတ်တမ်းဓာတ်ပုံများဖြင့် တင်ပြလာခြင်းကို မြို့နယ်ဆောက်လုပ်ရေးကော်မတီ၏ ကြီးကြပ်မှုထောက်ခံချက်ဖြင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခွင့်ပြုချက်ရယူပြီး ၁၆-၅-၂၀၁၇ ရက်နေ့တွင် ရန်ပုံငွေကျပ် ၁၅.၀၂၅ သန်းအား ပေးချေခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုက်တီးကျေးလက်ကျန်းမာရေးဌာနခွဲ၏လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ကျန်ရန်ပုံငွေ ၃၀.၁၂၅ သန်းအား ပြန်လည်အပ်နှံခဲ့ပါတယ်။ တိုက်တီးကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ရေး လုပ်ငန်းအတွက် ပြန်လည်အပ်နှံသည့်ရန်ပုံငွေအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကာလတွင် ဘဏ္ဍာရေးလုပ်ငန်းစဉ်အရ လျာထားဆောင်ရွက်နိုင်ခြင်းမရှိ၍ လုပ်ငန်းများဆက်လက်ဆောင်ရွက် နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်တွင် ပြန်အပ်ရန် ရန်ပုံငွေလျာထားခဲ့ပါတယ်။ ၅-၈-၂၀၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများသည် ဒေသဖွံ့ဖြိုးရေး အတွက် ကျေးလက်လူထုနှင့်တွေ့ဆုံ၍ တိုက်တီးကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦဆောက်လုပ်ခြင်းအား ၅၀ ရာခိုင်နှုန်းအဆင့် ပြီးစီးမှုမရှိသေးကြောင်း တွေ့ရှိရပါသဖြင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ စစ်ဆေးမေးမြန်းကြည့်ရာ တည်ဆောက်မှုလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီး

ကြောင်း မှတ်တမ်းဓာတ်ပုံများနှင့် တင်ပြလာသည့်အတွက် အဆင့်ဆင့်ထောက်ခံချက်ဖြင့် ၃၀.၁၂၅ သန်းအား ထုတ်ပေးခဲ့ကြောင်း တင်ပြခဲ့ပါတယ်။

ပြီးစီးမှုမရှိဘဲ ထောက်ခံပေးခဲ့သည့်အတွက် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်မပြမေးခွန်းအား မေးမြန်းခဲ့ပါတယ်။ ကျေးလက်ကျန်းမာရေး ဌာနခွဲ၏ တည်ဆောက်ရေးလုပ်ငန်း ရန်ပုံငွေခွင့်ပြုချက်အရ Naga Brother ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သော်လည်း မြေပြင်စိစစ်မှုအရ လုပ်ငန်းပြီးစီးမှုမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးမှုမရှိသည်ကို တွေ့ရခြင်းကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာကုမ္ပဏီအား သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်ရန် ညွှန်ကြားခဲ့သော်လည်း ကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်မှုမရှိခြင်းအရ တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ၂၇-၈-၂၀၁၈ ရက်နေ့တွင် အစီရင်ခံတင်ပြခဲ့ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုမရှိသည့်အခြေအနေအရ လုပ်ငန်း၏ရန်ပုံငွေရရှိသုံးစွဲမှု၊ လုပ်ငန်းပြီးစီးဆောင်ရွက်မှုများကို စစ်ဆေးတင်ပြရန် ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဦးဆောင်၍ တိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန၊ တိုင်းဒေသကြီးစီမံကိန်းဦးစီးဌာန၊ ခရိုင်စီမံကိန်း ကော်မတီများပါဝင်သောအဖွဲ့ကို ၁၃-၅-၂၀၁၉ ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ တိုင်းဒေသကြီး၏တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်ကာလ အတွင်း ပြီးစီးဆောင်ရွက်မှုမရှိခြင်းနှင့် လွှတ်တော်မေးမြန်းချက်များအရ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပြီးစီးမှု မရှိသေးသောလုပ်ငန်းများအား စိစစ်ရန် တာဝန်ပေးချက်အရ ဒုတိယဝန်ကြီးဦးဆောင်သောအဖွဲ့က ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့သွားရောက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးသို့လည်း သွားရောက်ခဲ့ ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုဝန်ထမ်းကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီးများနှင့်

တွေ့ဆုံ၍ ၉-၁-၂၀၂၀ ရက်နေ့တွင်တွေ့ဆုံလျက် ဒေသတွင်းရှိတည်ဆောက်ရေးလုပ်ငန်းများ နာဂဒေသရှိ ဆောင်ရွက်ဆဲလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

ဆွေးနွေးမှုများအရ လုပ်ငန်းလမ်းညွှန်ချက်ဖြင့် ကော်မတီစိစစ်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းစာနှင့် တိုင်းဒေသကြီးသို့ မေတ္တာရပ်ခံခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့လည်း ၂၂-၅-၂၀၂၀ ရက်နေ့တွင် အကြောင်းကြားဆောင်ရွက်ခဲ့ပါတယ်။ တိုက်တိုးကျေးလက်ကျန်းမာရေးဌာနခွဲ ပြီးစီးဆောင်ရွက်နိုင်ရန်အတွက် ကျန်ရှိရန်ပုံငွေ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးကာလအတွင်း ပြန်လည်လျာထား ဆောင်ရွက်ခဲ့ပါတယ်။ Naga Brother ဆောက်လုပ်ရေးကုမ္ပဏီအား ၁၈-၂-၂၀၂၀ ရက်နေ့တွင် ခွင့်ပြု တာဝန်ပေးအပ်ပြီး ဆက်လက်ဆောက်လုပ်ရန်အတွက် ညွှန်ကြားခဲ့တဲ့အတွက်ကြောင့် ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနမှ တင်ပြလာပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တင်ပြချက်အရ ၂၇-၆-၂၀၂၀ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုဝန်ထမ်းကြီးကြပ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနရှေ့မှောက်တွင် ယခုဘတ်ဂျက်ကာလအတွင်း ပြီးစီးဆောင်ရွက်ပါမည်ဟု ကတိဝန်ခံချက်ထိုး၍ စာချုပ်အသစ်ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးဆောင်ရွက်မှုမရှိခြင်း၊ ဘဏ္ဍာရန်ပုံငွေအရ လုပ်ငန်းများ ပြီးစီးမှု မရှိခြင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးအပ်ထားသော စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးတွေ့ရှိ သုံးသပ်အကြံပြုချက်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ခြင်း၊ ဌာနတွင်းစစ်ဆေးခြင်းများကို ဆက်လက်

ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်သန်းစိန်(ခန္တီးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီး ပြည့်စုံစွာဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော် လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်းတင်လိုက်မှ ကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှစပြီး အဆောက်အဦကို ပြန်လည်ဆောက်လုပ်နေတဲ့ပုံကို Power Point နှင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ဆေးခန်းအဆောက်အဦပုံဖြစ်ပါတယ်။ ဒီပုံကတော့ ဝန်ထမ်းအိမ်ရာအဆောက်အဦပုံ ဖြစ်ပါတယ်။ ဒီပုံတွေက ၂၂-၈-၂၀၂၀ ရက်နေ့က ပို့ပေးခဲ့တဲ့ပုံဖြစ်ပါတယ်။ မြင်ရတဲ့အတိုင်းပုံစံဆိုရင်တော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အမီ ပြီးစီးနိုင်မယ့်အခြေအနေ မတွေ့ရပါဘူး။ ဒါကြောင့် ဝန်ကြီးဌာနအနေနဲ့ အစိုးရသက်တမ်းငါးနှစ်အတွင်း အဆောက်အဦများကိုပြီးစီးအောင် ဘယ်လို စီမံဆောင်ရွက်ပေးမည်ကို ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ကျွန်မတို့အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ အမြဲမပြတ်ဆွေးနွေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေအားလုံးကို ကျွန်မတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့များနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်ကြီး

တင်ပြသွားသလို ဒီနှစ်ထဲမှာမပြီးနိုင်ဘူးဆိုတာလည်း ခုနတင်ပြချက်တွေအရ တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ဌာနအနေနဲ့ လိုအပ်တဲ့စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ပြီးဆောင်ရွက်သွားခြင်း၊ အရေးယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ဌာနတွင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မှော်ဇာကျေးလက်ကျန်းမာရေးဌာနအား မှော်ဇာနှင့် အင်ကြင်းမြောင်ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို မေးမြန်းလိုတဲ့မေးခွန်းကတော့ ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်မှာရှိတဲ့ မှော်ဇာကျေးလက်ကျန်းမာရေးဌာနကို မှော်ဇာနှင့်အင်ကြင်းမြောင်ကျေးလက်ကျန်းမာရေးဌာနတို့အဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ လိုအပ်တဲ့နေရာများမှာ Power Point အသုံးပြုပြီး တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ကျွန်မ ယခုမေးခွန်းကိုမေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မိခင်များနှင့်တစ်နှစ်နှင့် ငါးနှစ်အောက်ကလေးတွေကို ပိုမိုပြီးတော့မှထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ပဲ

ဖြစ်ပါတယ်။ ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မော်ဇာကျေးလက်ကျန်းမာရေးဌာနမှာ ပါဝင်တဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲတွေကတော့ မအူ၊ ရွှေတံခါး၊ မော်ဇာ၊ တောင်ခွေးရဲ့နဲ့ မင်းကုန်း Sub-centre တို့ပဲဖြစ်ပါတယ်။ မော်ဇာကျေးလက်ကျန်းမာရေးဌာနရဲ့ထူးခြားချက်က မြို့ပေါ်က ဆင်ခြေဖုံးရပ်ကွက်နှစ်ခုဖြစ်တဲ့ မအူနဲ့ရွှေတံခါး၊ မော်ဇာတိုက်နယ်အတွင်းက မော်ဇာ၊ တောင်ခွေးရဲ့၊ မင်းကုန်းအစရှိတဲ့ ကျေးရွာအုပ်စုများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေရတာ ဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်ရွက်ရတဲ့ နယ်မြေဧရိယာကျယ်ဝန်းတဲ့အပြင် မအူနဲ့ ရွှေတံခါးရပ်ကွက်တို့ဟာ လူဦးရေထူထပ်ပြီး ရွှေ့ပြောင်းလုပ်သားနေထိုင်မှုများပြားတဲ့ရပ်ကွက်တွေ ဖြစ်တဲ့အတွက် လူဦးရေတိုးတက်မှုလွန်စွာမြန်ဆန်တဲ့ရပ်ကွက်တွေဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မော်ဇာကျေးလက်ကျန်းမာရေးဌာနက စောင့်ရှောက်မှုပေးရတဲ့ ဦးရေ စုစုပေါင်းဟာ ၃၁၉၀၁ ယောက်ရှိနေပြီးတော့မှ ရွှေတံခါး Sub-centre က စောင့်ရှောက်မှုပေးနေရတဲ့ လူဦးရေဟာ ၁၃၄၂၈ ဦး၊ မအူကျေးလက်ကျန်းမာရေးဌာန(ခွဲ)က စောင့်ရှောက်မှုပေးနေရတဲ့ လူဦးရေဟာ ၇၂၈၉ ယောက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးဌာန(ခွဲ)တစ်ခုရဲ့ သားဖွားဆရာမ တစ်ဦးစောင့်ရှောက်မှု ပေးနိုင်တဲ့လူဦးရေက ၃၀၀၀ မှ ၅၀၀၀ သာဖြစ်တဲ့အတွက် ကျွန်မရဲ့ ဒီကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှစ်ခုမှာရှိတဲ့ သားဖွားဆရာမနဲ့ ကြီးကြပ်-၂ တို့ဟာ သူတို့ရဲ့ လုပ်ငန်းတာဝန်တွေကို နှစ်ဆ၊ သုံးဆထမ်းဆောင်နေကြရတာဖြစ်ပါတယ်။ ဒါကတော့ လက်ရှိ မော်ဇာကျေးလက်ကျန်းမာရေးဌာနရဲ့ ဧရိယာပြတဲ့မြေပုံဖြစ်ပါတယ်။ ဒီအခါမှာ ကျွန်မက ဒါကို တိုးချဲ့ပြီးတော့ မော်ဇာအာရိကျေးလက် ကျန်းမာရေးဌာနကို အသစ်ဖွဲ့စည်းလိုက်မယ်ဆိုရင် တွေ့ရမယ့်ဧရိယာပြမြေပုံဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနမှာ မှုတ်ရှည်၊ မော်ဇာ၊ မိန်း၊ တောင်ခွေးရဲ့၊ တွင်းကြီးနဲ့ မင်းကုန်း Sub-centre တို့နဲ့ ပြင်ဆင်ဖွဲ့စည်းနိုင်မှာဖြစ်ပါတယ်။ ဒီကနေ တစ်ဆင့် အင်ကြင်းမြောင်ကျေးလက် ကျန်းမာရေးဌာနအသစ်ကို ဖွဲ့စည်းလိုက်မယ်ဆိုရင်တော့

ဒီမြေပုံအတိုင်း အင်ကြင်းမြောင်ကျေးလက် ကျန်းမာရေးဌာနအသစ်မှာ အင်ကြင်းမြောင်ပင်မ ကျေးလက်ကျန်းမာရေးဌာန၊ မအူကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ ရွှေတံခါးကျေးလက် ကျန်းမာရေးဌာန(ခွဲ)၊ စပ်ဂရကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် ရွှေတံခါးကျေးလက်ကျန်းမာရေး ဌာန(ခွဲ)၊ အပိုင်း(၄) ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊တို့ ပါဝင်လာမှာဖြစ်ပါတယ်။ ဒီလိုပြင်ဆင် ဖွဲ့စည်းပေးလိုက်မယ်ဆိုရင် RHC နှစ်ခုဖြစ်သွားတဲ့အတွက် Area Coverage ရော၊ Population Coverage ရောက ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဒေသမှာ ရှိတဲ့မိခင်တွေအနေနဲ့ တစ်နှစ်အောက်၊ ငါးနှစ်အောက် ကလေးသူငယ်များကိုလည်း ယခုထက် ပိုမိုထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ရရှိခံစားစေနိုင်မှာဖြစ်တဲ့အတွက် ယခု မေးခွန်းအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အာကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်၊ ကျေးရွာပေါင်း ၂၆၃ ရွာ၊ အိမ်ခြေစုစုပေါင်း ၅၈၀၁၅ အိမ်၊ လူဦးရေစုစုပေါင်း ၂၃၈၄၃၀ ဦး ရှိပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် တိုက်နယ်ကျန်းမာရေးဌာနနှစ်ခု၊ ကျေးလက် ကျန်းမာရေးဌာနငါးခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ၂၉ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန တစ်ခု၊ ဒေသန္တရကျန်းမာရေးဌာနတစ်ခု၊ ကျောင်းကျန်းမာရေးဌာနတစ်ခုတို့ဖွင့်လှစ်ပြီး ပြည်သူ့

ကျန်းမာရေးဝန်ထမ်းများဖြစ်သော မြို့နယ်ကျန်းမာရေးရေးမှူးတစ်ဦး၊ ကျန်းမာရေးမှူး(၁) နှစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူး ၁၁ ဦး၊ မြို့နယ်သူနာပြုအဆင့်(၁) တစ်ဦး၊ ကျန်းမာရေးကြီးကြပ်(၁) လေးဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ ၁၂ ဦး၊ သားဖွားဆရာမ ၅၆ ဦး၊ ကျန်းမာရေးကြီးကြပ်(၂) ၄၆ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ အင်ကြင်းမြောင်ကျေးရွာသည် မှော်ဇာကျေးလက်ကျန်းမာရေးဌာန(ခွဲ)အပိုင်မှ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ မှော်ဇာကျေးလက်ကျန်းမာရေးဌာနတွင် ကျေးရွာပေါင်း ၄၄ ရွာ၊ အိမ်ခြေပေါင်း ၇၉၆၁ အိမ်၊ လူဦးရေ ၃၂၆၅၆ ဦး ရှိပါတယ်။ အင်ကြင်းမြောင်ကျေးရွာသည် မှော်ဇာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် ကိုးမိုင်၊ မအူကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် ငါးမိုင်ကွာဝေး ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ကတ္တရာလမ်းဖြစ်ပြီး ရာသီမရွေးသွားလာနိုင် ပါတယ်။

အင်ကြင်းမြောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ခွင့်ရရှိပါက ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေ ၃၁၁၄ အိမ်၊ လူဦးရေ ၁၂၇၄၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မည် ဖြစ်ပါကြောင်း တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံတင်ပြထားပါတယ်။ အင်ကြင်းမြောင် ကျေးလက်ကျန်းမာရေးဌာနတွင် အင်ကြင်းမြောင်ပင်မ၊ မအူကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ ရွှေတံခါးကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ စပ်ဂရုကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ အပိုင်း(၄) ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တို့ဖြင့် ပါဝင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး မူလမှော်ဇာကျေးလက် ကျန်းမာရေးဌာန(ခွဲ)တွင် မှော်ဇာပင်မ၊ မုတ်ရှည်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ တွင်းကြီး ကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ မင်းကုန်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ တောင်ခွေးရဲကျေးလက် ကျန်းမာရေးဌာန(ခွဲ)တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းသွားမှာဖြစ်ပြီး ကျေးရွာ ၂၆ ရွာ၊ အိမ်ခြေပေါင်း ၄၈၄၇ အိမ်၊ လူဦးရေ ၁၉၉၁၁ ဦး ကျန်ရှိမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ရရှိပါက

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ အင်ကြင်းမြောင်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အသစ်အား တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**လူ၊ တိရစ္ဆာန်တို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ပူးပေါင်းဆက်နွယ်နေသည့် တစ်ခုတည်းသောကျန်းမာရေး(One Health)ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာ (National Strategic Plan) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ လူတို့၏ကျန်းမာရေး၊ တိရစ္ဆာန်တို့၏ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ ပူးပေါင်းဆက်နွယ်နေသည့် တစ်ခုတည်းသော ကျန်းမာရေး (One Health)ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်အဆင့်မဟာဗျူဟာ(National Strategic Plan) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးဟာ အရေးကြီးတဲ့ လာဘ်တစ်တစ်ပါးဖြစ်ပါတယ်။ Food Safety အာဟာရပြည့်ဘေးကင်းလုံခြုံတဲ့ အသား၊ နို့၊ ဥတွေကို စားနိုင်ဖို့နဲ့ Food Security အစားအစာအလုံအလောက်ကိုလည်း လိုပါတယ်။ လူသားတို့ ကျန်းမာရေးအတွက် ဆရာဝန်၊ သူနာပြုဆရာမတွေသာမကဘဲနဲ့ ဆက်စပ်သူအားလုံးမှာ တာဝန်ရှိပါတယ်။ အခုဆိုရင် COVID-19 ဆိုတဲ့ရောဂါက ကမ္ဘာကြီးကိုဖျားနာအောင်၊ လူသားတွေ သေကျေပျက်စီးအောင်၊ စီးပွားရေးပါလျော့နည်းကျဆင်းအောင် ဒုက္ခပေးနေတာလူတိုင်းအသိပါ။ Power

Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒီလိုရောဂါဆိုးတွေဟာ တိရစ္ဆာန်တွေကစပြီး ဖြစ်ပွားလာကြပါတယ်။ တိရစ္ဆာန်က လူကိုကူး၊ လူက တိရစ္ဆာန်ကိုကူးလို့ Zoonosis ရောဂါများလို့ ခေါ်ပါတယ်။ လူမှာဖြစ်တဲ့ရောဂါရဲ့ ၇၅ ရာခိုင်နှုန်းဟာ တိရစ္ဆာန်တွေကကူးပါတယ်။ နွား၊ ကျွဲတွေကဆိုရင် ဒေါင့်သန်းရောဂါ၊ သားလျှောရောဂါ၊ တီဘီရောဂါတွေကူးစက်နိုင်ပါတယ်။ မြင်းတွေက ဖောင်းကောရောဂါ၊ Glanders and Farcy ရောဂါ၊ သိုး၊ ဆိတ်တွေက Q Fever၊ Leptospirosis ရောဂါ၊ ဝက်တွေက ဝက်တုပ်ကွေးရောဂါ၊ ကြက်၊ ငှက်တွေက ကြက်ငှက်တုပ်ကွေးရောဂါ၊ ခွေး၊ ကြောင်က ခွေးရူးရောဂါ၊ ကြောင်ကတိုးက SARS ရောဂါ၊ ကုလားအုတ်က MERS ရောဂါ၊ ကြက်တူရွေးက Psittacosis ရောဂါ၊ လင်းနို့၊ သင်းခွေချပ်က COVID–19 ရောဂါတွေ လူကိုကူးစက်နိုင်တယ်လို့ ဆိုပါတယ်။ မွေးမြူရေးတိရစ္ဆာန်တွေ၊ အလှမွေးတိရစ္ဆာန်နဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ သိသာလွယ်ကူတဲ့ ရောဂါတွေကို ဖော်ပြထားတာဖြစ်ပါတယ်။ အများကြီးရှိပါသေးတယ်။ အခုအထိ လူမှာဖြစ်တဲ့ ရောဂါပိုး ၁၄၁၅ မျိုးမှာ ၆၁.၆ ရာခိုင်နှုန်းက တိရစ္ဆာန်တွေကအခြေခံတာဖြစ်ပါတယ်။

ဘာလို့ဒီလိုကူးစက်ရသလဲဆိုရင် လူဦးရေများပြားလာပြီး တိရစ္ဆာန်တွေရဲ့ နယ်ထဲကိုချဲ့ထွင်လို့တိရစ္ဆာန်တွေနဲ့အနေနီးတာရယ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းတော့ ကမ္ဘာအနှံ့အသားတွေသယ်ပို့တာရယ်၊ တောရိုင်းတိရစ္ဆာန်ဈေးကွက်တွေရှိနေတာတွေကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးတွေမှာ တိရစ္ဆာန်အရှင်ကောင်တွေကို ဈေးရောင်းဈေးဝယ်သူတွေကြားထဲ သယ်ယူရောင်းချခြင်းဟာလည်း ရောဂါပိုးကို ပျံ့နှံ့စေပါတယ်။ ဆန်းသစ်လာတဲ့ရောဂါတွေကိုကြည့်ရင် ဖြစ်လေ့ဖြစ်ထရှိတဲ့ ပထဝီနယ်မြေဒေသကနေပြီး နေရာအသစ်တွေမှာ ရောက်ရှိဖြစ်ပွားတဲ့အခါမှာလည်း တွေ့ရပါတယ်။ ဖြစ်နေကြ လူ၊ တိရစ္ဆာန်တွေမှာမဟုတ်ဘဲ တခြားအကောင်မျိုးတွေကို ကူးစက်ပြီးရောဂါဖြစ်ရင် Mutation လို့ခေါ်တဲ့ ထွန်းခြင်းတွေကြောင့်လည်း ဖြစ်ပါတယ်။ အဲဒီအခါမှာ ရောဂါပိုးတွေပိုမိုပြင်းထန်လာသလို ပိုးမျိုးစိတ်၊ မျိုးကွဲတွေလည်း မယုံ

ကြည်နိုင်လောက်အောင် ပွားများသွားနိုင်ပါတယ်။ အန္တရာယ်ဟာ လွယ်ကူစွာပျံ့နှံ့သွားလာနိုင်တာမို့ အထူးသတိထားဖို့လိုပါတယ်။ အခု COVID-19 ပိုးဟာလည်း Mutation ဖြစ်ပြီး D 614 ကနေ G 614 အဖြစ် (၁၀)ဆလောက်ကူးစက်မြန်ပိုးအဖြစ် ပြောင်းလာနေပါတယ်။ ဒါ့အပြင် မသမာသူ အကြမ်းဖက်သမားတွေရဲ့ Bioweapon ဆိုတဲ့ အဏုဇီဝဖျက်ပိုးလက်နက် တီထွင်လိုမှုကြောင့် ဓာတ်ခွဲခန်းတွေမှာ ဖန်တီးထုတ်လုပ်နိုင်တာကိုလည်း မေ့လျော့မထားသင့်ပါဘူး။ ရောဂါပိုးရဲ့ ပြင်းအားနဲ့ ပိုးအသစ်အဆန်းတွေကို တိတိကျကျရှာဖွေဖော်ထုတ်နိုင်တာကတော့ ဓာတ်ခွဲခန်းတွေ ဖြစ်ပါတယ်။ ဒါက COVID-19 မှာနာမည်ကြီးလာတဲ့ ဒဂုံမြို့နယ်က မော်ကွန်းတိုက်လမ်း အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(NHL)ဓာတ်ခွဲဌာနပါ။ ဒါကတော့ ဒဂုံမြို့နယ် ဇီဝကလမ်းက DMR လို့ခေါ်တဲ့ ဆေးသုတေသနဦးစီးဌာနပါ။ ဒါကတော့ တိရစ္ဆာန်ဆေးကုဓာတ်ခွဲခန်းပါ။ ဒီလိုဓာတ်ခွဲခန်း တွေလည်း နိုင်ငံတော်အဆင့်ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မမျှော်မှန်းနိုင် လောက်အောင် ကြောက်စရာကောင်းတဲ့ ရောဂါပိုးအသစ်အဆန်းနှင့် တစ်ကြော့ပြန်ဆန်းသစ်လာတဲ့ ရောဂါပိုးတွေရဲ့အန္တရာယ်ကို တားဆီးကာကွယ်ဖို့ဆိုတာ ရောဂါရှာဖွေရေးဆရာဝန်ကြီးတွေ၊ တိရစ္ဆာန် ဆေးပညာရှင်တွေ၊ ဓာတ်ခွဲပညာရှင်တွေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရှင်တွေ၊ သုတေသန ပညာရှင်တွေစတဲ့ သက်ဆိုင်ရာနယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေစုပေါင်းပြီးတော့ One Health National Strategic Plan နိုင်ငံတော်အဆင့် စီမံကိန်းချမှတ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မှ အောင်မြင်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းအားပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် အချိန်အနည်းငယ်ပိုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျန်းမာရေးနှင့်ဆိုင်သော အင်္ဂလိပ်ဘာသာစကားကိုလည်းထည့်သွင်းအသုံးပြုခွင့်ပြုရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှပြဋ္ဌာန်းခဲ့တဲ့အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက်(၂၀၀၅)[International Health Regulation–IHR (2005)]တွင် အပြည်ပြည်ဆိုင်ရာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေနှင့် ကြုံတွေ့လာပါကအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံအချင်းချင်းချိတ်ဆက်တုံ့ပြန်ဆောင်ရွက်နိုင်ရေးမူဘောင်အသစ်ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ အဆိုပါမူဘောင်အရ တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်သည့်ရောဂါများ (Zoonotic Diseases)အပါအဝင် ဖြစ်လေ့ဖြစ်ထနည်းပါးသည့်ရောဂါများဖြစ်ပွားလာပါက ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်လူတို့၏ကျန်းမာရေးနှင့် တိရစ္ဆာန်တို့၏ကျန်းမာရေးနယ်ပယ်နှစ်ခုကို ချိတ်ဆက်ဆောင်ရွက်နိုင်ရေးဆက်သွယ်မှုလမ်းကြောင်းတစ်ရပ်ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါတယ်။ မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်ကဖြစ်ပွားခဲ့တဲ့ ကြက်ငှက်တုတ်ကွေးရောဂါ (Influenza A–H5N1)ကပ်ရောဂါအသွင်ဖြစ်ခဲ့စဉ်ကာလကပင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့သည် H5N1 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မတ်လတွင် နေပြည်တော်၌ FAO၊ OIE၊ WHO၊ USAID စသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရှိ လူ၏ကျန်းမာရေး၊ တိရစ္ဆာန်တို့၏ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသောကဏ္ဍများမှ ကိုယ်စားလှယ်များပါဝင်သည့်တစ်ခုတည်းသောကျန်းမာရေးနည်းဗျူဟာအလုပ်ရုံဆွေးနွေးပွဲ(One Health Strategy Workshop)

ကို ကျင်းပခဲ့ပြီး အဆိုပါဆွေးနွေးပွဲမှရရှိသည့်ဆွေးနွေးချက်များအပေါ်အခြေခံကာ တစ်ခုတည်းသော ကျန်းမာရေးနှင့်ပတ်သက်၍ ဦးစားပေးခေါင်းစဉ်နှင့် မဟာဗျူဟာရေးဆွဲရေးအတွက် လမ်းပြမြေပုံတို့ကို ချမှတ်နိုင်ခဲ့ပါတယ်။ ၎င်းအချက်အလက်များအပေါ်အခြေခံကာ ကဏ္ဍအသီးသီးအဆင့်ဆင့်ဆွေးနွေးပြီး သတင်းအချက်အလက်များစုစည်းရယူ၍ ဆက်လက်ရေးဆွဲဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလနောက်ဆုံးပတ်တွင် တစ်ခုတည်းသောကျန်းမာရေးဆိုင်ရာနိုင်ငံတော်အဆင့် မဟာဗျူဟာ(National One Health Strategic Framework and Action Plan of Myanmar 2019–2023)တို့ကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါတယ်။ မဟာဗျူဟာပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်လည်း အဓိကသက်ဆိုင်သည့် ဝန်ကြီးဌာနများဖြစ်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ သဘောတူညီမှုရရှိခဲ့ပြီး ဖြစ်ပါတယ်။ တစ်ခုတည်းသော ကျန်းမာရေးလုပ်ငန်းအကောင်အထည်ဖော်ရေး၏ပန်းတိုင်မှာ တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သောရောဂါများကြောင့် ကြုံတွေ့ရသည့် ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်ရန်၊ အသစ်ဖြစ်ပေါ်လာသည့် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သောရောဂါများ (Zoonotic Diseases)များနှင့် ပြန်လည်ဦးမော့လာသည့်ရောဂါများ(Re-emerging Diseases) ကပ်အသွင်ဖြစ်ပွားမှုကိုကာကွယ်ရန်နှင့် ဖြစ်ပွားလာပါက ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ရန်၊ ပဋိဇီဝဆေးဖြစ်ပွားမှုပြဿနာနှင့် အစားအစာမှတစ်ဆင့်ဖြစ်ပွားသောရောဂါများကို ကာကွယ်တားဆီးရန်တို့ဖြစ်ပါတယ်။ အဆိုပါ National One Health Strategic Framework and Action Plan of Myanmar(2019–2023)တွင် ဆက်စပ်ဌာနများမှပေါင်းစပ်ဖြေရှင်းရမည့် နယ်ပယ်ခုနစ်ခုဖြစ်သော ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာ (Antimicrobial resistance – AMR)နှင့် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်တတ်သော ဦးစားပေးရောဂါခြောက်မျိုး၊ ခွေးရူးပြန်ရောဂါ(Rabies)၊ ကြက်ငှက်တုတ်ကွေးရောဂါ၊ တီဘီရောဂါ၊ အစာအဆိပ်သင့်ရောဂါ၊ ဒေါင့်သန်းရောဂါ၊ ဂျပန်ဦးနှောက်

အမြွေးရောင်ရောဂါတို့ကို အစဉ်အတိုင်း ဦးစားပေးအစီအစဉ်များဆောင်ရွက်ရန် ထည့်သွင်းရေးဆွဲထားရှိပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် National One Health Strategic Framework and Action Plan တွင်ပါဝင်ရမည့် ဦးစားပေးရောဂါခြောက်မျိုးအပြင် လူတို့တွင်ဖြစ်ပွားတတ်သော အခြားရောဂါများဖြစ်သည့် Ebola၊ MERS၊ Salmonella၊ Leptospirosis၊ Brucellosis၊ Taxoplasmosis၊ Pararsitic Infestation မသန့်ရှင်းသော အစာနှင့်ရေတို့မှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော ရောဂါများ(Food–Borne and Water–Borne Diseases) စသောရောဂါများ၊ သဘာဝတောရိုင်းတိရစ္ဆာန်များ(ဥပမာ–ကြောင်ကတိုး)မှတစ်ဆင့် ဖြစ်ပွားသည့် SARS ရောဂါနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းလမ်းညွှန်များကို ရေးဆွဲပြုစုဖြန့်ဝေထားပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် လူ၊ တိရစ္ဆာန်၊ သား၊ ငါး၊ အပင်၊ သက်ရှိသက်မဲ့တို့၏ ကျန်းမာရေးပိုးမွှားအန္တရာယ်ကင်းစင်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်ရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)က Food Safety ဆိုင်ရာတာဝန်ယူဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ မိမိတို့ဌာနအလိုက်တာဝန်ရှိသည့် စိုက်ပျိုးရေးထွက်ကုန် အသား၊ နွားနို့၊ ဥ ထွက်ကုန်နှင့် ငါး၊ ပုဇွန်ရေထွက်ကုန်နှင့် အရည်အသွေးကောင်းမွန်ရေးဘေးအန္တရာယ်ကင်းရေးတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ ပူးပေါင်းညှိနှိုင်းချိတ်ဆက်၍ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာအမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ (IRS– PVS National Bridging Workshop)ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင်

ကျင်းပခဲ့ပြီး Human Health and Animal Health ကဏ္ဍနှစ်ရပ်ကြား ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မည့် လမ်းပြမြေပုံ(Road Map) ရေးဆွဲရေးနှင့် လူနှင့်တိရစ္ဆာန်တို့ နီးနွယ်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ ဆောင်ရွက်မည့်ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့တစ်ဝန်းတွင် လက်ရှိကူးစက်ဖြစ်ပွားသော COVID-19 ရောဂါနှင့်ပတ်သက်၍လည်း ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်သည့်လုပ်ငန်းလမ်းညွှန်၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန်၊ ရောဂါရှာဖွေစစ်ဆေးရေးဆိုင်ရာလုပ်ငန်းလမ်းညွှန်၊ ကုသရေးဆိုင်ရာလုပ်ငန်းလမ်းညွှန်များကို ပြုစုရေးဆွဲပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသို့ ဖြန့်ဝေထားရှိကာလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာ(Anti-Microbial Resistance) ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အမျိုးသားအဆင့်ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာညှိနှိုင်းရေးဌာန (National Coordinating Center)မှ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင်တည်ရှိနေပြီး NCC ၏လက်အောက်တွင် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့(Technical Working Group) ငါးခုဖြစ်သော **Awareness၊ Surveillance၊** Infection၊ Prevention and Control၊ Antimicrobial Usage and Research & Innovation တို့ကို ဖွဲ့စည်းထားပြီးဆောင်ရွက်လျက်ရှိနေပါတယ်။ One Health Strategic Framework and Action Plan တွင် ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာထိန်းချုပ်ရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဓာတ်ခွဲဆိုင်ရာဌာနများနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်အောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲခန်းများအကြား ဓာတ်ခွဲကဏ္ဍဆိုင်ရာ တစ်ခုတည်းသောကျန်းမာရေးချဉ်းကပ်မှု (One Health Approach)ဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကာ ထည့်သွင်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။ ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းဆိုင်ရာဌာနသည် One Health Priority Diseases များနှင့်

ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ (က) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြု အမျိုးသားတုပ်ကွေးရောဂါဌာနအနေဖြင့်လည်းကောင်း၊ (ခ) National Japanese **Encephalitis** Laboratory အနေဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသည့်အပြင် (ဂ) ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ ဓာတ်ခွဲနမူနာများကိုလည်း PCR နည်းဖြင့် ရှာဖွေစစ်ဆေးခြင်း၊ (ဃ) အစာအဆိပ်သင့်ရောဂါဖြစ်စေနိုင်သော ဘတ်တီးရီးယားရောဂါပိုးများကို ရှာဖွေစစ်ဆေးခြင်း၊ (င) ဒေါင့်သန်ရောဂါဖြစ်စေနိုင်သော ဘတ်တီးရီးယားရောဂါပိုးမွှားများကို ရှာဖွေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မန္တလေးမြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်းဌာနသည် Sub–National Japanese **Encephalitis** Laboratory အဖြစ်နဲ့ ဂျပန်ဦးနှောက်ရောင်ပိုးရပ်စ်ရောဂါဓာတ်ခွဲစစ်ဆေး ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်အောက်ရှိ ဓာတ်ခွဲခန်းများတွင်လည်း တိရစ္ဆာန်များမှ ဖြစ်ပွားသော ခွေးရူးရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည့်အပြင် ရေနှင့်ရေထွက်ပစ္စည်းများတွင် အနုဇီဝပိုးမွှားများ ပါဝင်မှုရှိ/မရှိကိုလည်း စစ်ဆေးပေးလျက်ရှိပါတယ်။ COVID–19 ရောဂါရှာဖွေရေးအတွက် ဓာတ်ခွဲစစ်ဆေးရာတွင် အမျိုးသားကျန်းမာရေးဌာနဓာတ်ခွဲမှုဆိုင်ရာ(NHL)၊ ဆေးသုတေသနဦးစီးဌာန(DMR)၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) တို့တွင် Real Time PCR နည်းဖြင့်လည်းကောင်း၊ ပြည်သူ့ဆေးရုံကြီး(စစ်တွေ)အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ် ၂၆ မြို့နယ်တွင် **GeneXpert** စက်ဖြင့်လည်းကောင်း စစ်ဆေးပေးလျက်ရှိပါတယ်။ မကြာမီတွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး)၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(လားရှိုး)တို့ကို တိုးချဲ့ဖွင့်လှစ်ပြီး ရောဂါရှာဖွေရေးစိစစ်ရေးလုပ်ငန်း

များကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားပါတယ်။ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ PCR ဓာတ်ခွဲခန်းများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အရည်အသွေးစစ်ဆေးရေးစီမံချက်(External Quality Assessment Program – EQAP)တွင် ပါဝင်ကာ ဓာတ်ခွဲအရည်အသွေးစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းတွင် ဓာတ်ခွဲဝန်ထမ်းများကို Quality၊ Biosafety and Biosecurity အပါအဝင် အခြားစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Laboratory Network Strengthening အနေဖြင့် နိုင်ငံတစ်ဝန်း ပြည်သူ့ဆေးရုံကြီးများဓာတ်ခွဲခန်းများ၏သတင်းအချက်အလက်များ ပေးပို့မှုပုံစံကွန်ရက်ချိတ်ဆက်ခြင်းသင်တန်းပေးခြင်းဆိုင်ရာလုပ်ငန်းများအပါအဝင် အခြားလုပ်ငန်းများလည်း ပါဝင်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ မေးခွန်းနှင့်ဖြေကြားချက်ဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းခြင်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

**ခေါင်လန်ဖူးမြို့နယ်အတွင်း အရေးကြီးပြီး မရှိမဖြစ်လိုအပ်သည့် ကျေးလက်ကျန်းမာရေးဌာနခွဲများဖွင့်လှစ်ပေးရန်မေးခွန်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ ကျေးရွာအမည်များ လွဲမှားစွာဖြေကြားလာမှုကို သိလိုခြင်းနှင့် ထလားလော်ကျေးရွာ၊ ဇီးထန်ကျေးရွာ၊ ရှီးထန်ကျေးရွာ၊ ရှီးလန်ဒမ်းကျေးရွာနှင့် အဘွန်ထန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် မေးမြန်းခဲ့သည့်မေးခွန်းအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ကျေးရွာအမည်၊ အုပ်စုအမည်နှင့် ခရီးအကွာအဝေးနှင့် အဆောက်အဦဆောက်လုပ်ရန် အတွက် မြေနေရာမရှိဟု ဖြေကြားလာမှုနှင့် ထလားလော်ကျေးရွာ၊ ဇီးထန်ကျေးရွာ၊ အဘွန်ထန် ကျေးရွာ၊ ရှီးလန်ဒမ်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ခေါင်လန်ဖူးမြို့နယ်သည် တောင်ပေါ်ဒေသတွင် တည်ရှိတဲ့ အပြင် ဝေးလံခက်ခဲပြီး ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ကဏ္ဍများတွင် ဖွံ့ဖြိုး တိုးတက်ရန်များစွာလိုအပ်နေသေးသည့် မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ မိမိတို့ခေါင်လန်ဖူး မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် တစ်ရွာနှင့်တစ်ရွာ၊ တစ်အုပ်စုမှ တစ်အုပ်စုသို့ သွားလာရာတွင် ဒေသခံပြည်သူများ အလွန်ခက်ခဲစွာသွားလာနေကြရသည်ကို စိတ်မကောင်းစွာတွေ့ရှိနေရပါတယ်။ အဆိုပါကျေးရွာအုပ်စုများတွင် နေထိုင်ကြသည့် ဒေသခံမိဘ ပြည်သူများ ကောင်းမွန်သည့်ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်အတွက် များစွာအခက်အခဲရှိပြီး မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ နယ်မြေကွင်းဆင်းဆောင်ရွက်တဲ့အခါတွင်လည်း အမှန်တကယ် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအား ကျေးလက်ကျန်းမာရေး

ဌာနခွဲများ ဆောင်ရွက်ပေးရန်အတွက် မေးခွန်းမေးမြန်းခဲ့ရာ ကျေးရွာအမည်၊ အုပ်စုအမည်၊ ခရီးအကွာအဝေးများကို လွဲမှားစွာဖြေကြားလာသည်ကို တွေ့ရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါ။ အနီရောင်ကတော့ ဝန်ကြီး ဌာနက မှားယွင်းစွာဖြေကြားတဲ့အဖြေတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့မေးတာက ဇီးထန်အုပ်စုကို မေးတာပါ။ ဇီးထန်ကျေးရွာကို မေးတာပါ။ အခုအမှန်တကယ် ဒီမှာဖြေကြားလာတာက ဇီတန်း ဖြစ်နေပါတယ်။ ဇီးထန်နှင့် ခေါ်ဘူဒဲကလည်း မိုင်အကွာအဝေးလည်း မြေပြင်မှာ အမှန်တကယ် ဒီလိုမဟုတ်ပါဘူး။ ထလားလော်ကျေးရွာနှင့် ခေါ်ဘူဒဲကျေးရွာက အခုနကအဖြေအတိုင်းပဲ မိုင်က ၂၂ မိုင်ပဲ ဖြေပေးထားတာ ဖြစ်ပါတယ်။ အမှန်တကယ် ထလားလော်ကျေးရွာနှင့် ခေါ်ဘူဒဲကျေးရွာ ရဲ့ မိုင်အကွာအဝေးက ရှစ်မိုင်ပဲ ရှိပါတယ်။ အမှန်မှာ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေသည့်ဒေသများတွင် နေထိုင်သည့်ဒေသခံမိဘပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူရရှိရန်အတွက် တာဝန်ရှိဝန်ထမ်းများမှ နယ်မြေအခြေအနေများကို ကွင်းဆင်းစစ်ဆေး ပြီး သေချာမှအထက်ကို တင်ပြရမှာ ဖြစ်ပါသော်လည်း ယခုဖြစ်ပေါ်နေတဲ့အခြေအနေများအရ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကို အကြောင်းပြကာ ကျေးရွာအမည်၊ အုပ်စုအမည်၊ ခရီး အကွာအဝေးမိုင်ကို လွဲမှားစွာတင်ပြနေသည့်အပြင် ကျေးရွာတိုင်းတွင် အဆောက်အအုံဆောက်လုပ်ရန်မြေနေရာမရှိဟူ၍သာ တင်ပြနေခြင်းသည် ဒေသခံပြည်သူလူထုများ တွေ့ကြုံခံစားနေရသည့် ကျန်းမာရေးပြဿနာများကို ပြေလည်နိုင်မည်မဟုတ်ပါ။ နယ်မြေအခြေအနေ၊ နေထိုင်သည့်လူဦးရေ၊ ခရီးအကွာအဝေးမိုင်နှင့် ဒေသလိုအပ်ချက်များကို သေချာစွာလေ့လာမှသာ မြေပြင်အခြေအနေအမှန်များကို သိရှိနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝေးလံခက်ခဲပြီးဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် မိမိတို့မြို့နယ်အတွင်းရှိ ဒေသခံမိဘပြည်သူများအတွက် ကျန်းမာရေး

စောင့်ရှောက်မှုများ အလွယ်တကူရရှိနိုင်ရန်အတွက် အထက်ပါကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဒေသခံမိဘပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ကြယ်ပွင့်ပြမေးခွန်းအား ကျွန်မ ဒေါက်တာဒေါ်မြလေးစိန်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်ရှိ ထလားလော်ကျေးရွာ၊ ဇီးထန်ကျေးရွာ၊ အဘွန်ထန်ကျေးရွာ၊ ရှီးလန်ဒမ်းကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ် ပေးရန်မေးခွန်းအား ဖြေဆိုခဲ့ရာတွင် ထလားလော်ကျေးရွာ၊ အဘွန်ထန်ကျေးရွာနှင့် ရှီးလန်ဒမ်း ကျေးရွာအမည်အား မှန်ကန်စွာဖြေဆိုနိုင်ခဲ့သော်လည်း ဇီးထန်ကျေးရွာအား ဇီတန်းကျေးရွာဟု လွဲမှားစွာဖြေဆိုခဲ့ခြင်းအပေါ် ပြန်လည်ဖြေကြားခြင်း ဖြစ်ပါတယ်ရှင်။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူး မြို့နယ်တွင် ကျေးရွာပေါင်း ၁၁၈ ရွာ၊ အိမ်ခြေ ၂၁၆၅ အိမ်၊ လူဦးရေ ၁၃၉၂၇ ဦးရှိပြီး ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲနှစ်ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲငါးခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခုဖွင့်လှစ်၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ ဖြစ်သော လက်ထောက်ကျန်းမာရေးမှူးနှစ်ဦး၊ သားဖွားဆရာမခုနစ်ဦးတို့မှ တာဝန်ကျရာဌာနများ တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး

ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဇီးထန်ကျေးရွာ အစား ဇီးတန်းကျေးရွာဟု ဖြေကြားခဲ့ရခြင်းမှာ ဖြေဆိုခဲ့စဉ် ခေါင်လန်ဖူးမြို့နယ်၊ မြေပုံပေါ်အား ရည်ညွှန်း၍ ပြုစုခဲ့တဲ့အတွက်ကြောင့် မှားယွင်းဖြေကြားသွားခြင်း ဖြစ်ပါတယ်။ ၎င်းမြေပုံတွင် ဇီးထန် ကျေးရွာဟု ဖော်ပြထားခြင်းမရှိဘဲ ဇီးတန်းနှင့် ဇင်းထန်ကျေးရွာတို့ကိုသာ တွေ့ရှိရတဲ့အတွက် ကြောင့် နီးစပ်မှုရှိသော ဇီးတန်းကျေးရွာအချက်အလက်များကို ဖြေကြားခဲ့ခြင်းဖြစ်ကြောင်း ပြည်သူ့ ကျန်းမာရေးဌာနမှ ရှင်းလင်းတင်ပြထားပါတယ်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြန်လည်စိစစ်ခဲ့ရာ ၂၃-၆-၂၀၂၀ ရက်နေ့တွင် လက်ခံရရှိသော မြေပုံအသစ်အရ ဇင်းထန်ကျေးရွာကို ဇီးထန်ကျေးရွာဟု ခေါ်ဆိုကြောင်း စိစစ်တွေ့ရှိရသဖြင့် ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းတွင်ပါဝင်သော ကျေးရွာ လေးရွာနှင့်စပ်လျဉ်းသည့် အချက်အလက်များအား ပြန်လည်ရှင်းလင်းဖြေကြားပေးမှာ ဖြစ်ပါတယ် ရှင်။ အဆိုပါကျေးရွာလေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်နိုင်ရေးအတွက် စိစစ် ခဲ့ရာ ခေါင်လန်ဖူးမြို့နယ်၊ ထလားလော်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ ဖွင့်လှစ်ပါက ရွာငယ်လေးရွာ၊ အိမ်ခြေ ၅၁ အိမ်၊ လူဦးရေ ၂၅၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မည်ဖြစ်ပြီး ခေါ်ဘူဒဲကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ငါးမိုင်၊ ရှီးထန်ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် ၁၀ မိုင်ဝေးပြီး အဆောက်အဦဆောက်လုပ်ရန် မြေနေရာမှာ ကျေးရွာမှ စီစဉ် ပေးနိုင်မှာဖြစ်ပါတယ်။ ထလားလော်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ ဖွင့်လှစ်ရန် လိုအပ်မှုမရှိသေးပါကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သဘောထား မှတ်ချက်ပြုထားပါတယ်။

ခေါင်လန်ဖူးမြို့နယ်၊ ဇီးထန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲသစ် တိုးချဲ့ဖွင့်လှစ် ခွင့်ရရှိပါက ကျေးရွာပေါင်း ၁၉ ရွာ၊ အိမ်ခြေ ၆၀၈ အိမ်၊ လူဦးရေ ၂၀၂၁ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုလွှမ်းခြုံပေးနိုင်မည်ဖြစ်ပြီး အဆောက်အဦဆောက်လုပ်ရန် မြေနေရာအား

ကျေးရွာမှ စီစဉ်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံနှင့် ၄၃ မိုင်၊ ဈာန်ရောကျေးလက်ကျန်းမာရေးဌာနနှင့် ၁၃ မိုင်၊ ရှီလာဝါတီကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ခုနစ်မိုင်ဝေးပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ မိုးရာသီတွင် ခြေလျင်ခရီးဖြင့်သာသွားလာရသည့်အတွက် သွားလာရေးခက်ခဲပါကြောင်း တင်ပြလာပါတယ်။ ထို့ကြောင့် ဇီးထန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်သင့်ပါကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သဘောထားမှတ်ချက်ပြုတင်ပြထားပါတယ်။ ခေါင်လန်ဖူးမြို့နယ်၊ အဘွန်ထန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိပါက အိမ်ခြေ ၂၆ အိမ်၊ လူဦးရေ ၁၆၄ ဦး၊ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုလွှမ်းခြုံနိုင်မှာဖြစ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံနှင့် မိုင် ၂၀၊ ဈာန်ရောကျေးလက်ကျန်းမာရေးဌာနနှင့် ၁၀ မိုင်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦဆောက်လုပ်ရန် မြေနေရာအား ကျေးရွာမှစီစဉ်ပေးမည်ဖြစ်ပါကြောင်းနှင့် အဘွန်ထန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ရန် သင့်တော်ပါကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သဘောထားမှတ်ချက်ပြု တင်ပြထားပါတယ်။ ခေါင်လန်ဖူးမြို့နယ်၊ ရှီးလန်ဒမ်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန်နှင့်ပတ်သက်၍ ခေါ်ရ်ပူးတဲကျေးလက်ကျန်းမာရေးဌာန စံကိုက်ဖွဲ့စည်းခွင့်ခွင့်ပြုမိန့်ရရှိလျှင် ၎င်းခေါ်ဘူဒဲကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ရှီးလန်ဒမ်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ်သို့ ပါဝင်ဖွဲ့စည်းသွားနိုင်မည်ဖြစ်ပါသဖြင့် ခေါ်ဘူဒဲကျေးလက်ကျန်းမာရေးဌာန စံကိုက်ဖွဲ့စည်းပုံအဖြစ်ဖွင့်လှစ်ခွင့်ရရှိရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၈-၈-၂၀၁၉ ရက်စွဲပါစာဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုတင်ပြထားပြီး ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၁၃-၉-၂၀၁၉ ရက်စွဲပါစာဖြင့် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ဝန်ထမ်းအင်အားဖွဲ့စည်းပုံအဆိုပြုချက်နှင့်အတူ ညှိနှိုင်းပေးပို့ထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးခွန်းတွင် ဖော်ပြပါရှိသည့် ကျေးရွာလေးရွာအနက် လိုအပ်မှုရှိသော ကျေးရွာသုံးရွာ

ဖြစ်သည့် ဇီးထန်ကျေးရွာ၊ အဘွန်ထန်ကျေးရွာနှင့် ရှီးလန်ဒမ်းကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲသစ်တိုးချဲ့ဖွင့်လှစ်ရန်နှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဝန်ထမ်းခန့်အပ်ထားခြင်းတို့နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၇-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၈/၂၀၂၀)အား ထုတ်ပြန်ထားပါသဖြင့် အဆိုပါမူဝါဒနှင့်အညီ စိစစ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂:၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း Micro Finance လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည်ပေးသွင်းနေရသော ချေးငွေများအား ကိုဗစ်ကိုရင်ဆိုင်တွန်းလှန်နေသည့်ကာလ(Response Period)တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည်ထူထောင်ရေးကာလ(Recovery Period)အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ရန် Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့(၂၁-၇-၂၀၂၀ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း Micro Finance လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများက

ပုံမှန်ပြန်လည်ပေးသွင်းနေရသော ချေးငွေများအား ကိုဗစ်ကိုရင်ဆိုင်တွန်းလှန်နေသည့်ကာလ (Response Period)တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည်ထူထောင်ရေးကာလ (Recovery Period)အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ခြောက်ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုးဖြစ်ပါတယ်။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာတစ်ဝန်းမှာလက်ရှိဖြစ်ပွားနေတဲ့ COVID–19 ကပ်ရောဂါကြောင့် ကမ္ဘာမှာရော မြန်မာမှာပါ စီးပွားရေးကျပ်တည်းတဲ့ဒုက္ခကို ခံစားနေကြရ ပါတယ်။ ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်များအရ ဈေးများပိတ်ထားရခြင်း၊ အလှည့်ကျစနစ် ဖြင့် ရောင်းချနေကြရခြင်း၊ စက်ရုံ၊ အလုပ်ရုံများပိတ်ထားရခြင်းတို့ကြောင့် ဈေးသည်များနှင့် လက်လုပ် လက်စားပြည်သူများအကျပ်တည်းခြင်း ရောက်ရှိနေကြရပါတယ်။ ဧပြီလ ၃၀ ရက်နေ့က အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်းများကို ငွေထုတ်ချေးနိုင်သည့် သတ်မှတ်ချက်များကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအရ အသေးစား၊ အလတ်စားငွေရေးကြေးရေးလုပ်ကိုင်ခွင့်ရကုမ္ပဏီနှင့်အဖွဲ့အစည်း ၂၀၀ ခန့်ရှိပြီး တစ်နှစ်

အတွင်းမှာ လုပ်ငန်းမတည်ငွေ ကျပ် ၅၇၇ ဘီလီယံကျော်နှင့် ထုတ်ချေးခဲ့တဲ့ပမာဏမှာ ကျပ်ဘီလီယံ ၃၀၀၀ ကျော်ရှိကြောင်း သိရှိရပါတယ်။ အသေးစားချေးငွေလုပ်ငန်းများမှာ ငွေချေးမှုပြုလုပ်သူများဟာ အများအားဖြင့် သာမန်လက်လုပ်လက်စားပြည်သူများနှင့် ဈေးသည်များပဲဖြစ်ပါတယ်။ အခုကာလမှာ ဆိုရင် ဈေးသည်များသည်လည်း ပုံမှန်ဈေးမရောင်းချရခြင်းနှင့် လက်လုပ်လက်စားများသည် အလုပ်အကိုင်ရှားပါးနေတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ကိုဗစ်ကာလရဲ့ စီးပွားရေးအကျပ်အတည်း အခက်အခဲ များကြောင့် စားဝတ်နေရေးအတွက် အနိုင်နိုင်ရှာဖွေနေရတဲ့အချိန်အခါမှာ Micro Finance အသေးစား ငွေကြေးလုပ်ငန်းများကို ပြန်ဆပ်ရမယ့်ငွေများကို သတ်မှတ်ရက်အမီ ပြန်လည်ပေးဆပ်နိုင်ရန် အတွက် ရှာဖွေရတဲ့အတွက် စိတ်ဒုက္ခပိုမိုရောက်ရှိနေကြရပါတယ်။ ပြန်ဆပ်ရမည့်ငွေများ မပေးနိုင် သဖြင့် မိမိကိုယ်မိမိသက်သေမှုများ၊ ထွက်ပြေးမှုများ၊ ရာဇဝတ်မှုများ ကျူးလွန်ခြင်းများလည်း ရှိနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့သော Micro Finance တွေက ငွေပေးဆပ်ရမည့်ကာလကို နောက်ဆုတ်ပေးတာတွေရှိပေမဲ့ ဆွဲဆန့်လိုက်သလိုဖြစ်တဲ့အတွက် အတိုးကတော့ အရင်းထက် ပိုပေးရတာတွေ ရှိပါတယ်။ နိုင်ငံတကာများရှိ ဘဏ်များနှင့် ဗဟိုဘဏ်တို့က အတိုးနှုန်းတွေ လျှော့တယ်။ အတိုးနှုန်းတွေလျှော့ပစ်တယ်ဆိုပေမဲ့ ချေးငွေအဖွဲ့တွေက ရက်တွက်နဲ့တောင် အတိုး တောင်းယူတာမျိုးလည်း ရှိပါတယ်။ Micro Finance များဝင်ရောက်ခဲ့ရင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးအသီးမှာလည်း အခုလို ကိုဗစ်ကာလမျိုးမှာ ချေးယူထားတဲ့ငွေကြေး ပြန်လည်ရရှိရေး အတွက် ရုန်းကန်ကြရမှာဖြစ်ပါတယ်။ ချေးပေးတဲ့ကုမ္ပဏီများကိုလည်း အပြစ်မပြောလိုသော်လည်း စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများပိတ်ထားရတဲ့အခုလိုအချိန်အခါမျိုးမှာ ချေးငွေများပုံမှန်ပြန်လည် ပေးသွင်းနေရသော ငွေချေးယူထားသူများကို ငဲ့ညှာသောအားဖြင့် အတိုးနှုန်းများကို ရပ်ဆိုင်းထား ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် လုပ်ငန်းများလုပ်ကိုင်နေကြတဲ့ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်းတော်တော်များများလည်ပတ်ဖို့အတွက် အခုလို ကိုဗစ်ကာလမှာ အခက်အခဲများ ရှိလာခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းဆိုရင် ကမ္ဘာတစ်ဝန်းလုံးမှာ နှစ်စဉ် တိုးတက်လျက်ရှိပြီး ယင်းကဏ္ဍမှ ပြည်တွင်းအသားတင်ထုတ်လုပ်ကုန်တန်ဖိုး GDP ရဲ့ ၁၀ ရာခိုင်နှုန်း စုစုပေါင်း ပို့ကုန်တန်ဖိုးရဲ့ ခုနစ်ရာခိုင်နှုန်း ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၀ ပြည့်နှစ်မှစတင်ပြီး ပြည်ပခရီးသွားဝင်ရောက်မှု တဖြည်းဖြည်းတိုးတက်လာသော်လည်း ၂၀၁၆ ခုနှစ်နောက်ပိုင်းမှာ နှေးကွေးခဲ့တာကို အားလုံးအသိပဲဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ခရီးသွားဧည့်သည် ၃.၄၄ သန်း၊ ၂၀၁၈ ခုနှစ်မှာ ၃.၅၅ သန်းနှင့် ၂၀၁၉ ခုနှစ်မှာ ၄.၄ သန်း ဝင်ရောက်ခဲ့ပါတယ်။ ယခုအခါမှာ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေတဲ့ COVID-19 ကပ်ရောဂါကြောင့် နိုင်ငံအသီးအသီးမှာရှိတဲ့ ခရီးသွားလုပ်ငန်းများအားလုံး ရပ်ဆိုင်းသွားရာ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေတဲ့ သယ်ယူပို့ဆောင်ရေးယန္တရားကြီးတစ်ခုလုံး ရပ်ဆိုင်းသွားရတဲ့အတွက် ထိုကဏ္ဍတစ်ခုလုံးမှာ အလုပ်လက်မဲ့ဦးရေ များသထက်များလာခဲ့ပါတယ်။ ထို့ကြောင့် Micro Finance များ ဝင်ရောက်ခဲ့ရင် နေရာမျိုးမှာ အခုလိုကိုဗစ်ကာလတွေမှာ ချေးယူထားတဲ့ငွေကြေးအတွက် ရုန်းကန်နေကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောကုမ္ပဏီများဟာလည်း ပြန်ဆပ်ငွေပေးတဲ့ကာလကိုဆိုင်းငံ့ထားကြောင်း လူမှုကွန်ယက်မှာ ကြော်ငြာခဲ့တာလည်း ရှိပါတယ်။ သို့သော်လည်းပဲဆိုင်းငံ့ကာလပြီးတဲ့အချိန် နှစ်၊ လပေါင်းပြီးတော့ တောင်းဆိုတဲ့ Micro Finance လုပ်ငန်းများလည်း ရှိကြပါတယ်။ အသေးစားချေးငွေလုပ်ငန်းဈေးကွက်မှာ အစိုးရက ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိတဲ့ ချေးယူငွေများကို ဆိုင်းငံ့ပေးရန် ညွှန်ကြားမှုများရှိနေသော်လည်း မြေပြင်အခြေအနေမှာ အတင်းအကျပ်ကောက်ခံခြင်းမျိုးလည်း တွေ့နေကြရပါတယ်။ အထက်နှင့်အောက်ကွဲလွဲမှုများ အခြေခံလူတန်းစားပြည်သူများအတွက် အခုလိုကိုဗစ်ကာလမှာ ချေးငွေပြန်ဆပ်ရမယ့် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်ပေါ်နေတဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ လုပ်ငန်းရှင်နှင့်

ပြည်သူနှစ်ဦးနှစ်ဖက်ကြား အဆင်ပြေစေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါကြောင်း ပြောကြားရင်း အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်က ဒေါက်တာမောင်သင်းရဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အသေးစားငွေရေး ကြေးရေးလုပ်ငန်းဟာ ကမ္ဘာနှင့်အဝန်းသိသာထင်ရှားလာတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် ပုံမှန်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများပေးနေတဲ့ အဖွဲ့အစည်းများနှင့် အခြေခံလူတန်းစားများ၊ တောင်သူလယ်သမားများအပြင် ဝင်ငွေနည်းတဲ့ပြည်သူများအတွက် ၎င်းငွေကြေးဝန်ဆောင်မှု လုပ်ငန်းဟာ လွန်စွာအရေးပါတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ COVID–19 ကပ်ရောဂါကြောင့် မြန်မာ့ စီးပွားရေးလုပ်ငန်း ထိခိုက်နစ်နာမှုများ တစ်နိုင်ငံလုံးအတွက် လုံလောက်သောကုစားရေးအစီအစဉ်များ လုပ်ဆောင်ရန်အခက်အခဲများရှိနေတဲ့အတွက် Micro Finance လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီ များမှ ငွေကြေးချေးယူထားသော ပြည်သူများလည်း အပါအဝင်ဖြစ်ပါတယ်။ COVID–19 ကပ်ရောဂါ ကြောင့် မြန်မာနိုင်ငံရဲ့စီးပွားရေးအပေါ် သက်ရောက်မှုများရှိပြီး အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှာ အများဆုံးထိခိုက်ခံရပြီး ယင်းကဏ္ဍများတွင် လုပ်ကိုင်လျက်ရှိတဲ့အလုပ်သမားများ အထူးသဖြင့် အထည်ချုပ်စက်ရုံ၊ အလုပ်သမားများမှာ အလုပ်အကိုင်ဆုံးရှုံးမှုနှင့်ရင်ဆိုင်နေရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ Coronavirus ကြောင့် အထည်ချုပ်စက်ရုံများ အပြီးပိတ်သိမ်းခြင်း၊ ယာယီပိတ်သိမ်းခြင်းများရှိခဲ့ပြီး ယခုအချိန်အထိလည်း ဖွင့်လှစ်နိုင်ခြင်းမရှိတဲ့ စက်ရုံ၊ အလုပ်ရုံပေါင်းများစွာ ရှိနေပါတယ်။

ယခုလိုအချိန်မှာ အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားသမားများမှ လတ်တလောမှာ ငွေကြေးရှာဖွေရန်ခက်ခဲမှုများလည်း ရှိနေကြပါတယ်။ ဒါကြောင့်မို့လို့ အလုပ်သမားများ၊ ပြည်သူများ အနေနဲ့ ငွေကြေးချေးယူထားသော ကုမ္ပဏီများသို့ ပြန်ဆပ်ဖို့ဆိုလို့ရှိရင် အချိန်အတိုင်းအတာတစ်ခု လိုအပ်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လွှတ်တော်ကော်မတီများနှင့် Micro Finance လုပ်ကိုင်ဆောင်ရွက်နေကြသော ကုမ္ပဏီများနှင့် စနစ်တကျတွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ပြီး ဆောင်ရွက်သင့်ပါတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းများမှပေးချေသော ချေးငွေချေးယူ များရဲ့လိုအပ်ချက်နှင့်ကိုက်ညီအောင် စီမံဆောင်ရွက်သင့်ပါတယ်။ လုပ်ဆောင်တဲ့နေရာမှာ ယခု ကာလအချိန်မျိုးမှာ ပြန်လည်ချေးငေွများ ဆိုင်းငံ့ပေးခြင်း၊ ချေးငွေအတိုးနှုန်းများ ပြန်လည်ပြင်ဆင် သတ်မှတ်ပေးခြင်း၊ အကျပ်အတည်းများကို ကူညီဖြေရှင်းနိုင်ရန်အတွက် ထုတ်လုပ်မှုစွမ်းရည် တိုးမည့် ချေးငွေအသစ်များကို နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းတိုင်ပင်ကာ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါတယ်။

ဒါ့အပြင် စီးပွားရေးအရ မရပ်တည်နိုင်တော့သော ငွေချေးယူသူများနှင့် အခြားအကူအညီ လိုအပ်သူများအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းများဟာ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးသော အဖွဲ့အစည်းများနှင့်တွဲပြီးတော့ ထောက်ပံ့ကြေးနှင့် အခြားလူမှုကာကွယ်ရေး စောင့်ရှောက်မှုအကူအညီများပေးနိုင်ရန် ထည့်သွင်းစဉ်းစားသင့်ပါတယ်။ အသေးစားချေးငွေ လုပ်ငန်းများဟာ အစိုးရနှင့်လက်တွဲလုပ်ဆောင်ကာ ငွေကြေးဝန်ဆောင်မှု အသစ်များလည်းပေးရန် လိုအပ်ပါတယ်။ ယခုလိုလုပ်ဆောင်ရန်အတွက် မြန်မာ့အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုချက်ကို အလျင်အမြန်ရရှိရန်လိုအပ်ပါတယ်။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများမှ ချေးယူထားတဲ့ ပြည်သူများအနေဖြင့်လည်း ၎င်းတို့အတွက် စနစ်တကျလုပ်ဆောင်ပေးနိုင်ခြင်းမရှိပါက ၎င်းတို့ရဲ့လုပ်ငန်းများရပ်တည်နိုင်မှုကို ခြိမ်းခြောက်

လိမ့်မည်ဖြစ်ပြီး စီးပွားရေးပြန်လည်ကောင်းမွန်စေရန် ထောက်တိုင်တစ်ခုအဖြစ် ရပ်တည်ပေးနိုင်ခဲ့သော အသေးစားငွေရေးကြေးရေးလုပ်ငန်းများအပါအဝင် ချေးယူထားသူများသည်လည်းပဲ လွန်စွာထိခိုက်သွားနိုင်ပြီး နှစ်ပေါင်းများစွာ စီးပွားရေးပြန်လည်ကောင်းမွန်မှုကို အလွန်နှေးကွေးသွားစေနိုင်ပါတယ်။

ယခုမိုးရာသီအချိန်များမှာ မိုးရာသီချေးငွေများနှင့် အသေးစားအထောက်အပံ့ဖြင့် ရောင်းချနေသော စိုက်ပျိုးရေးသွင်းအားစုရောင်းချခြင်း ကွင်းဆက်တစ်လျှောက်လုံးကိုလည်း ထပ်မံ၍ ပျက်စီးစေနိုင်ပါတယ်။ ထိုအခိုက်အတံ့များက ၂၀၂၀ နောက်ပိုင်းမှာ တောင်သူများရိတ်သိမ်းမယ့်သီးနှံအထွက်ကိုလျော့စေခြင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖြင့် လုပ်ကိုင်နေသော စိုက်ပျိုးသူ၊ စုဆောင်းသူများ၊ စားသောက်ကုန်ချောထုတ်လုပ်သူများနှင့် ဖြန့်ဖြူးရောင်းချသူများ၏ ဝင်ငွေများကိုလည်း များစွာလျော့ကျစေပါတယ်။ ကျွန်တော်တို့ကျောင်းကုန်းမြို့နယ်မှာဆိုရင် ပုဂ္ဂလိက အသေးစားချေးငွေများအနေနဲ့ Good brother ၊ ပက်၊ ဟောမာန်၊ မြကျွန်းသာ၊ ဖူလတန်၊ စတာပလာစတဲ့ အဖွဲ့များစွာရှိပါတယ်။ ပက်ချေးငွေအဖွဲ့များနဲ့တွေ့တဲ့အခါမှာ ဒီအဖွဲ့များက ငါးလချေးပြီးတော့ အတိုးက ၁.၇ ရာခိုင်နှုန်းယူပါတယ်။ ၁၄ ရက်ကိုတစ်ခါအတိုးပေးရတယ်။ ငွေတစ်သိန်းယူလို့ရှိရင် ၁၄ ရက်ကို ၁၀၇၀ ပြန်ပေးသွင်းရတယ်။ ငါးလကြာရင် အတိုးရောအရင်းပါ ပြန်သွင်းရပါတယ်။ အခုလာမယ့် နိုဝင်ဘာလမှာဆိုရင် အတိုးရောအရင်းရောပြန်သွင်းရမှာမို့ သီးနှံပေါ်ချိန်ဇန်နဝါရီလအထိ ရွှေ့ဆိုင်းပေးသွင်းပါက ပိုမိုအဆင်ပြေကြမယ်လို့လည်းတင်ပြကြပါတယ်။ အခုအချိန်မှာ ကိုဗစ်ရဲ့ Second Wave ကလည်း တဖြည်းဖြည်းနဲ့ ပိုမိုမြန်ဆန်လာပြီးတော့ အန္တရာယ်ရှိလာတာကို တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရအနေနဲ့ COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်နေသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ ချေးယူထားသောပြည်သူများအတွက် ထိခိုက်နစ်နာမှုနည်းနိုင်သမျှနည်းပါး

အောင် နိုင်ငံတော်အစိုးရကဖော်ဆောင်ပေးနေတဲ့ လုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ချေးငွေပြန်လည်ပေးသွင်းခြင်းကို ကာလတစ်ခုအထိ ရပ်နားထားသင့်ကြောင်းနှင့် အတိုးနှုန်းထားကိုလည်း ပြန်လည်ထူထောင်ရေးကာလတစ်ခုအတွင်း ကင်းလွတ်ခွင့်ပေးခြင်း ဒါမှမဟုတ် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချကောက်ခံပေးသင့်ကြောင်း မိတ္ထီလာမဲဆန္ဒနယ်က ဒေါက်တာမောင်သင်းရဲ့ အဆိုအား လေးလေးနက်နက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းသော အသေးစား၊ အလတ်စား ငွေချေးယူထားသောကုမ္ပဏီများမှ ငွေကိုအတိုးနဲ့ချေးယူမှုအား အတိုးလျှော့ထားပေးရေး သို့မဟုတ် ၅၀ ရာခိုင်နှုန်းလျှော့ချရေးအဆိုကို ကျွန်တော့်ရဲ့အတွေ့အကြုံကနေ ကျွန်တော်ရှင်းလင်းတင်ပြသွားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ လွှတ်တော် ၁၀ ရက်ပိတ်တဲ့ကာလမှာ ကျွန်တော်ရဲ့ဇာတိ ညောင်လေးပင်မြို့က ကြွေချောင်းရွာကိုပြန်သွားပါတယ်။ ပြန်သွားတဲ့အခါကျတော့ ဘာတွေ့ရလဲဆိုတော့ အရင်တုန်းကရွာမှာဆန်စက်ရှိပါတယ်။ ဆန်စက်ကဘာဖြစ်လဲ

ဆိုတော့ မလည်ဘူးပိတ်ထားတယ်။ အဲဒီတော့ ဘာဖြစ်လဲဆိုတော့ စပါးတွေစောစောစီးစီးကြိတ်ပြီး တော့ ရောင်းလိုက်ရတယ်တဲ့။ အဲဒီလိုဆိုရင် မင်းတို့ဆန်စက်ကြီး ဘယ်လိုလုပ်မလဲ။ ဆန်စက် ကတော့ ကျွန်တော်တို့ အတိုးနဲ့ချေးပြီးငွေချေးထားပြီးတော့ ဆောက်ထားသည့်အတွက်ကြောင့် ကျွန်တော်တို့ ပြန်မဆပ်နိုင်သေးပါဘူးတဲ့။ အဲဒီလိုဆိုရင် မင်းတို့ငါပြောမယ်။ ပထမအချက်က အသေးစားငွေချေးလုပ်ငန်းတွေရှိပါတယ်တဲ့။ အဲဒီအသေးစားငွေချေးလုပ်ငန်းတွေကို တိုင်ပင်ပြီး တော့ ဥပမာ– ညောင်လေးပင်မဲဆန္ဒနယ်မှာဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှိပါတယ်။ သွားမေးလိုက်ပြီးတော့ အကျိုးအကြောင်းကိုပြောပြပြီး ငွေချေးလို့ရပါတယ်။ အဲဒါနဲ့သူတို့ကလည်း ဦးလေးရယ်အဲဒါလေးတော့ဂရန်ရအောင် နည်းနည်းလေးဝိုင်းပြောပေးပါဆိုတော့ အေးအဲဒါတော့ငါ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို တင်ပြပေးပါမယ်လို့ပြောပါတယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော်ထောက်ခံဆွေးနွေးသွားချင်တာကတော့ ကျွန်တော်တို့ဒီ အသေးစား၊ အလတ်စားငွေချေးလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်သမ္မတက တတိယအကြိမ် အဖြစ် JICA ကနေပြီးတော့ ယန်း ၁၅ ဘီလီယံ ချေးယူထားတာတင်ပြထားပါတယ်။ အဲဒါရခဲ့လို့ရှိရင် တော့ တောင်သူလယ်သမား၊ အလုပ်သမားနှင့် အသေးစား၊ အလတ်စားငွေချေးယူသမားတွေကို ပံ့ပိုးပေးနိုင်ရင်တော့ ခုနလို့ပေါ့ အတိုးနှုန်းလျှော့တာတို့၊ အတိုးနှုန်းဖယ်တာတို့ ဒါတွေကို ဖြေရှင်းပေးနိုင်မယ်လို့ယူဆပါတယ်။ တတိယအချက်နဲ့တင်ပြရရင်တော့ ဒေါက်တာမောင်သင်း တင်ပြသွားတဲ့ ဗဟိုအာဏာပိုင်အဖွဲ့အစည်းနဲ့ အသေးစား၊ အလတ်စား ကုမ္ပဏီအဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးရေးကို ကျွန်တော်ထောက်ခံပြီးဆွေးနွေးသွားပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ပြီးခဲ့တဲ့ ဩဂုတ်လ ၂၄ ရက်နေ့ကမှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း ငွေကြေးဆိုင်ရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၂၀)ကို ဖွင့်လှစ်ခဲ့ပါတယ်။ အဓိကတော့ နိုင်ငံတော်ဘဏ်မှပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် Cash Flow Base

Financial Model ကို အသုံးပြုပြီးတော့ SME ငွေထုတ်ချေးမှု အသုံးချနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်ရဲ့ မြတ်ပန်းသဇင်ခန်းမမှာ ကျွန်တော်တို့ဆွေးနွေးခဲ့ပါတယ်။

အဓိကအချက်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနဲ့ USAID အကြားမှာ နားလည်မှုစာချွန်လွှာရေးထိုးပြီးတော့ နိုင်ငံပိုင်စီးပွားရေးဘဏ်ရှိပြီးစီမံကိန်း Pilot Project အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အလတ်စားနှင့်လုပ်ငန်းများ ထူထောင်ရေးအတွက်ကို သမားရိုးကျနည်းသုံးမယ့်အစား အဲဒါသူကဘာပြောသွားသလဲဆိုတော့ USAID ကနေပြီးတော့ အကူအညီပေးမယ်ဆိုတဲ့အကြောင်း လာပြီးတော့သင်တန်းပေးသွားတယ်။ အဲဒါက USAID က Acting Mission Director Miss Teresa ကလာပြီးတော့ပို့ချသွားပါတယ်။ ဒါဟာ ကျွန်တော်တို့ နံပါတ်တစ် တောင်သူလယ်သမား၊ စိုက်ပျိုးရေးသမား၊ မွေးမြူရေးသမား၊ အသေးစား၊ အလတ်စား ငွေချေးလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ဒါကိုကျွန်တော်တို့နိုင်ငံတော် အစိုးရနှင့်ဖက်စပ်ပြီးတော့ USAID ကနေပြီးတော့ ဒါခုနကလိုပေါ့ အသေးစား၊ အလတ်စားအခက်အခဲတွေကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ယုံကြည်ရင်း မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့အဆိုအား ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ ရွှင်လန်းချမ်းမြေ့ကြ ပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင် မဲဆန္ဒနယ်က

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းသွားတဲ့ အဆိုဟာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ကာ ယခုလက်ရှိအချိန်အထိ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ Coronavirus Disease (COVID–19) ဖြစ်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့်စီးပွားရေးဂယက်ရိုက်ခတ်မှု ကြီးမားပြင်းထန်လွန်းခဲ့တဲ့အတွက်ကြောင့် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာမောင်သင်းရဲ့အဆိုကို လေ့လာကြည့်မယ်ဆိုရင် အပိုင်းနှစ်ပိုင်းတွေ့ရပါတယ်။ ပထမတစ်ပိုင်းကတော့ Micro France Co.Ltd များမှ ငွေကြေးချေးယူထားသောပြည်သူများအတွက် ပုံမှန်ပြန်လည်ပေးသွင်းနေရသော ချေးငွေများအား ကိုဗစ်ကိုရင်ဆိုင်တွန်းလှန်နေသည့် ကာလတစ်ခုအထိဆိုင်းငံ့ထားရန်၊ နောက်တစ်ပိုင်းကတော့ ကိုဗစ်ပြန်လည်ထူထောင်ရေးကာလအတွင်း အတိုးနှုန်းကင်းလွတ်ပေးဖို့ ဒါမှမဟုတ် ၅၀ ရာခိုင်နှုန်းအထိလျှော့ချပေးဖို့ဆိုပြီး နှစ်ပိုင်းတွေ့ရပါတယ်။ အသေးစားပုဂ္ဂလိက ချေးငွေလုပ်ငန်းများနဲ့ပတ်သက်ပြီး ယခင်အစိုးရလက်ထက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ရည်ရွယ်ပြီး ၂၀၁၁ ခုနှစ်နှစ်ကုန်ပိုင်းမှာ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး တရားဝင်မှတ်ပုံတင်ခွင့် ခွင့်ပြုပေးကာ လုပ်ငန်းများစတင်ဆောင်ရွက်စေခဲ့ပါတယ်။ အစိုးရအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် နည်းလမ်းတစ်ခုအဖြစ် ယုံကြည်ခဲ့ခြင်းကြောင့် ယခုလိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဒေါက်တာမောင်သင်းရဲ့အဆိုမှာ ပါဝင်ခဲ့တဲ့အချက်အလက်များကို မူတည်ပြီးတော့မှ ကိုဗစ်အလွန်ပြန်လည်ထူထောင်ရေးကာလမှာ ပြည်သူများအနေဖြင့် မိမိတို့ရဲ့

စီးပွားရေးလုပ်ငန်းများကို စတင်၍ပြန်လည်ထူထောင်လုပ်ဆောင်ရမည့်အချိန်ဖြစ်ပါတယ်။ ပြည်သူများရဲ့ စီးပွားရေးလုပ်ငန်းများ မူလအခြေအနေပြန်မရောက်မီ ပြန်လည်ပေးဆပ်ရမယ့်အတိုးနှုန်းများကို မူလအတိုင်းထားရှိပါက အတိုးနှုန်းများပိလာပြီး စီးပွားရေးလုပ်ငန်းများပြန်လည်ထူထောင်ကာစမှာ မျှော်မှန်းမထားသောအခြေအနေများ၊ အခက်အခဲများနဲ့ ရင်ဆိုင်ကြုံတွေ့ရနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကိုဗစ်ပြန်လည်ထူထောင်ရေးကာလအတွင်း အတိုးနှုန်းကင်းလွတ်ပေးရန် သို့မဟုတ် ၅၀ ရာခိုင်နှုန်း လျှော့ချပေးသင့်ကြောင်း ဆွေးနွေးရင်းနဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရဲထွန်းနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးရဲထွန်းနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီးရဲထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုချိန်ဟာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းမှာ Covid-19 ကူးစက်ရောဂါနဲ့ ယှဉ်တွဲဖြစ်ပေါ်လာနေတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နေကြရပါတယ်။ အဲ့ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းကြရာမှာ လတ်တလောကိစ္စရပ်တွေ ပါဝင်နေသလိုရေရှည်အတွက် မျှော်မှန်းပြင်ဆင်ရမယ့် မူဝါဒတွေနဲ့ လုပ်ငန်းစဉ်တွေလည်း လိုအပ်နေပါလိမ့်မယ်။ လတ်တလောအခြေအနေမှာ နိုင်ငံတိုင်းရဲ့ စီးပွားရေးကျဆင်းလျက်ရှိပြီး Covid-19 ကူးစက်ရောဂါကြောင့် ကမ္ဘာ့တစ်ဝန်းစီးပွားရေးအကြီးအကျယ်ထိခိုက်လျက်ရှိရာ IMF က ယခုနှစ်ကမ္ဘာလုံးဆိုင်ရာဂျီဒီပီဟာ သုံးရာခိုင်နှုန်းကျဆင်းသွားနိုင်ကြောင်းခန့်မှန်းထားပြီး ၁၉၃၀ ပြည့်နှစ်ကျော်ကာလနောက်ပိုင်း အဆိုးရွားဆုံးစီးပွားရေး

ကျဆင်းမှုဖြစ်နိုင်ကြောင်း သတိပေးထားပါတယ်။ အလားတူ ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာ့စီးပွားရေးတိုးတက်မှုဟာ ယခင်ကခန့်မှန်းထားတဲ့ ၆.၄ ရာခိုင်နှုန်းမှ ၁.၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားလိမ့်မည်ဟု ဆိုထားပြန်ပါတယ်။ ကမ္ဘာ့ဘဏ်က ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း မြန်မာ့စီးပွားရေးတိုးတက်မှု ၆.၃ ရာခိုင်နှုန်းရှိလိမ့်မယ်လို့ ကနဦးခန့်မှန်းထားရာမှ ယခုအခါ နှစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းသာ တိုးတက်လိမ့်မည်ဖြစ်ကြောင်း လျော့နည်းခန့်မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာ ဆင်းရဲတဲ့ဦးရေ များပြားလျက်ရှိတာကြောင့် စီးပွားရေးတိုးတက်မှုနှေးကွေးခြင်းဟာ နိုင်ငံအတွင်းရှိ အခြေခံလူတန်းစားများအပေါ် ဆိုးဆိုးရွားရွားသက်ရောက်မှုရှိလာနိုင်တယ်လို့လည်း ဆိုထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Covid-19 စတင်ဖြစ်ပွားချိန်ကစပြီး မြန်မာ့စီးပွားရေးဟာ နယ်စပ်ကုန်သွယ်ရေးခရီးသွားလုပ်ငန်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်း၊ လယ်ယာလုပ်ငန်းစတဲ့ကဏ္ဍပေါင်းစုံမှာ ကျဆင်းမှုတွေကို ယနေ့အထိ ကြုံတွေ့ရင်ဆိုင်နေရဆဲဖြစ်ပြီး ဘယ်အချိန်ကာလအထိ ဆက်လက်ကြုံတွေ့ရဦးမယ်ဆိုတာ ခန့်မှန်းတွက်ချက်ရန် ခက်ခဲနေဆဲဖြစ်ပါတယ်။ စီးပွားရေးကျဆင်းမှုနဲ့အတူ လုပ်ငန်းများရပ်ဆိုင်းထားရမှုတွေ၊ ကုန်ထုတ်လုပ်ငန်းများကျဆင်းမှုတွေ၊ အလုပ်လက်မဲ့ပြဿနာတွေ၊ လက်လုပ်လက်စားပြည်သူတွေနဲ့ ဝင်ငွေနည်းမိသားစုများအတွက် လုပ်ငန်းများရပ်တည်ရေး၊ နေ့စဉ်ဘဝရပ်တည်ရေးတွေဟာ လတ်တလောဖြေရှင်းပေးရမယ့်ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံရဲ့ရေတိုရေရှည်စီးပွားရေးကယ်ဆယ်မှုအစီအမံတွေနဲ့ နေ့စဉ်လူမှုစီးပွားဘဝရပ်တည်ရေး ကူညီမှုအစီအမံတွေဟာ အဆိုရှင်တင်ပြခဲ့သလိုလက်တွေ့ကျပြီး ထိရောက်ဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။ အခုဆိုရင် Covid-19 ရဲ့ နောက်ဆက်တွဲအကျိုးဆက်တစ်ခုအဖြစ် ကုန်စျေးနှုန်းတွေ တရိပ်ရိပ်ကြီးမြင့်လာနေပြီဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း Covid-19 တုံ့ပြန်ရေးအစီအစဉ်များကို မိမိတို့နိုင်ငံနှင့်သင့်တော်မယ့်အစီအစဉ်များ ချမှတ်အကောင်အထည်

ဖော် ဆောင်ရွက်နေကြသလို လိုအပ်တဲ့ထောက်ပံ့ကူညီမှုတွေကို နိုင်ငံတကာမှရယူဆောင်ရွက် နေကြပါတယ်။ ဒီလိုအခြေအနေဟာ နိုင်ငံတိုင်းအတွက်စိန်ခေါ်မှုလို့ ဆိုနိုင်သလို အခွင့်အလမ်းအဖြစ် အသုံးချမယ်ဆိုပါက အခွင့်အလမ်းတွေများစွာရရှိနိုင်မှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာလည်း Covid–19 ကြောင့် ရပ်ဆိုင်းထားရတဲ့လုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်မှုလျော့ကျသွားတဲ့လုပ်ငန်းတွေ များစွာရှိနေဆဲဖြစ်ပြီး အဆိုရှင်တင်ပြခဲ့သလို အသေးစား၊ အလတ်စားလုပ်ငန်းတွေမှာ အထိခိုက်ဆုံး လို့ ဆိုရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုထိခိုက်လျက်ရှိတဲ့လုပ်ငန်းတွေ ပြန်လည်ရှင်သန်လာဖို့ အသေးစား၊ အလတ်စားလုပ်ငန်းတွေကို မှန်ကန်တဲ့တုံ့ပြန်မှုတွေ ဆောင်ရွက်ပေးနိုင်ဖို့လိုအပ်ပါတယ်။ စီးပွားရေး အကျပ်အတည်းကြားမှာ ကြံ့ကြံ့ခံနိုင်ရေးဟာဦးဆောင်သူများရဲ့ စီမံခန့်ခွဲမှုအရည်အသွေးပေါ် မူတည်နေပြီး၊ ကပ်ရောဂါရဲ့အခြေအနေ၊ မိမိနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများရဲ့အခြေအနေ၊ ကိုက်ညီတဲ့မူဝါဒများချမှတ်နိုင်မှုနဲ့ ထိရောက်တဲ့အကောင်အထည်ဖော်နိုင်မှုတို့ ဟန်ချက်ညီညီဖြစ်ဖို့ လိုအပ်ပါတယ်။ Covid–19 ကြောင့် ထိခိုက်ခဲ့ရတဲ့စီးပွားရေးလုပ်ငန်းတွေကို အစိုးရအနေနဲ့ ငွေကြေးထုတ်ချေးပေးနေတာတွေအပြင် အခြားဖြေလျှော့ပေးမှုများလည်း လုပ်ဆောင်နေတာ တွေ့ရှိရပြီး၊ ဒီလိုလုပ်ဆောင်ပေးနေတာတွေဟာ အမှန်တကယ်ထိရောက်မှုရှိရဲ့လား၊ ထိထိ ရောက်ရောက် အကောင်အထည်ဖော်နိုင်ရဲ့လားဆိုတာကိုလည်း ပြန်လည်ဆန်းစစ်ကြည့်ဖို့လိုပါ တယ်။

အဆိုရှင်တင်ပြခဲ့သလို စီးပွားရေးပြန်လည်နာလန်ထူဖို့ စီးပွားရေးလုပ်ငန်းရှင်တွေကို ချေးငွေတွေပေးနေပေမဲ့ လက်တွေ့ထုတ်ချေးတဲ့အချိန်မှာ စည်းကမ်းကန့်သတ်ချက်တွေများနေတာ ကြောင့် အချိန်စောင့်ဆိုင်းနေရတာတွေ၊ ချေးငွေရရှိသင့်သူများမရရှိတာတွေ၊ ချေးငွေလျော့နည်းရရှိ တာတွေ၊ မမျှတတာတွေရှိနေပါတယ်။ ဒါ့အပြင် Covid–19 အခြေအနေဟာလည်း အချိန်ကာလ

အားဖြင့်ခန့်မှန်းဖို့ခက်ခဲနေတာနှင့်အတူ စီးပွားရေးလုပ်ငန်းများမှာလည်း ကန့်သတ်ချက်များ ရှိနေဆဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ချေးငွေကိုအချိန်တိုအတွင်း ပြန်လည်ပေးဆပ်ကြရမယ်ဆိုရင် ချေးငွေထုတ်ချေးရခြင်းရဲ့ ရည်ရွယ်ချက်မအောင်မြင်တဲ့အပြင် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့လည်းချေးငွေပြန်ဆပ်ဖို့ ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်ပြီး လုပ်ငန်းများအမြန်ဆုံးပြန်လည်နာလန်ထူလာနိုင်ဖို့ များစွာခက်ခဲလာနိုင်ပါတယ်။ အစိုးရအနေနဲ့ ငွေထုတ်ချေးပေးပြီးရင်ပြီးရောလို့ သတ်မှတ်လို့မရနိုင်ပါဘူး။ ရည်မှန်းချက်အောင်မြင်မှုရှိ/မရှိ ပြန်လည်ဆန်းစစ်ဖို့၊ လိုအပ်လျှင် လက်တွေ့အခြေအနေနဲ့ကိုက်ညီတဲ့မူဝါဒတွေကို ပြင်ဆင်ချမှတ်ဖို့နဲ့ Policy Response ကောင်းဖို့ အထူးလိုအပ်ကြောင်း အကြံပြုလိုပါတယ်။ ဒါ့အပြင် ဗဟိုချုပ်ကိုင်မှုတွေလျှော့ချပြီး အောက်ခြေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ လုပ်ငန်းစဉ်များဖြစ်ဖို့လိုအပ်ပါတယ်။ ဗဟိုချုပ်ကိုင်မှုတွေများလွန်းရင် အောက်ခြေရဲ့ဖြစ်ပျက်နေတဲ့ ပကတိအခြေအနေအမှန်ကိုမသိနိုင်တော့ဘဲ စီမံကိန်းများထိရောက်မှုအားနည်းပြီး ဆိုးကျိုးများဖြစ်ပေါ်စေနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာမောင်သင်းရဲ့အဆိုဟာ လက်တွေ့နယ်ပယ်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေအရပ်ရပ်အပေါ်မူတည်၍ တင်ပြထားခြင်းဖြစ်ပြီး CERP လုပ်ငန်းစဉ်များနှင့်လည်း ကိုက်ညီတဲ့အဆိုတစ်ရပ်ဖြစ်ပါတယ်။ အဆိုရှင်က မူဝါဒနဲ့လက်တွေ့အခြေအနေတွေကိုက်ညီအကျိုးရှိစေဖို့ အပြုသဘောဖြင့် တင်ပြထားခြင်းဖြစ်ကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးသိန်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဗိုလ်မှူးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာမောင်သင်းရဲ့

အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ COVID-19 ဟာ မြန်မာနိုင်ငံမှာရောကမ္ဘာမှာပါ ကူးစက်မှုမရပ်တန့်သေးပါဘူး။ အခုဆိုရင် ကူးစက်မြန်ကပ်ရောဂါအဖြစ် မြန်မာနိုင်ငံမှာတွေ့နေရပါပြီ။ ထိရောက်တဲ့ကာကွယ်ဆေးလည်း မထုတ်နိုင်သေးပါဘူး။ ၂၀၂၁ ခုနှစ်အစောပိုင်းကာလမတိုင်ခင်ထိ COVID-19 ကာကွယ်ဆေးမရနိုင်သေးဘူးလို့ WHO က ဆိုထားပါတယ်။ COVID-19 ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေရဆဲကာလဖြစ်ပါတယ်။ ဒီလိုအချိန်မှာ COVID-19 ကြောင့် စီးပွားရေးအပါအဝင် အခြားကဏ္ဍတွေအပေါ် ဂယက်ရိုက်ခတ်မှုတွေရှိနေဆဲပါ။ COVID-19 ရဲ့ ဂယက်ရိုက်ခတ်မှုဟာ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတွေမှာတောင် အလူးအလဲခံစားနေကြရတာပါ။ ဒါကြောင့် စီးပွားရေးရုန်းကန်နေရတဲ့ မိမိတို့နိုင်ငံအတွက်ဆို ပိုပြီးထိခိုက်ခံရနိုင်ပါတယ်။ စီးပွားရေးအင်အားကောင်းတဲ့ တောင်ကိုရီးယားနိုင်ငံမှာ COVID-19 ကြောင့် ပြည်ပပို့ကုန်တင်ပို့မှုဟာအခက်အခဲဖြစ်လို့ နှစ် ၂၀ အတွင်း အဆိုးရွားဆုံးစီးပွားရေးကျဆင်းမှုနဲ့ ကြုံတွေ့နေရကြောင်း ထုတ်ပြန်ထားပါတယ်။ Baseline Scenario အရ မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းဟာ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ၆.၈ ရာခိုင်နှုန်းရှိရာကနေ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ၁.၅ ရာခိုင်နှုန်းကျဆင်းသွားပြီး စီးပွားရေးအပေါ်သက်ရောက်မှုတွေကြောင့် နိုင်ငံတစ်ဝန်းက ဆင်းရဲသားတွေနဲ့ ထိခိုက်လွယ်မိသားစုတွေ ပိုမိုခံရနိုင်ခြေရှိတယ်လို့ ကမ္ဘာ့ဘဏ်ကသတိပေးထားပါတယ်။ အခုဘဏ္ဍာရေးနှစ်လက်ကျန်ကာလမှာ ကုန်ထုတ်လုပ်ငန်းတွေနဲ့ ပို့ကုန်တွေနှေးကွေးသွားနိုင်တယ်လို့လည်းဆိုပါတယ်။ မြန်မာနိုင်ငံမှာ ကဏ္ဍစုံထိခိုက်မှုတွေကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် GDP တိုးတက်မှုနှုန်းဟာ ယခင် ခုနစ်ရာခိုင်နှုန်းမှ ၄.၃ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းထားကြောင်း The Asia Foundation ကဆိုပါတယ်။ COVID-19 crisis ကြောင့် ကမ္ဘာ့စီးပွားဆုတ်ကပ်ဖြစ်လာရင် ကုန်သွယ်ရေး၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနဲ့ ကုန်စည်ဈေးနှုန်းတွေ

ကတစ်ဆင့် မြန်မာနိုင်ငံကိုအကြီးအကျယ်ရိုက်ခတ်လာနိုင်ကြောင်း ကမ္ဘာ့ဘဏ်ရဲ့ Myanmar Economic Monitor June 2020 မှာဆိုပါတယ်။

ယခုအခုအချိန်မှာ မြန်မာ့စီးပွားရေးကာလလတ် မျှော်မှန်းချက်တွေ အကောင်းဘက်ဦးတည်နေပေမဲ့ ယခုဆိုရင် COVID–19 ဒုတိယလှိုင်းအန္တရာယ်လည်းရှိလာနေပါပြီ။ ခိုင်မာအားကောင်းတဲ့မူဝါဒနဲ့ အကောင်အထည်ဖော်မှုတွေ အရေးတကြီးလိုအပ်နေကြောင်း ကမ္ဘာ့ဘဏ်ရဲ့ဌာနေညွှန်ကြားရေးမှူး မာရီယမ်ရှာမန်က ပြောထားပါတယ်။ CERP အကောင်အထည်ဖော်တာထိရောက်ဖို့နဲ့ ပြောင်းလဲပြင်လွယ်ဖြစ်ဖို့ အရေးကြီးတယ်လို့ဆိုရမှာပါ။ လက်ရှိစီးပွားရေးလုပ်ငန်းတွေမှာလည်း မြေပြင်အခြေအနေနဲ့ကိုက်ညီပြီး ထိရောက်တဲ့နိုင်ငံတော်ရဲ့ပံ့ပိုးမှုတွေ လိုအပ်နေဆဲပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆိုရင် အကျပ်အတည်းဖြစ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ရပ်တည်ဖို့၊ လုပ်ငန်းဆက်လက်လည်ပတ်ဖို့အတွက် Microfinance တွေဆီကနေ ချေးငွေတွေရယူထားကြပါတယ်။ ဒီနေရာမှာ နိုင်ငံအတွင်းလည်ပတ်နေတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေထဲမှာ Formal ထက် Informal လုပ်ငန်းတွေများနေတယ်ဆိုတာကိုလည်း သတိချပ်ကြရမှာပါ။ Informal လုပ်ငန်းတွေအတွက်လည်း ထည့်သွင်းစဉ်းစားပေးဖို့ လိုအပ်ပါလိမ့်မယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ ချေးငွေရယူရာမှာ အမှန်တကယ်ထိရောက်ရဲ့လား။ လက်တွေ့လိုအပ်ချက်နဲ့ကိုက်ညီရဲ့လားဆိုတာဆန်းစစ်စေလိုပါတယ်။ ချေးငွေရယူဖို့ လိုအပ်ချက်တွေများပြားနေတာ၊ အချိန်ကြန့်ကြာနေတာ၊ လုပ်ငန်းလိုအပ်ချက်အတိုင်းမရနိုင်တာတွေ အမှန်တကယ်ရှိနေပါတယ်။ ပေးကားပေး၏မရ၊ ကျွေးကားကျွေး၏မဝ ဆိုတာလိုပါပဲ။ မူဝါဒတွေ၊ စီမံကိန်းတွေဆိုတာ စာရွက်ပေါ်မှာကောင်းနေလို့မရပါဘူး။ လက်တွေ့ထိရောက်အကောင်အထည်ဖော်နိုင်တဲ့ relief efforts တွေဖြစ်ဖို့လိုပါတယ်။ ချေးငွေထုတ်ပေးရမယ့်လုပ်ငန်းတွေထဲမှာ အမျိုးအစားမတူတာတွေရှိပါတယ်။ ဒါကြောင့်လုပ်ငန်းအလိုက်လိုတဲ့ငွေပမာဏနဲ့ ချေးငွေကာလတွေ တူညီလို့မရပါဘူး။ ဒီလို မတူတဲ့လုပ်ငန်းတွေအတွက်

ချေးငွေထိရောက်ဖို့ဆိုရင် ဗဟိုချုပ်ကိုင်ထားတာတွေ ဖြေလျှော့ပေးဖို့လိုအပ်ပါတယ်။ ဒါမှလည်း အောက်ခြေလိုအပ်ချက်နဲ့အညီ ထိရောက်အောင်ပံ့ပိုးကူညီပေးနိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုဆိုရင် COVID-19 အတွက် နိုင်ငံတကာချေးငွေတွေယူထားတာ ပြီးခဲ့တဲ့လွှတ်တော် အစည်းအဝေးတစ်ခုထဲမှာတင် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ကျော်ရှိပါတယ်။ ယခုလည်း ထပ်မံချေးယူနေဆဲပါ။ နိုင်ငံတကာကူညီထောက်ပံ့ငွေတွေလည်းရှိပါတယ်။ ဒီချေးငွေတွေမှာ သီးသန့်စီမံကိန်းအတွက်ပါသလို ဘတ်ဂျက်ထဲထည့်ပြီး သုံးရတဲ့ချေးငွေတွေလည်း ပါဝင်ပါတယ်။ ချေးငွေတွေကို CERP နဲ့ချိတ်ဆက်ပြီး ဘယ်လိုအသုံးပြုရမလဲဆိုတာ ပွင့်လင်းမြင်သာရှိဖို့ လိုအပ် ပါတယ်။ လွှတ်တော်ကိုလာရောက်ရှင်းလင်းတာ၊ အစီရင်ခံတင်ပြတာတွေဆောင်ရွက်သင့်ပါတယ်။ ဒါမှလည်း Democratic Governance သဘောပွင့်လင်းမြင်သာမှု၊ အပြန်အလှန်ထိန်းကျောင်းမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေ ရှိလာမှာပါ။ ပြည်သူ့ကိုယ်စားပြုလွှတ်တော်အနေနဲ့လည်း ပြန်လည် စိစစ်တာ၊ ထိန်းကျောင်းတာတွေဆောင်ရွက်ဖို့ လိုအပ်ပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ COVID-19 ကြောင့် အကျပ်အတည်းဖြစ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ ဟာ အခုဆိုရင် ပြန်လည်စတင်နိုင်တာတွေရှိသလို ပြန်လည်မစတင်နိုင်သေးတဲ့ လုပ်ငန်းတွေလည်း ရှိနေပါတယ်။ Containment Measures တွေရှိနေဆဲပါ။ ပုံမှန်ပြန်လည်လည်ပတ်နိုင်တဲ့အနေအထား မရှိသေးပါဘူး။ ဒီလိုအခြေအနေမှာ SMEs လုပ်ငန်းတွေ ရေရှည်ရပ်တည်နိုင်ဖို့အတွက် Long term Plan ကိုပါ ထည့်သွင်းစဉ်းစားပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ချေးငွေသက်တမ်းကို လုပ်ငန်း အလိုက် တိုးမြှင့်ပေးဖို့နဲ့ အတိုးနှုန်းလျှော့ချပေးဖို့ လိုအပ်မှာပါ။ COVID-19 ကြောင့်ဖြစ်လာနိုင်တဲ့ စီးပွားရေးသက်ရောက်မှုတွေအပေါ် ကုစားရေးလုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတာဝန်ခြောက်ရပ် ထဲမှာ အခွန်ကင်းလွတ်ခွင့်နဲ့သက်သာခွင့်တွေပေးရေးပါဝင်ပါတယ်။ ဒါမှလည်း လုပ်ငန်းတွေ ပြန်လည်ရပ်တည်လာနိုင်မှာဖြစ်သလို မှီခိုနေတဲ့လုပ်သားတွေလည်း အလုပ်အကိုင်အဆင်ပြေ

လာမှာပါ။ အလုပ်လက်မဲ့နှုန်းလည်း လျှော့ချနိုင်မှာပါ။ ယခုကာလဟာ ထိခိုက်လွယ်တာကြောင့် အကျပ်အတည်းဖြစ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေရှင်သန်ရပ်တည်ဖို့ ရေရှည်မျှော်မှန်းဆောင်ရွက်ရမယ့်အချိန်ဖြစ်ပါတယ်။ ချေးငွေပမာဏ၊ ချေးငွေသက်တမ်းကာလ၊ အတိုးနှုန်းကင်းလွတ်ခွင့်ဒါမှမဟုတ် လျှော့ချပေးရေးကို နိုင်ငံတော်အနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲတွေမထားဘဲ နိုင်ငံနဲ့ပြည်သူအကျိုးအတွက် ယခုအဆိုကို ဝိုင်းဝန်းအတည်ပြုပေးကြပါရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမောင်းသင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းမှ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်တဲ့ COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်းအလုပ်အကိုင်နဲ့ စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း Micro Finance လုပ်ငန်း လုပ်ကိုင်သောကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည်ပေးသွင်းနေရသောချေးငွေများအား ကိုဗစ်ကိုရင်ဆိုင်တွန်းလှန်

**မူကြမ်း**

နေသည့်ကာလ(Response Period)တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည်ထူထောင်ရေးကာလ(Recovery Period)အတွင်း အတိုးနှုန်းကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိလျှော့ချပေးနိုင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ အမျိုးသားအဆင့်ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးရန်အဆိုကို တင်သွင်းခဲ့ပါတယ်။ ဒီနေ့အစည်းအဝေးမှာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးခြောက်ဦးတို့က ဆွေးနွေးခဲ့ကြပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီးတော့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တို့ထံမှ ဖြေကြားချက်များနဲ့ပေါင်းစပ်ပြီးတော့ ရှင်းလင်းဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ Power Point အသုံးပြုပြီးတော့ တင်ပြခွင့်ပြုပါရန်နှင့် ပြည့်စုံစွာဖြေကြားနိုင်ပါရန်အတွက် အချိန်အနည်းငယ်ပိုမိုခွင့်ပြုပါရန် ပန်ကြားတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ ရည်ရွယ်ချက်အားဖြင့်ကောင်းမွန်ပါတယ်။ မြန်မာနိုင်ငံမှာ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ပေါ်ထွန်းလာခြင်းနှင့်ပတ်သက်ပြီးတော့ ပြန်ပြီးတော့တင်ပြရမယ်ဆိုရင် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှာ အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် ၂၀၁၂ ခုနှစ်ကစပြီးတော့ အသေးစားငွေရေးကြေးရေးလုပ်ငန်း လိုင်စင်များ ခွင့်ပြုပေးခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် မေလအထိဆိုရင် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းပေါင်း ၁၉၃ ဖွဲ့၊ အသင်းဝင်ဦးရေပေါင်း ၅.၇ သန်းကျော်ရှိပါတယ်။ ထုတ်ချေးငွေ လက်ကျန်ငွေအားဖြင့် ကျပ်ဘီလီယံပေါင်း ၂၂၁၇.၂၇၂ ဘီလီယံရှိပြီးတော့ စုဆောင်းငွေလက်ကျန် ၂၉၉.၄၄၆ ဘီလီယံ၊ လုပ်ငန်းလည်ပတ်မတည်ငွေ

၆၇၆.၇၅၉ ဘီလီယံတို့နဲ့ ဝန်ဆောင်မှုပေးနေတဲ့ ကဏ္ဍကြီးဖြစ်ပါတယ်။ ၎င်းတို့ကိုတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီကနေပြီးတော့ ကြီးကြပ်ကွပ်ကဲလျက်ရှိပါတယ်။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၁၉၃ ဖွဲ့အနက် INGO သုံးဖွဲ့၊ NGO က ၁၂ ဖွဲ့၊ ပြည်ပ အဖွဲ့အစည်း ၅၄ ဖွဲ့နဲ့ ပြည်တွင်းအဖွဲ့အစည်း ၁၁၆ ဖွဲ့၊ အစုစပ်ကုမ္ပဏီရှစ်ဖွဲ့တို့ ပါဝင်ပါတယ်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဟာ ၂၀၂၀ ပြည့်နှစ် မတ်လ ဒုတိယအပတ်ကစပြီးတော့ COVID–19 ရောဂါကြောင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍပေါ်မှာ သက်ရောက်မှုတွေကို မျက်ခြေမပျက်စောင့်ကြည့် လေ့လာသုံးသပ်ခဲ့ပြီးတော့ COVID–19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်နေစဉ်ကာလအတွင်းမှာ အမျိုးသားအဆင့်ဗဟိုကော်မတီနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ရဲ့ လမ်းညွှန်ချက် တွေနဲ့အညီ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရန်အချက်များ အသေးစားငွေရေး ကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီရုံးဖြစ်တဲ့ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနက ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်နေ့မှာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီညွှန်ကြားချက်အမှတ်(၂/၂၀၂၀)နဲ့ ထုတ်ပြန်ခဲ့ပါတယ်။ ကျွန်တော် ဒီမှာတင်ပြထားတဲ့ ညွှန်ကြားချက်ဖြစ်ပါတယ်။ ဒီညွှန်ကြားချက်မှာ ဆိုရင် အပိုဒ် ၆ ရဲ့ အပိုဒ်ခွဲ(ဃ)မှာဆိုရင် လူစုလူဝေးနဲ့ချေးငွေထုတ်ချေးတာတွေ၊ ချေးငွေ ကောက်ခံတာတွေ၊ စုငွေလက်ခံတာတွေ၊ အသင်းဝင်လက်ခံတာတွေ၊ ငွေကြေးအသိပညာပေးခြင်း လုပ်ငန်းစဉ်အားလုံးကို ဧပြီလ ၆ ရက်နေ့ကနေပြီး ၃၀ ရက်နေ့အထိလုပ်ဆောင်ခြင်းမပြုဘဲ ခေတ္တ ဆိုင်းထားဖို့ဆိုတဲ့အချက်ပါပါတယ်။

(င)မှာဆိုရင် လုပ်ငန်းခေတ္တဆိုင်းငံ့နေစဉ်ကာလအတွင်းမှာ အသင်းသားတွေ၊ အရေးပေါ် ချေးငွေတွေလိုအပ်လို့ရှိရင် ထုတ်ပေးဖို့တွေ၊ စုဆောင်းငွေတွေပြန်လည်ထုတ်ယူမှုတွေပေးဖို့တွေ၊ ဆန္ဒအလျောက်ချေးငွေပြန်လည်ပေးဆပ်မှုကိုလက်ခံမှုတွေ၊ အခြားအရေးပေါ်တုံ့ပြန်ဆောင်ရွက်ဖို့ လိုအပ်တဲ့ကိစ္စရပ်တွေကိုဆောင်ရွက်ဖို့ ဒါတွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်တွေနဲ့အညီလုပ်ဖို့ဆိုတဲ့ ဝန်ထမ်း အင်အားငါးယောက်ထက်မပိုဘဲနဲ့လုပ်ဖို့ ထည့်သွင်းညွှန်ကြားပါတယ်။ နောက်တစ်ချက်မှာ COVID-19 ရောဂါ ဖြစ်ပွားမှုအကျိုးဆက်ကြောင့် အသင်းဝင်တွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေနဲ့ စီးပွားရေးလုပ်ငန်းလည်ပတ်မှုများ ကျဆင်းနိုင်တဲ့ကာလအတွင်းမှာ အသင်းဝင်များထံက ချေးငွေနဲ့ အတိုးတွေ အတင်းအကျပ်ပြန်လည်ကောက်ခံခြင်းမပြုဘဲနဲ့ ပေးဆပ်ရမယ့်အချိန်ကို အသင်းသားများနဲ့ညှိပြီးတော့ ကောက်ခံဖို့ဆိုတဲ့ (စ)အချက်ကိုပါပါတယ်။ (ဆ)မှာတော့ COVID-19 ရောဂါကာကွယ်ထိန်းသိမ်းတားဆီး ထိန်းချုပ်ရေးလုပ်ငန်းစဉ်များမှာ ဆေးဝါးပစ္စည်းကိရိယာတွေ လှူဒါန်းတာတွေ၊ ရန်ပုံငွေလှူဒါန်းတာတွေကိုလည်း တတ်နိုင်သမျှဆောင်ရွက်ပေးဖို့ဆိုတဲ့ အချက်တွေ ကျွန်တော်တို့ ထည့်သွင်းပြီးတော့ ညွှန်ကြားထားတာရှိပါတယ်။

စောစောက ကျွန်တော်တင်ပြခဲ့တဲ့ အပိုဒ် ၆ အပိုဒ်(စ)မှာ ချေးငွေနဲ့အတိုးတွေကို အတင်း အကြပ်ပြန်လည်ကောက်ခံခြင်းမပြုဘဲနဲ့ ပေးဆပ်ရမယ့်အချိန်ကို အသင်းဝင်တွေနဲ့ညှိနှိုင်းပြီးတော့ ကောက်ခံဖို့ညွှန်ကြားခဲ့ပါတယ်။ စောစောက ကျွန်တော်တင်ပြသလို ပြည်တွင်းအဖွဲ့အစည်း တွေရော၊ ပြည်ပအဖွဲ့အစည်းတွေရော၊ INGO၊ NGO တွေအကုန်လုံးပါဝင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒါတွေကို သက်ဆိုင်ရာ သူတို့ Microfinance ကုမ္ပဏီတွေမှာ ပါဝင်နေတဲ့ အသင်းသားတွေနဲ့ညှိပြီးတော့ အခြေအနေပေါ်မူတည်ပြီးတော့ဆောင်ရွက်ဖို့ ကျွန်တော်တို့ ညွှန်ကြားခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုညွှန်ကြားပြီးတော့ ဆောင်ရွက်နေစဉ်ကာလအတွင်းမှာ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကနေပြီးတော့ ၃-၅-၂၀၂၀ ညွှန်ကြားချက်နဲ့ ဘဏ်တွေနဲ့အာမခံလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဟာ ပြည်သူတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ဝန်ဆောင်မှုလုပ်ငန်းစာရင်းမှာပါဝင်တယ်ဆိုတဲ့ ညွှန်ကြားချက်ထွက်လာပါတယ်။ ဒီညွှန်ကြားချက်အရ ကျွန်တော်တို့ပြင်ဆင်ရမယ့်အချက်တွေကို ပြင်ဆင်ပြီးတော့ ၂၀၂၀ ပြည့်နှစ် မေလ စတုတ္ထပတ်ကစပြီးတော့ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေကို ပြန်လည်ပြီးတော့ ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ဒီမှာ ကျွန်တော်တို့ အပိုဒ် ၅ မှာဖော်ပြထားတဲ့ဘဏ်နဲ့ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းတွေက မရှိမဖြစ်လုပ်ငန်းတွေဖြစ်တဲ့အတွက်ကြောင့် ပြန်လည်လုပ်ဆောင်နိုင်ကြောင်း ညွှန်ကြားချက်နှင့်အညီ ကျွန်တော်တို့လုပ်ငန်းများ ၂၀၂၀ ပြည့်နှစ် မေလ စတုတ္ထပတ်ကစပြီးတော့ ပြန်ပြီးတော့စတင်စေခဲ့ပါတယ်။

COVID-19 ကပ်ရောဂါရဲ့သက်ရောက်မှုကြောင့် ၂၀၂၀ ပြည့်နှစ် ဧပြီလနှင့်မေလမှာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွေကနေပြီးတော့ ချေးငွေအရင်းနဲ့အတိုးကောက်ယူဖို့ အချိန်စေ့ရောက်တဲ့ ချေးငွေပမာဏရဲ့ ၃၀ ရာခိုင်နှုန်းလောက်ပဲ ကောက်ယူရရှိတဲ့ အခြေအနေတွေ့ရှိရပါတယ်။ အဲဒီတော့ MFI တွေအနေနဲ့ ပေးဆပ်ဖို့ပျက်ကွက်နေတဲ့ချေးငွေတွေအတွက်ကို ပြန်လည်ပေးဆပ်ရမယ့်အချိန်ကို အသင်းဝင်တွေနဲ့ညှိနှိုင်းပြီးတော့ သတ်မှတ်ခြင်း၊ ပေးဆပ်ရမယ့်အတိုးတွေကို ရွှေ့ဆိုင်းပေးခြင်း၊ လျှော့ပေါ့ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။ ထို့အပြင် အသင်းဝင်တွေရဲ့တုံ့ဆိုင်းသွားတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနဲ့ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ဖို့ရာ ချေးငွေအသစ်များထုတ်ချေးခြင်းကိုလည်း ဆောင်ရွက်ကြရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၂၀ ပြည့်နှစ် မေလစတုတ္ထပတ်၊ ဇွန်လပထမပတ်တို့အတွင်းမှာ ကြီးကြပ်မှုကော်မတီရဲ့ ညွှန်ကြားချက်အရ ပြည်ထောင်စုနယ်မြေ နေပြည်တော်နဲ့ တိုင်းဒေသကြီး

နှင့် ပြည်နယ်အားလုံးမှာရှိတဲ့ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးတွေအနေနဲ့ ၎င်းတို့နယ်မြေအတွင်းမှာရှိတဲ့ ၎င်းတို့ကြီးကြပ်ကွပ်ကဲရတဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွေကိုခေါ်ယူတွေ့ဆုံပြီးတော့ အသင်းဝင်များထံကနေ ပြီးတော့ ချေးငွေအရင်းနဲ့အတိုးတွေ အတင်းအကြပ်ပြန်လည်ကောက်ခံခြင်းမပြုကြဖို့၊ ချေးငွေပြန်လည်ပေးဆပ်ရမယ့်ရက်ကို အသင်းဝင်တွေနဲ့ညှိနှိုင်းပြီးတော့ ပြန်လည်သတ်မှတ်ဖို့၊ ချေးငွေအသစ်များ ပိုမိုထုတ်ချေးပေးဖို့အတွက် ခေါ်ယူတွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံညှိနှိုင်းပြီးတဲ့နောက် ၃၀-၆-၂၀၂၀ ရက်နေ့အထိ စာရင်းအရ MFI ပေါင်း ၁၉၃ ခု၊ အသင်းသားပေါင်း ၅.၇ သန်းကို ထုတ်ချေးငွေလက်ကျန် ဘီလီယံ ၂၂၀၀ ရှိတဲ့အနက် ပေးဆပ်ရန် အချိန်စေ့ရောက်နေတဲ့ချေးငွေဟာ ကျပ် ဘီလီယံ ၇၀၀ လောက်ရှိပါတယ်။ အဲဒီကာလမှာ ပြန်လည် ကောက်ခံရရှိမှုက ဘီလီယံ ၇၀၀ ထဲက ၁၅၀ ဘီလီယံလောက်ပဲ ကောက်ခံရရှိခဲ့ပြီးတော့ ကျန်တဲ့ ၅၅၀ ဘီလီယံကိုတော့ MFI တွေအနေနဲ့ အသင်းဝင်တွေနဲ့ညှိနှိုင်းပြီးတော့ ရွှေ့ဆိုင်းဆောင်ရွက် ပေးခဲ့ရတာကို တွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက်ကြရာမှာ ချေးငွေပေးဆပ်ဖို့ကာလရွှေ့ဆိုင်း ပေးတာတွေရှိပါတယ်။ အတိုးနှုန်းကိုလည်း တချို့ချေးငွေတွေမှာ လျှော့ပေးတာတွေရှိပါတယ်။ နောက် ချေးငွေပေးဆပ်ရန်ကာလရွှေ့ဆိုင်းတာနဲ့ အတိုးနှုန်းလျှော့တာနဲ့ နှစ်ခုစလုံးကိုလုပ်တဲ့ ကုမ္ပဏီတွေလည်းရှိတယ်ဆိုတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ COVID-19 ကာလအတွင်းမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ကို ၃၀-၆-၂၀၂၀ ရက်နေ့အထိ အသင်းဝင်တွေရဲ့တင်ပြချက်ဖြေရှင်းဆောင်ရွက်ပေးမှု ဒါကို ကျွန်တော် တို့ ဇယားလေးနဲ့ပြုစုပြီးတော့ တင်ပြထားပါတယ်။ ကချင်ပြည်နယ်မှာဆိုရင် ကျွန်တော်တို့ အတိုး၊ အရင်းပေးဆပ်မှုကာလကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ရွှေ့ပေးခဲ့တာရှိပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီးမှာ ဧပြီလနဲ့မေလအတွက် ကျသင့်အတိုးနှုန်း ၅၀ ရာခိုင်နှုန်းဖျက်ပေးခဲ့တာ

ရှိပါတယ်။ မကွေးတိုင်းဒေသကြီးမှာလည်း ဩဂုတ်လအထိ ရွှေ့ပေးတာတို့၊ ဝန်ဆောင်ခတွေကို ဖျက်ပေးတာတို့၊ အတိုးနှုန်းရဲ့ ၅၀ ရာခိုင်နှုန်းကိုဖျက်ပေးတာတို့ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး မှာလည်း အလားတူဖြစ်ပါတယ်။ မွန်ပြည်နယ်မှာလည်း တင်ပြပါအတိုင်းဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှာလည်း ဒီမှာလည်းပဲ အသင်းနဲ့ MFI ကုမ္ပဏီနဲ့ အသင်းဝင်တွေအနေနဲ့ညှိပြီးတော့ အခြေအနေအပေါ်မှာမူတည်ပြီးတော့မှ လိုအပ်တဲ့ကာလအထိ ရွှေ့ပေးတာတို့၊ အတိုးကို ဖျက်ပေးတာတို့၊ လျှော့ပေးတာတို့စသည်ဖြင့် ဒါတွေကို လုပ်ထားတဲ့ဇယားဖြစ်ပါတယ်။

အဲဒီလို အသင်းဝင်တွေထံကနေပြီးတော့ ချေးငွေပြန်လည်ကောက်ခံရရှိမှု ကျဆင်းတာတွေ ရှိပါတယ်။ ချေးငွေပေးဆပ်မှုအချိန်ကို ရွှေ့ပေးရတာတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းတွေမှာလည်း လုပ်ငန်းလည်ပတ်မတည်ငွေရင်း ငွေဖြစ်လွယ်မှု (Liquidity) လျော့နည်းနေတဲ့ အခက်အခဲနဲ့လည်း ကြုံရပါတယ်။ ဒီအခက်အခဲကို ဖြေရှင်းကျော်လွှား ပေးဖို့အတွက်ကို နိုင်ငံတော်အစိုးရကနေပြီးတော့ COVID-19 Economic Relief Plan၊ Action Plan ၂.၁.၁ ဘီအရ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကို ဈေးကွက်အတိုးနှုန်းထက် သက်သာတဲ့အတိုးနှုန်းတစ်ရပ်နဲ့ ကာလတိုသုံးနှစ် ချေးငွေချေးဖို့ဆိုပြီးတော့ နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေရဲ့ အထွေထွေပိုလျှံရန်ပုံငွေထဲကနေပြီးတော့၊ COVID-19 အတွက် ပြန်လည် လွှဲပြောင်းသုံးစွဲမယ့်ငွေထဲကနေပြီးတော့ ကျပ်ဘီလီယံ ၁၀၀ ကို သူတို့ကိုထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ ဒီလို မြန်မာ့စီးပွားရေးဘဏ်ကနေတစ်ဆင့် ထုတ်ချေးပေးရေးဆောင်ရွက်ပေး တဲ့အခါမှာ သူတို့အနေနဲ့လည်းပဲ အသင်းဝင်များ ထံကိုပြန်လည်ပြီးတော့ ထပ်ဆင့်ချေးနိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ အခြေတကျ ဆိုင်ဖွင့်ရောင်းချနေတဲ့ COVID-19 ကြောင့်

ထိခိုက်ခဲ့တဲ့ လက်ဖက်ရည်ဆိုင်ငယ်တွေ၊ စားသောက် ဆိုင်ငယ်တွေ ဒီဟာတွေကိုလည်းပဲ ရင်းနှီးမတည်ငွေ ချေးငွေထုတ်ချေးပေးနိုင်ဖို့အတွက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများက တစ်ဆင့်သုံးပြီးတော့ အတိုးနှုန်းနှစ်ရာခိုင်နှုန်းနဲ့ပဲ ထုတ်ချေးဖို့ ကိုလည်း သူတို့ကိုတာဝန်ပေးထားပါတယ်။ သူတို့အနေနဲ့ နိုင်ငံတော်က သူတို့ကို တစ်ရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးမှာဖြစ်ပြီးတော့ သူတို့ကတော့ အစောက လက်ဖက်ရည်ဆိုင်ငယ်တွေ၊ စားသောက်ဆိုင်ငယ်တွေကို နှစ်ရာခိုင်နှုန်းနဲ့ ချေးပေးရမှာဖြစ်တဲ့အတွက် သူတို့အနေနဲ့ တစ်ရာခိုင်နှုန်းပဲ သူတို့ရရှိမှာဖြစ်ပါတယ်။ ဒါကိုလည်း သူတို့ကိုလုပ်ဖို့ ကျွန်တော်တို့တာဝန်ပေးထားပါတယ်။

နောက်တင်ပြထားတဲ့အတိုင်းပဲ မတည်ငွေရင်းယူတဲ့အပေါ်မှာ ကုန်ကျစရိတ်တွေ(Finance Cost)တွေ ရှိပါတယ်။ ငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် ကုန်ကျတဲ့စရိတ်(Exchange Cost)တွေ ရှိပါတယ်။ Operation Cost တွေရှိပါတယ်။ ချေးငွေဆုံးရှုံးမှုကို လျာထားရတဲ့စရိတ်တွေရှိပါတယ်။ ဒါတွေကိုနှုတ်ပြီးတော့မှ Profit Margins တွေ သူတို့ရှိပါတယ်။ ဒါကို ကျွန်တော်တို့ကော်မတီအနေနဲ့ လေ့လာသုံးသပ်ပြီးတော့မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း မကြာသေးခင်က အတိုးနှုန်း လျှော့ထားတာတွေ ရှိပါတယ်။ ဒါအတွက်ကို ကော်မတီကနေပြီးတော့ ပြန်လည်သုံးသပ်ပြီးတော့ အမြင့်ဆုံးယူနိုင်တဲ့အတိုးနှုန်းကို ကျွန်တော်တို့ပြန်လည်သတ်မှတ်ဖို့ကိုလည်း ဆောင်ရွက်ဖို့စီစဉ် နေတာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ COVID–19 ကာလအတွင်းမှာ ကမ္ဘာ့နိုင်ငံတွေမှာရှိတဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွေရဲ့ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများကို ကျွန်တော်တို့လေ့လာခဲ့ပါတယ်။ လေ့လာခဲ့တဲ့အခါမှာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အသင်းဝင်တွေရဲ့ချေးငွေပြန်လည်ပေးဆပ်မှုကို ရွှေ့ဆိုင်းနိုင်ဖို့အတွက် သက်ဆိုင်ရာနိုင်ငံတွေကနေပြီးတော့ လည်ပတ်မတည်ငွေရင်းကို ကူညီပြီး ဖြည့်တင်းပေးတာတွေ၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွေထဲကနေပြီးတော့ ဘဏ်တွေက

ချေးထားတဲ့ချေးငွေတွေကို ပေးဆပ်ဖို့ကာလကို ရွှေ့ပေးတာတွေ၊ ချေးငွေဆုံးရှုံးမှုလျာထား ချက်(Loan Lost Provision)သတ်မှတ်ချက်တွေကို ဖြေလျှော့ပေးတာတွေ၊ အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်းများက ချေးငွေပိုမိုပြီးတော့ ရယူနိုင်ဖို့အခွင့်အလမ်းတွေကို ဖော်ဆောင် ပေးတာတွေစတဲ့နည်းလမ်းတွေကိုသာ ကျင့်သုံးကြပြီးတော့ Regulator ဖြစ်တဲ့ စည်းမျဉ်းချမှတ်သူ၊ ကြီးကြပ်ကွပ်ကဲ သူအနေနဲ့ အတိုးနှုန်းကို ပယ်ဖျက်ပေးဖို့ သို့မဟုတ် အတိုးနှုန်းလျှော့ပေးဖို့ ဆောင်ရွက်ခြင်းမျိုးတွေ မတွေ့ရပါဘူး။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းကဏ္ဍတစ်ခုလုံး အပေါ်မှာလည်း သက်ရောက်မှု၊ ထိခိုက်မှုရှိနိုင်ပါတယ်။ ပြည်တွင်းပြည်ပမှာရှိတဲ့ ရင်းနှီးမြှုပ်နှံတဲ့သူတွေ၊ ပြည်တွင်းပြည်ပမှာရှိတဲ့ ချေးငွေထုတ်ချေးတဲ့ အဖွဲ့အစည်းများက မြန်မာနိုင်ငံရဲ့စည်းမျဉ်းဥပဒေ ခိုင်မာစွာကျင့်သုံးနိုင်မှုအပေါ်မှာ သံသယ ဖြစ်စေပြီးတော့ အဖွဲ့အစည်းနဲ့အသင်းဝင်များအကြားမှာ အပြန်အလှန်ယုံကြည်မှုများကိုလည်းပဲ ထိခိုက်စေနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါ့အပြင် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ အနေနဲ့ လွတ်လပ်တဲ့ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ ဝင်ငွေနည်း ပြည်သူ တွေနဲ့ အသေးစားနဲ့ အငယ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်တဲ့ရင်းနှီးငွေတွေကို ၎င်းတို့ရဲ့ ကိုယ်ပိုင်မတည်ရင်းနှီးငွေများနဲ့ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေကြတဲ့ အဖွဲ့အစည်းတွေဖြစ်ပါတယ်။ သူတို့ရဲ့လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းအရ ၎င်းတို့နှင့် ငွေချေးယူတဲ့သူတွေကြားမှာ သဘောတူထားတဲ့ချေးငွေစနစ်၊ ချေးငွေသက်တမ်းကာလ၊ အတိုးနှုန်း သတ်မှတ်ချက်စသည်များကို အစိုးရအနေနဲ့ တိုက်ရိုက်ဝင်ရောက် စွက်ဖက်ရန်မသင့်လျော်ပါ။ ချေးငွေလျှော်ပစ်တာ၊ အတိုးလျှော့ပေါ့တာစတဲ့အချက်တွေနဲ့ပတ်သက် ပြီးတော့ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများရဲ့ဆုံးဖြတ်လုပ်ပိုင်ခွင့် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံ အသေးစားငွေးရေးကြေးရေးလုပ်ငန်းများ ကူညီမှုအသင်းကတစ်ဆင့် အသေးစားငွေရေးကြေးရေး

အဖွဲ့အစည်း(MFI)များအနေနဲ့ အသင်းဝင်များနှင့် ညှိနှိုင်းပြီးတော့ ဆောင်ရွက်ကြဖို့ ညွှန်ကြားချက် ထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ COVID-19 ကပ်ရောဂါကြောင့် လူမှုစီးပွားအပေါ်မှာ ထိခိုက်ခဲ့တဲ့ပုံမှန် ဝင်ငွေမရှိတဲ့အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုပေါင်း ၅၄ သိန်းကျော်ကို ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ၊ ကုန်ပစ္စည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် အိမ်ထောင်စုတစ်စုကို ကျပ် ၂၀၀၀၀ နှုန်းနဲ့ ယခုအခါမှာ နှစ်ကြိမ်ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ အစီအစဉ်နဲ့ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ COVID-19 စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ လည်းပဲ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးအခြေအနေ ပေးတာနဲ့အမျှ ကုစားမှုအစီအစဉ်များ ဆက်လက် ပြီးတော့ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစောထွန်းမြအောင် ထည့်သွင်းပြီးတော့ ဆွေးနွေးခဲ့သလို JICA SME Two Step Loan တွေ၊ JICA Agriculture Two Step Loan တွေ ဒါတွေကိုလည်းယူပြီးတော့ သက်သာတဲ့အတိုးနှုန်းတွေနဲ့ ဒီလုပ်ငန်းတွေကို ချေးနေရတာတွေ ရှိပါတယ်။ နိုင်ငံတော်ကရမယ့် လျှပ်စစ်မီတာခတွေဆိုလည်း တောက်လျှောက် ကင်းလွတ်ခွင့်ပေးနေရတာတွေလည်း ရှိပါတယ်။ တချို့ အခွန်ကင်းလွတ်ခွင့်တွေ၊ အခွန်သက်သာခွင့် တွေ၊ အခွန်လျှော့ပေါ့ခွင့်တွေ ဒါတွေကိုလည်း နိုင်ငံတော်ရဲ့ရငွေတွေကို အဆုံးရှုံးခံပြီးတော့ တောက်လျှောက်ကုစားနေတာတွေဟာ COVID-19 ကြောင့် ပြည်သူပြည်သားတွေ စိတ်မသက်မသာ ဖြစ်နေရတဲ့အပေါ်မှာ အတိုင်းအတာတစ်ခုအထိ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးဖို့ နိုင်ငံတော်က ရည်ရွယ်ပြီးတော့ လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေနဲ့ COVID-19 ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်းမှာ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးဗဟိုကော်မတီကို ငွေကျပ် သိန်း ၁၃၀ လှူဒါန်းခြင်း၊ PPE ဝတ်စုံများ လှူဒါန်းခြင်း၊ စာသင်ကျောင်းတွေကို ရေစင်နှင့်

လက်ဆေးကန်များ လှူဒါန်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်မှာ လမ်း၊ တံတား ခင်းပေးခြင်း၊ မသန်စွမ်းသူများအား Wheel Chair များလှူဒါန်းခြင်း စတဲ့လှူဒါန်းခြင်းတွေကို ဆောင်ရွက်ပေးခဲ့ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်မှာ ၁၉-၇-၂၀၂၀ ရက်နေ့က ရေကာတာကျိုးပေါက်ပြီးတော့ ရပ်ကွက်နှင့် ကျေးရွာအချို့ ရေကြီးမှုတွေဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်မှာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက ချေးငွေယူထားတဲ့အသင်းဝင် ၃၉၀၉ ဦးပါဝင်ခဲ့ပါ တယ်။ ရေကာတာကျိုးပေါက်မှုမှာပါဝင်တဲ့ အသင်းဝင်တွေကို အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၁၁ ဖွဲ့ကနေပြီးတော့ အသင်းဝင်တွေပေးဆပ်ရန်ကျန်ရှိတဲ့ချေးငွေတွေကို ပေးဆပ်တဲ့ ကာလရွှေ့ဆိုင်းပေးခြင်း၊ ချေးငွေအသစ်တွေ ပြန်လည်ပြင်ဆင်ပေးခြင်းနှင့် Emergency Loan ထုတ်ချေးခြင်း၊ စားနပ်ရိက္ခာထောက်ပံ့ခြင်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေနဲ့ COVID-19 ဖြစ်ပွား စဉ်ကာလအတွင်းမှာ အသင်းဝင်တွေက ချေးယူထားတဲ့ချေးငွေအပေါ်မှာ အတိုးနှုန်းပယ်ဖျက်ခြင်း၊ လျှော့ချခြင်းလုပ်ငန်းများကို တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ဘဲနဲ့ အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်းများက ၎င်းတို့ရဲ့လုပ်ငန်းဆိုင်ရာမူဝါဒနှင့်အညီ အသင်းဝင်တွေရဲ့အခက်အခဲ အပေါ်မှာမူတည်ပြီးတော့ညှိနှိုင်းဆောင်ရွက်စေခဲ့ပါတယ်။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း များရဲ့လုပ်ငန်းဆောင်ရွက်မှုကို မျက်ခြေမပြတ်စောင့်ကြည့်လေ့လာကြပ်မတ်ကွပ်ကဲသွားမှာ ဖြစ်ပြီး တော့ COVID-19 ကာလဟာလည်း ဘယ်တော့ပြီးဆုံးမယ်ဆိုတာကိုလည်းပဲ မသိနိုင်တဲ့အတွက် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေနဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း များနှင့်တွေ့ဆုံဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့အဆိုရှင်ရဲ့အဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုကို ဝိုင်းဝန်းထောက်ခံဆွေးနွေးပေးခဲ့ကြပါကုန်သော ကိုယ်စားလှယ်တော်ကြီး ခြောက်ဦးနှင့် ပြန်လည်ရှင်းလင်းပေးပါသော ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကိုဗစ်ကာလမှာ ကျွန်တော့်ဒေသအပါအဝင် တစ်တိုင်းပြည်လုံးမှာရှိတဲ့ အသေးစားချေးငွေဖြင့် စီးပွားရေးလုပ်ကိုင်နေတဲ့လူတွေ လုံးဝအဆင်မပြေကြပါဘူး။ လူအိပ် သော်လည်းပဲ အတိုးကမအိပ်တဲ့အတွက် အကြွေးကြောင့် ဒုက္ခရောက်နေတာကို မြေပြင်ကို ဆင်းကြည့်ရင်အားလုံးသိနိုင်ပါတယ်။ ဒါကို ဖြေလျှော့နိုင်ရန်အတွက် အဆိုတင်သွင်းစဉ်ကပင် ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက စိတ်သဘောထားမြင့်မြတ်တဲ့ အသေးစား ချေးငွေ လုပ်ငန်းရှင်အချို့ရဲ့ ချေးငွေဆိုင်းငံ့ထားမှုမျိုးကဲ့သို့ နိုင်ငံတစ်လွှားမှာရှိတဲ့ ခုနဒုတိယဝန်ကြီး တင်ပြသွားတဲ့ အသေးစားချေးငွေလုပ်ငန်းရှင်များက သဒ္ဓါပေါက်ပြီးတော့ ပြည်သူနဲ့အစိုးရကို ကူညီစေချင်တဲ့ဆန္ဒနဲ့ တကယ်လည်းပဲ အသေးစားချေးငွေလုပ်ငန်းရဲ့ ရည်ရွယ်ချက်အောင်မြင် စေချင်လွန်းလို့ ယခုအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော့်အဆိုဟာ နိုင်ငံတော်က တာဝန်ရှိသူများအနေဖြင့် အခုလို ပြည်သူတွေဒုက္ခရောက်နေတဲ့အချိန်မှာ အသေးစားချေးငွေ လုပ်ငန်းရှင်များပါ အစိုးရနဲ့အတူ ပါဝင်ကူညီလာနိုင်ရန်အတွက် ညှိနှိုင်းပေးရန်သာဖြစ်ပါတယ်။ နိုင်ငံတော်က တစ်ပြားတစ်ချပ်မှ စိုက်ထုတ်ပေးရန်လုံးဝမပါပါဘူး။ ထို့အတွက်ကြောင့် ညှိနှိုင်း တယ်ဆိုတဲ့နေရာမှာလည်းပဲ တစ်ဘက်ကလုံးဝစီးပွားရေးလုပ်ကိုင်လို့ မပြေလည်သေးသည့် အတွက်ကြောင့်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တော်ကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၈ နည်းဥပဒေခွဲ(ဃ)၊ (င)မှာဖော်ပြတဲ့အတိုင်း ပြန်လည်ရှင်းလင်းဖို့မဟုတ်ပါဘူး။ သဘောထားတင်ပြရင် ရပါပြီ။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ သို့ပါ၍ နှစ်ဦးနှစ်ဘက် ရှည့်လည်းလျှောက်သာ ပျားလည်းစွဲသာအတိုင်း ညှိနှိုင်းပေးဖို့ဖြစ်ပါတယ်။ အဲဒီလိုညှိနှိုင်းပေးမည် ဆိုပါက အစိုးရက ကိုဗစ်ကာလအတွင်းမှာ အခုလိုထောက်ပံ့ကြေးပေးနေတာထက် ပြည်သူတွေကို အကျိုးရှိနိုင်ပါသဖြင့် ကျွန်တော့်အနေဖြင့် ကျွန်တော့်ရဲ့အဆိုအား အတည်ပြုပေးပါရန် အသေးစား ချေးငွေယူပြီး အကြွေးဝန်ပိနေကြတဲ့ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်ခြောက်ဦးကဆွေးနွေးပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနကအဆိုအား မှတ်တမ်းတင်ထားသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဆိုရှင်ရဲ့ သဘောထားကွဲလွဲတဲ့အတွက် ဒေါက်တာဦးမောင်သင်း တင်သွင်းသွားတဲ့အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် မတ်တပ်ရပ်၍ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုကိုထောက်ခံပါက မိမိနေရာတွင် မတ်တပ်ရပ်၍ ဆန္ဒပြုကြရန်ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ်မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံ ဆန္ဒမဲများလျှင် အဆိုရှင်ရဲ့ အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဝန်ကြီးဌာနရဲ့ မှတ်တမ်းတင်ရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ မတ်တပ်ရပ်၍ဆန္ဒပြုပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ မတ်တပ်ရပ်၍ ဆန္ဒပြုနိုင်ကြပါပြီ။

အားလုံးထိုင်နိုင်ကြပါပြီ။ ယခုဆန္ဒပြုလို့ပြီးပါပြီ။ ရရှိတဲ့စာရင်းကိုကြေညာပါ့မယ်။ ထောက်ခံဆန္ဒပြုသူ ၁၂၅ ဦးနဲ့ ကန့်ကွက်ဆန္ဒပြုသူ ၂၂၀ ဦးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဒေါက်တာမောင်သင်းတင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်မည်ဖြစ်ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဒေါက်တာမောင်သင်းတင်သွင်းတဲ့အဆိုကို ဝန်ကြီးက ရှင်းလင်းပြီးတဲ့ နောက်ပိုင်းမှာ အဆိုရှင်ရဲ့သဘောထားမေးမြန်းလို့ ဒေါက်တာမောင်သင်း ပြန်လည်ရှင်းလင်းချက်မှာ ဥက္ကဋ္ဌအနေနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရဆိုပြီး ဆွေးနွေးမှုကို တားမြစ်တဲ့ သဘောတွေ့ရပါတယ်။ အလားတူပဲ ပြီးခဲ့တဲ့ရက်ပိုင်းက ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က အဆိုရှင်ရဲ့သဘောထား မေးမြန်းတဲ့အခါမှာလည်း ဆွေးနွေးချက်ကို တားမြစ်တဲ့သဘော တွေ့ရပါတယ်။ ဒါဟာစေတနာနဲ့ ကျွန်တော်တင်ပြတာပါ။ နည်းဥပဒေ ၁၇၀နည်းဥပဒေခွဲ(င)မှာ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်ကလည်း ပြန်လည်ရှင်းလင်းသည့်သဘောဖြင့် နောက်တစ်ကြိမ် ဆွေးနွေးပိုင်ခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးရဲ့ ဆွေးနွေးချက်နောက်ပိုင်းမှာ အဆိုတင်သွင်းတဲ့ကိုယ်စားလှယ်ဟာ သဘောထားပြောရုံတင်မကဘဲနဲ့ သူဆွေးနွေးစရာရှိတာကို ဆွေးနွေးခွင့် Time Limit ရှိတယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကြီးလည်း မကြာခင် ပိတ်သိမ်းတော့မှာဖြစ်တဲ့အတွက် ဒီဥပဒေ၊ နည်းဥပဒေကို အမှန်ထင်ပြီးဆက်ကျင့်သုံးသွားမှာစိုးလို့ ဖော်ပြထားတဲ့ နည်းဥပဒေ ၁၇၀ နည်းဥပဒေခွဲ(င)မှာတော့ အဲဒီအတိုင်းဖြစ်တဲ့အတွက် ဒါလေးကို မှတ်တမ်းတင်ပေးဖို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို အစောတုန်းက တားရတဲ့အကြောင်းရင်းကတော့ ဥပဒေပုဒ်မခွဲတစ်ခုတည်းမဖတ်ပါနဲ့။ ဥပဒေ၊ နည်းဥပဒေ(ဃ)နဲ့(င)ကို ဆက်စပ်ပြီးဖတ်ဖို့လိုပါတယ်။ အဲဒါကြောင့် အဆိုတင်သွင်းတဲ့သူကို စပြီးတင်သွင်းစဉ်ကတည်းက (၁၀)မိနစ်အပြည့်ပေးထားပါတယ်။ ဒီဥပဒေရဲ့သဘောတရားအရ နည်းဥပဒေခွဲ(ဃ)ကိုအရင်ဖတ်ပါ။ နည်းဥပဒေခွဲ(ဃ)ကိုဖတ်ပြီးမှ နောက်ထပ် issue တစ်ခုပေါ်လာတယ်ဆိုတဲ့အချိန်ကျမှ နည်းဥပဒေခွဲ(င)ကိုမိမိတို့အနေနဲ့ ခွင့်ပြုနိုင်မှာဖြစ်ပါတယ်။ အခုက နည်းဥပဒေခွဲ(ဃ)နဲ့ (င)ဆက်စပ်ပြီးဖတ်ရမှာဖြစ်ပါတယ်။ ကောင်းပါပြီ။ ခွင့်မပြုတော့ပါဘူး။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ယနေ့ပြီးဆုံးမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁၀၇ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၃၃၈ ခု ဖြေကြားခြင်းများဆောင်ရွက်ခဲ့ပါတယ်။ အရေးကြီးအဆိုတစ်ခုအပါအဝင် အဆို ၁၃ ခုတင်သွင်းခဲ့ပြီး အတည်ပြုအဆို ငါးခု၊ မှတ်တမ်းတင်အဆို သုံးခု၊ လက်ခံဆွေးနွေးရန်မရှိ အဆိုတစ်ခုနဲ့ ဆက်လက်ဆွေးနွေးရန် ကျန်ရှိအဆိုလေးခုတို့ဖြစ်ပါတယ်။ ဆွေးနွေးဆောင်ရွက်ခဲ့တဲ့ ဥပဒေကြမ်း ၂၀ ခုရှိပြီး ဥပဒေကြမ်းရှစ်ခုကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၂ ခု ကျန်ရှိပါတယ်။

ယခုအစည်းအဝေးကာလအတွင်း တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးကတိသစ္စာပြုခြင်း၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏ သက်တမ်းတိုးမြှင့်ခြင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့အား ကော်မတီများတွင် အဖွဲ့ဝင်များအဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး အား

ကော်မတီများတွင် လေ့လာသူများအဖြစ် အစားထိုးလဲလှယ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပဋိဇီဝ ဆေးများဝယ်ယူထောက်ပံ့ဖြန့်ဖြူးရေးစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာကိုလည်း အတည်ပြုနိုင်ခဲ့ပါတယ်။ သုတေသနဆိုင်ရာဆောင်ရွက်ချက်များအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် များ၏ တစ်ဦးချင်းစုံစမ်းမေးမြန်းမှုရှစ်ခု၊ ပြန်ကြားပေးခြင်းနဲ့ သုတေသနစာတမ်းတို ၁၇ ခုကို ဖြန့်ဝေနိုင်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့နိုင်ငံဟာ ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မကြာမီကာလအတွင်းမှာ ကျင်းပတော့မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲဟာ ဒီမိုကရေစီရဲ့ အခြေခံရေသောက်မြစ်ဖြစ်ပါတယ်။ ဒီမိုကရေစီအုတ်မြစ်ခိုင်မာဖို့နဲ့ ပိုမိုအားကောင်းစေဖို့အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများကလည်း စည်းကမ်းနှင့်အညီ မပျက်မကွက် ဆန္ဒမဲပေးကြဖို့ တိုက်တွန်းအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း မိမိတို့မဲဆန္ဒနယ်မြေအသီးသီးမှာ ရွေးကောက်ပွဲဥပဒေနဲ့အညီ တရားသောနည်းနဲ့ယှဉ်ပြိုင်အနိုင်ယူပြီး ပြည်သူ့အကျိုး၊ တိုင်းပြည်အကျိုးကို ဆက်လက်ထမ်းပိုးဆောင်ရွက်သွားကြဖို့ တိုက်တွန်းအပ်ပါတယ်။

ကိုယ်စားလှယ်များရဲ့အပြန်ခရီးများ သာယာဖြောင့်ဖြူးကြပါစေ။ ပြည်သူက လေးစားတန်ဖိုး ထားရတဲ့ ကိုယ်စားလှယ်ကောင်းများဖြစ်ကြပါစေ။ နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်ကြပါစေ။ ကိုယ်စားလှယ်များရဲ့ဆန္ဒနဲ့ဘဝရည်မှန်း ချက်များအားလုံး အောင်မြင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပ ပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃:၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၃:၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ (၂၇.၈.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



Dr Min Ye Paing Hein | U Thaung Aye




U Kyi Min | Daw Khin Hnin Thit



U Myint Kyaing | Daw Khin Than Nu



U Tin Myint | U Lagan Zel Gyone



U Tin Myint | U Thein Tan



U Tin Myint | U One Hla

-

pyithu.hluttaw.mm



Dr Mya Lay Sein



Daw Khin Saw Wai

pyithu.hluttaw.mm



Dr Mya Lay Sein



U Aung Than Sein

pyithu.hluttaw.mm



Dr Mya Lay Sein



Dr Khin Soe Soe Kyi

pyithu.hluttaw.mm



Dr Mya Lay Sein



Dr Than Aung Soe

pyithu.hluttaw.mm



Dr Mya Lay Sein



U Ar Moe Si

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်